နိဗ္ဗာန သစ္စိကိရိယာ စ ဧတံ မင်္ဂလ မုတ္တမံ၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုရခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်၊ ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၁)၊ အမှတ်(၈၉)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အီရန်သမ္မတထံ စာနာထောက်ထားကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဒီဇင်ဘာ ၂၇

အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံတွင် ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်က ကျရောက်ခဲ့သော ကြီးမားသည့်ငလျင်ဘေးဒဏ်ကြောင့် အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရခြင်းအတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာဆရစ်မိုဟာမက် ခါတာမီထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အီရန်ပထမ၊ဒုတိယသမ္မတထံ စာနာထောက်ထားကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဒီဇင်ဘာ ၂၇

အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံတွင် ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်က ကျရောက်ခဲ့သော ကြီးမားသည့်ငလျင်ဘေးဒဏ်ကြောင့် အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရခြင်းအတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ ပထမ၊ ဒုတိယသမ္မတ မစ္စတာမိုဟာမက်ရီဇာအာရက်ဖ်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

တစ်ခုတည်းသော အမိနိုင်ငံတော်ကြီးကို ဝိုင်းဝန်းတည်ဆောက်၊ ဝိုင်းဝန်းကာကွယ်

တို့နိုင်ငံဟာ ကိုလိုနီနယ်ချဲ့ရဲ့လက်အောက်ကို ရောက်ခဲ့စဉ်က နယ်ချဲ့ရဲ့ အစီအစဉ်တကျ သွေးခွဲမှုကို ခံခဲ့ရတယ်။ ဒါကြောင့် လွတ်လပ်ရေးနဲ့အတူ အချင်းချင်း လက်နက်ကိုင်တိုက်ခိုက်မှုတွေ ပေါ်ပေါက်ခဲ့ပြီး နိုင်ငံတော်ဟာ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုအပိုင်းမှာ နောက်ကျခဲ့ရတယ်။ တပ်မတော်အစိုးရ လက်ထက်မှာ အမျိုးသားပြန်လည်စည်းလုံးမှုကို ရခဲ့တာကြောင့် နိုင်ငံတော်ဟာ အရှိန်အဟုန်နဲ့ဖွံ့ဖြိုးတိုးတက်လာတာဖြစ်တယ်။ နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်မှုဟာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပေါ်မှာ လုံးဝတည်မှီနေကြောင်း ထင်ရှားတဲ့ လက်တွေ့သာဓကဖြစ်တယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲသွားခဲ့မယ်ဆိုရင် နိုင်ငံတော်အတွင်း သွေးချောင်းစီးပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟာ ကမ္ဘာ့မြေပုံပေါ်က ပျောက်ကွယ်သွားသည်အထိ ဆိုးရွားသွားနိုင်တယ်။

ဒါ့ကြောင့် နိုင်ငံတော်အတွင်း တိုင်းနဲ့ပြည်နယ်အားလုံးမှာ အတူတကွ စုပေါင်းနေထိုင်ကြတဲ့ တိုင်းရင်းသားသွေးချင်းတွေက တိုင်းနဲ့ပြည်နယ် ၁၄ ခုနဲ့ ဖြစ်တည်နေတဲ့ တစ်ခုတည်းသော အမိနိုင်ငံတော်ကြီးကို ဝိုင်းဝန်းတည်ဆောက်ကြဖို့၊ ဝိုင်းဝန်းကာကွယ်ကြဖို့ လိုအပ်တယ်။ ဒါဟာ ပြည်ထောင်စုစိတ်ဓာတ်ပဲ ဖြစ်တယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄) သင်တန်းဆင်းပွဲမိန့်ခွန်းမှ–

နိုင်ငံတော်ဝန်ကြီးချုပ်၏မူဝါဒလမ်းစဉ်ခုနစ်ရပ် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ထောက်ခံ အမျိုးသားညီလာခံ မပျက်မကွက်တက်ရောက်မည်

ရန်ကုန် ဒီဇင်ဘာ ၂၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရှမ်းပြည်နယ်(တောင်ပိုင်း)အထူးဒေသ(၆) P.N.O ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ခမ်းထီ၊ ဒုတိယဥက္ကဋ္ဌဦးခင်ကျော်ညိုနှင့်အဖွဲ့အား ယနေ့ ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆) P.N.O ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ခမ်းထီ၊ ဒုတိယဥက္ကဋ္ဌ ဦးခင်ကျော်ညိုနှင့်အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် တိုင်းရင်းသားခေါင်းဆောင်များက မိမိတို့အဖွဲ့အနေဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်၏ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို ကြိုဆိုထောက်ခံပါကြောင်းနှင့် အမျိုးသားညီလာခံကိုလည်း မပျက်မကွက် တက်ရောက်ကြမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းရင်းသားခေါင်းဆောင်များက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်း၊ တံတားလုပ်ငန်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။ **(သတင်းစဉ်)**

ယနေ့ထုတ်စောင်ရေ – ၂၀၂၄၉၁

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်)

လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး နိုင်ငံသားအားလုံး ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်

ပြည်ထောင်စုမြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကပင် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာရပ်တည်လာခဲ့သည်။ မြန်မာတို့သည် သမိုင်းအစဉ်အလာကြီးမားပြီး ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားသူများဖြစ်ကြရာ သမိုင်းစဉ်တစ်လျှောက်တွင် တိုင်းတစ်ပါးက ထိပါးကျူးကျော်လာမှု မှန်သမျှကို ခေါင်းငုံ့မခံဘဲ ရွပ်ရွပ်ချွံချွံ တွန်းလှန်ခဲ့ကြသည့် အစဉ်အလာရှိသည်။

သို့ရာတွင် ကျူးကျော်လိုသူ ကိုလိုနီနယ်ချဲ့တို့က မြန်မာနိုင်ငံကို ကျူးကျော်စစ်သုံးကြိမ် ဆင်နွှဲကာ မတရားသိမ်းပိုက်မှုကြောင့် မြန်မာ့အချုပ်အခြာအာဏာ ဆုံးရှုံးခဲ့ရဖူးသည်။ ကိုလိုနီနယ်ချဲ့တို့က မြန်မာနိုင်ငံကို စိုးမိုးအုပ်ချုပ်ခဲ့ကြသော်လည်း သူ့ကျွန်မခံလိုသူ တိုင်းရင်းသားမျိုးချစ်ပုဂ္ဂိုလ်အပေါင်းတို့က နယ်ချဲ့တို့အား နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဘက်ပေါင်းစုံမှ တွန်းလှန်ဆန့်ကျင်သည့် တိုက်ပွဲများကို ဆက်လက်ဆင်နွှဲခဲ့ကြသည်။

တိုင်းရင်းသားညီအစ်ကိုတို့က ပြည်ထောင်စုစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်တို့ကို အရင်းတည်၍ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲစဉ်များကို သက်စွန့်ကြိုးပမ်းပါဝင်ဆင်နွှဲခဲ့ကြရာ ၁၉၄၈ခုနှစ် ဇန်နဝါရီလ၄ရက်နေ့တွင် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတော်အဖြစ် ပြန်လည်ရောက်ရှိလာခဲ့သည်။ မြန်မာ့ဇာတိသွေး၊ ဇာတိမာန်ဖြင့် အသက်၊ သွေး၊ ချွေးပေါင်းများစွာ ရင်းနှီးရယူခဲ့ရသည့် ဤလွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကြောင်းကို မြန်မာပြည်သူတစ်ရပ်လုံးက အစဉ်သတိရနေကြသည်။ နိုင်ငံသူ၊ နိုင်ငံသားအားလုံးက အချုပ်အခြာအာဏာပိုင် လွတ်လပ်သော နိုင်ငံတော်၊ လွတ်လပ်သောလူမျိုး၏ ဘဝကို အလေးအနက်တန်ဖိုးထား၍ ထိန်းသိမ်းစောင့်ရှောက်ကြရမည် ဖြစ်ပေသည်။

နိုင်ငံတော်က မကြာမီကျရောက်တော့မည့်၂၀၀၄ခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို နိုင်ငံရေး အနှစ်သာရရှိရှိ ကျင်းပနိုင်ရေးအတွက် အောက်ပါအမျိုးသားရေးဦးတည်ချက်လေးရပ်ကို ချမှတ်ထားသည်။

(က) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲလက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး၊

(ခ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးအတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊

(ဂ) ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

(ဃ) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

ယင်းဦးတည်ချက်များသည် တိုင်းရင်းသားပြည်သူအားလုံးက နိုင်ငံတော်အတွက် အဓိကပါဝင်ဆောင်ရွက်ကြရမည့် အမျိုးသားရေးတာဝန်များဖြစ်သည်။ နိုင်ငံသူ၊ နိုင်ငံသားအားလုံးက မိမိတို့၏ဘိုးဘွားများ အစဉ်အဆက်က ရယူပေးခဲ့သည့် လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ အစဉ်တည်တံ့ခိုင်မြဲစေရန် ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်ကြရမည့်တာဝန်များ ဖြစ်ပေသည်။

ယနေ့ကာလသည် နိုင်ငံတော်အစိုးရက ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသော အချိန်အခါ ဖြစ်သည်။ နိုင်ငံတော် တစ်ဝန်းလုံး နယ်စပ်ဒေသများပါမကျန် ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်စေရေးအတွက် အခြေခံအဆောက်အအုံ တည်ဆောက်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ အရှိန်အဟုန်ရလျက်ရှိသည်။

ယခုအခါ နိုင်ငံတော်၏ စီးပွားရေး ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ၂၀၀၁-၂၀၀၂ခုနှစ်မှ ၂၀၀၅-၂၀၀၆ခုနှစ်အထိ တတိယကာလတို ငါးနှစ်စီမံကိန်းကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ စီမံကိန်းကာလအတွင်း စိုက်ပျိုးရေး၊ စက်မှု၊ လျှပ်စစ်၊ စွမ်းအင်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေး၊ လယ်ယာ၊ သားငါးကဏ္ဍများတွင် ပြည်တွင်းသုံးစွဲမှု ဖူလုံရေးနှင့် ပြည်ပပို့ကုန် တိုးချဲ့တင်ပို့နိုင်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်လာစေရေး ရည်မှန်းချက်များကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကာကွယ်ရင်း ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းများတွင် အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မဖိတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၇

မြန်မာနိုင်ငံ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း (၁၁)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ဒီဇင်ဘာ ၂၄ ရက် ညနေ ၅ နာရီက ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်တွင်ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းချုပ် နာယကများ၊ဥက္ကဋ္ဌဦးဝင်းမြင့်၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးဦးဆောင်ညွှန်ကြားရေးမှူးဦးမင်းလှအောင်၊ အသင်းချုပ် ဗဟိုအလုပ် အမှုဆောင်များ၊ အလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း အသင်းသူအသင်းသားများနှင့်ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းဥက္ကဋ္ဌ ဦးထွန်းအောင် **(အပေါ်ပုံ)**က အဖွင့်အမှာစကား ပြောကြားပြီးနောက် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှာစကား ပြောကြားသည်။

အတည်ပြုချက်ရယူ

ထို့နောက် အလုပ်အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို အတည်ပြုချက်ရယူပြီးနောက် သဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သိရသည်။ **(က-ပ)**

အဘိဓမ္မာစာမေးပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၇

ရွှေတိဂုံစေတီတော်(စနေထောင့်) ရွှေတောင်ငွေတောင် တန်ဆောင်းရှိ နိကာယ်ငါးရပ်ဝင် ဓမ္မသာကစ္ဆာအဖွဲ့ချုပ်၏ (၂၁)ကြိမ်မြောက် အဘိဓမ္မာနှင့် ဋီကာကျော်စာမေးပွဲကို ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၁၀ ရက်မှ ၁၂ ရက်အထိ သုံးရက်တိုင်တိုင် မွန်းတည့် ၁၂နာရီတွင် ရန်ကင်းမြို့နယ် ကံဘဲ့ ပဋ္ဌာန်နိကာယသာသနာ့ဗိမာန်ကျောင်းတိုက်တွင် ကျင်းပမည်ဖြစ်သည်။

ဖြေဆိုလိုသူများသည် ဒုတိယဥက္ကဋ္ဌ ဦးခင်ကြည် အမှတ်(၁) ဘူတာရုံလမ်း ဘောက်ထော် ရန်ကင်းမြို့နယ်နှင့် တွဲဖက်အတွင်းရေးမှူး ဒေါ်နီနီဝင်း (မဟာသိမ်တော်ကြီးသင်တန်း၊ ပန်းဘဲတန်းမြို့နယ်)တို့သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အလက(၃)ပခုက္ကူ ဒုတိယအကြိမ် အာစရိယပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၂၇

အလက(၃)ပခုက္ကူ (ယခင်မက်သဒစ်)ကျောင်း အငြိမ်းစား ဆရာဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၀၄ခုနှစ် ဇန်နဝါရီ ၁၇ရက်နှင့် ၁၈ရက်တွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ရပ်ဝေးရပ်နီးမှ ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် ဦးကျော်ဌေး(ရန်ကုန်) ဖုန်း ၀၁-၇၂၁၉၂၁၊ ဦးနေလ(ပခုက္ကူ) ဖုန်း-၀၆၂-၂၁၉၀၉၊ဦးမြင့်နိုင်(မန္တလေး) ဖုန်း-၀၂-၃၉၀၇၅ နှင့် ဦးအောင်တင့် ကျော် ဖုန်း-၀၆၂-၂၁၅၆၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ထီးသုံးနန်းလာဂါထာတော်များ စာအုပ်ထုတ်ဝေ

ရန်ကုန် ဒီဇင်ဘာ ၂၇

သက်ထက်စန်း၏ ထီးသုံးနန်းလာဂါထာတော်များ စာအုပ်ကို တော်ဝင်မြို့မစာအုပ်တိုက် အမှတ် (၇၇) ၃၈ လမ်း ကျောက်တံတားမြို့နယ် ဖုန်း-၃၇၉၅၇၃ က ဖြန့်ချိသည်။**(အပေါ်ပုံ)** **(က-ပ)**

ကြည့်ရှုအားပေး

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားအပြီးတွင် စိန်ရတုခန်းမ တတိယထပ်၌ ခင်းကျင်းပြသထားသည့် အခြေခံပညာ ကျောင်းသား ကျောင်းသူများ၏ ကွန်ပျူတာနည်းပညာ စွမ်းရည်ပြသမှုကို ကြည့်ရှုအားပေးကြစဉ်။ (မြန်မာ့အလင်း)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

● **ကျောဖုံးမှ**

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌများဖြစ်ကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ မြန်မာနိုင်ငံ ပညာရေးကော်မတီဝင်များ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ပညာရေးစုံညီပွဲတော်ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်အဖွဲ့များမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဥက္ကဋ္ဌများ၊ တက္ကသိုလ်နှင့် ကောလိပ်များမှ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ ရန်ကုန်တိုင်းအတွင်းရှိ စည်ပင်သာယာရေးနယ်နိမိတ်မှမြို့နယ်ပညာရေးမှူးများ၊ အထက်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ အလှူရှင်များ၊ နိုင်ငံတကာပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသားကျောင်းသူများ၊ ပန်းချီ၊ စာပေနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတို့တွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုကြိုဆို

မြန်မာနိုင်ငံပညာရေး ကော်မတီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နံနက် ၇နာရီမိနစ် ၅၀တွင် ၂၀၀၃-၂၀၀၄ပညာသင်နှစ်ပညာရေးစုံညီပွဲတော်ဖွင့်ပွဲအခမ်းအနားကျင်းပသည့်စိန်ရတုခန်းမသို့ ရောက်ရှိလာရာ ကျောင်းသားကျောင်းသူများက **"မြန်မာ့ကျောင်း"**သီချင်းဖြင့် သီဆိုဂုဏ်ပြုကြိုဆိုကြသည်။

၂၀၀၃-၂၀၀၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် ရှေ့ဦးစွာအခမ်းအနားမှူးများဖြစ်ကြသော စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှသတ္တမတန်းကျောင်းသူ မရတနာအေးမင်းက မြန်မာဘာသာဖြင့်လည်းကောင်း၊ သတ္တမတန်းကျောင်းသူ နော်မေရီက အင်္ဂလိပ်ဘာသာဖြင့်လည်းကောင်း အခမ်းအနားအစီအစဉ်များကို အလှည့်ကြဖတ်ကြား ကြေညာကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ပြည်နယ်နှင့်တိုင်းများကို ကိုယ်စားပြု၍ ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူ ၁၄ဦးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ကျောင်းသားကျောင်းသူများက မိုးပျံပူဖောင်းများကို လွှတ်တင်ကြသည်။

ထို့နောက် ကျောင်းသားကျောင်းသူများက ဖိုးသကြန်မြန်မာ့ဆိုင်းအဖွဲ့နှင့်တွဲဖက်၍ သီရိရတနာသီချင်းဖြင့် သီဆိုတင်ဆက်ကြသည်။

ဆက်လက်၍ တာမွေမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှကျောင်းသူလေးများက **"အောင်ပန်းဝေဝေ အောင်ပါစေ"** အကဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ယင်းနောက် ဗိုလ်တထောင်မြို့နယ်အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းမှကျောင်းသားများ၏ နိုင်ငံတော်အလံကိုင်တပ်ဖွဲ့နှင့်မင်္ဂလာတောင်ညွန့်မြို့နယ်အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူများ၏ ဘင်ခရာအဖွဲ့တို့ ချီတက်ကြပြီး ကမာရွတ်မြို့နယ်အမှတ်(၂)အခြေခံပညာ မူလတန်းကျောင်းသူလေးများက **"စုံစုံလင်လင် ဆွမ်းအုပ်အသွင်"** အကဖြင့် ကပြဧည့်ခံခြင်း၊ ကမာရွတ်မြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ကာယလေ့ကျင့်ခန်းများ သရုပ်ပြခြင်း၊ လှိုင်မြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူလေးများက ကျောက်ဆစ် လက်ရာမွန်တို့ အနုပညာအကဖြင့် ကပြဧည့်ခံခြင်း၊ တာမွေမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများ၏ ပြည်နယ်နှင့် တိုင်း အလံကိုင်တပ်ဖွဲ့နှင့် ကြည့်မြင်တိုင်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူများ၏ ဘင်ခရာအဖွဲ့တို့ ချီတက်ခြင်း၊ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ၏ ကျန်းစု နှစ်ဖက်သွားခား လေ့ကျင့်ခန်းသရုပ်ပြခြင်း၊ ဒဂုံမြို့နယ် အမှတ်(၃)အခြေခံ ပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ကဗျာလွတ်အကဖြင့် ကပြဧည့်ခံခြင်း၊ ရန်ကင်းမြို့နယ် အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်းမှ ကျောင်းသူများ၏ ပညာရေး အလံကိုင်တပ်ဖွဲ့နှင့် စမ်းချောင်းမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းမှ မူလတန်းဘင်ခရာအဖွဲ့တို့ ချီတက်ခြင်း၊ သင်္ဃန်းကျွန်းမြို့နယ် အမှတ်(၈)အခြေခံပညာ မူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက မြန်မာ့ရိုးရာ ကလေးကစားနည်း **"ရွှေစွန်ညို"** သရုပ်ဖော်တင်ဆက်ခြင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူများက **"သုံးခေတ်ဖြတ်သန်း ကကွက်ဆန်း"**တေးသီချင်းဖြင့် ကပြတင်ဆက်ခြင်း၊ ကမာရွတ်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများ၏ ပညာရေးစုံညီပွဲတော် အလံအဖွဲ့နှင့် ကျောက်တံတားမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများ၏ ဘင်ခရာအဖွဲ့တို့ ချီတက်ခြင်း၊ ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက**"ရုပ်ကြီးစင်သူငယ်တော်အက"**ဖြင့် ကပြတင်ဆက်ခြင်း၊ ဒဂုံမြို့နယ် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက**"ကရင်ဒုံးယိမ်း"**ဖြင့် ကပြဧည့်ခံခြင်း၊ ဗဟန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများ၏ ကျောင်းကောင်စီ အလံကိုင်တပ်ဖွဲ့နှင့် မြောက်ဥက္ကလာပ (ရွှေပေါက်ကံ) အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ၏ ဘင်ခရာအဖွဲ့တို့ ချီတက်ခြင်းများပြုလုပ်ကြပြီး ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုစစ်ဆေးအားပေး

ဖွင့်ပွဲ အခမ်းအနား အပြီးတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် စိန်ရတုခန်းမ တတိယထပ်၌ ခင်းကျင်းပြသထားသည့် e-Education in Myanmar 2004 ပြပွဲတွင် Harnessing ICT Through Education ဆောင်ပုဒ်ဖြင့် အခြေခံပညာ ကျောင်းသားကျောင်းသူများ၏ ကွန်ပျူတာနည်းပညာ စွမ်းရည်ပြသမှုတို့ကို ကြည့်ရှုစစ်ဆေး အားပေးကြသည်။

ဆက်လက်၍ အဆိုပါ ပြပွဲ၌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က မြန်မာ့ပညာရေးမျှော်မှန်းချက်၊ မြန်မာ့ပညာရေးဆောင်ပုဒ်၊ ပညာရေးကဏ္ဍ၌ ICTနည်းပညာနှင့် အင်တာနက်ကို အသုံးပြုလျက် ပညာရေးလုပ်ငန်းများ ပိုမိုကျယ်ပြန့်အောင် ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ပြည်နယ်နှင့် တိုင်းများသို့ e-Education Learning Centre များမှတစ်ဆင့် ပညာရေးသင်ခန်းစာများ ထုတ်လွှင့်ပို့ချမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ပညာရေးကဏ္ဍနှင့် ပတ်သက်သည့် အခြေအနေများကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် Forever Group ၏ Enterprise Learning Management Softwareနှင့်Rural Development Through e-Education ပြကွက်၊ ရန်ကုန်တက္ကသိုလ်၏ IT ပြကွက်၊ Inforithm Maze ပြကွက်၊ Cyber English Centre ပြကွက်၊ ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း၏ မူလတန်းဆင့် ဘဝတွက်တာ ကျွမ်းကျင်စရာ သင်ခန်းစာများပြကွက်၊ Queen Star Computer Centre ပြကွက်၊ Myanmar Millennium Groupပြကွက်တို့တွင် ကျောင်းသားကျောင်းသူများ၏ Power Point ဖြင့် ရှင်းလင်းတင်ပြမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး စိန်ရတုခန်းမမှ နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

ရေးဆွဲယှဉ်ပြိုင်

ပညာရေးစုံညီပွဲတော် အထိမ်းအမှတ်အဖြစ် တိုကီဝါရောင်စုံခဲတံလက်တွေ့ပန်းချီပြိုင်ပွဲကို ယနေ့ နံနက် ၉နာရီမှ မွန်းတည့် ၁၂ နာရီအထိ စိန်ရတုခန်းမဝင်းရှိ အဆောက်အအုံငယ်၌ ကျင်းပရာ အခြေခံပညာ ကျောင်းသားကျောင်းသူ ၈၂ ဦးတို့က **"စုံညီပွဲတော် တို့နွဲပျော်"** နှင့် သတ်မှတ်ခေါင်းစဉ်တို့ဖြင့် ပါဝင်ရေးဆွဲယှဉ်ပြိုင်ကြသည်။

၂၀၀၃-၂၀၀၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကျင်းပသည့် စိန်ရတုခန်းမ တတိယထပ်၌ e-Education in Myanmar 2004 ပြပွဲ၌ Harnessing ICT Through Education ဆောင်ပုဒ်ဖြင့်လည်းကောင်း၊ မြေညီထပ်တွင် ပညာရေးဖွံ့ဖြိုးမှုပြပွဲအဖြစ် အခြေခံပညာဦးစီးဌာနများ၏ လက်မှုပညာပြခန်းများ၊ ပညာရေးစာအုပ်ပွဲတော် ဆင်နွှဲမှုအနေဖြင့် ရန်ကုန်မြို့ရှိ တက္ကသိုလ်များ၊ ရန်ကုန်နိုင်ငံခြား ဘာသာတက္ကသိုလ်၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၊ မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့၏ ကျောင်းသားကုန်တိုက်ပညာတန်ဆောင်နှင့် ပုဂ္ဂလိက စာအုပ်အရောင်းဆိုင်များ ဖွင့်လှစ်၍ လည်းကောင်း၊ စိန်ရတုခန်းမ မြက်ခင်းပြင်၌ ရန်ကုန်တက္ကသိုလ် ရုက္ခဗေဒဌာန၏ 'ရုက္ခပညာနှင့် အနာဂတ်မြန်မာ' ပြခန်း၊ ငှက်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပြခန်း၊ အမှတ်(၃) အခြေခံပညာ ဦးစီးဌာန (ရန်ကုန်မြို့တော်)၏ အရောင်းဆိုင်ခန်းများ၊ ပြည်နယ်နှင့်တိုင်းများ၊ အခြေခံပညာကျောင်းများ၏ လက်မှုအနုပညာပစ္စည်းများ၊ ဒေသထွက်ကုန်နှင့် အိမ်တွင်းမှုပစ္စည်းများ အရောင်းဆိုင်နှင့် စားသောက်ဆိုင်များကိုလည်းကောင်း ယနေ့မှစ၍ ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၃ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၅ နာရီအတွင်း ခင်းကျင်းပြသသွားမည်ဖြစ်သည်။

ကျင်းပသွားမည်

၂၀၀၃-၂၀၀၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် အထိမ်းအမှတ်အဖြစ် ဝိဇ္ဇာ၊ သိပ္ပံ၊ စီးပွားရေးနှင့် လူမှုရေးပညာဆိုင်ရာ စာတမ်းဖတ်ပွဲများကိုပါ ဘွဲ့နှင်းသဘင်ကောင်စီခန်းမ ရန်ကုန်တက္ကသိုလ် ရူပဗေဒခန်းမနှင့် ဓာတုဗေဒခန်းမတို့၌ ဒီဇင်ဘာ ၃၀ ရက်မှ ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ လည်းကောင်း၊ အလားတူ ဒီဇင်ဘာ ၂၈ ရက်တွင် ပြည်သူ့ရင်ပြင်၌ အခြေခံပညာကျောင်းများ ဘင်ခရာပြိုင်ပွဲ၊ ဒီဇင်ဘာ ၂၉ ရက်မှ ၃၁ ရက်အထိ အမျိုးသားဇာတ်ရုံ၌ ပညာရေးဂီတပွဲတော်နှင့် ပဒေသာကပွဲ၊ ဒီဇင်ဘာ ၃၀ ရက်မှ ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၂ ရက်အထိ အင်းလျားကန်တွင် ပညာရေးမိသားစုလှေလှော်ပြိုင်ပွဲ၊ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ခန်းမ၌ မြန်မာနှင့် နိုင်ငံတကာ လူမှုဆက်ဆံရေး တတ်ကျွမ်းမှုပြိုင်ပွဲ၊ ဒီဇင်ဘာ ၃၁ ရက်ညနေတွင် တက္ကသိုလ်များ ဓမ္မာရုံ၌ ပဋ္ဌာန်းဒေသနာ ရွတ်ဖတ်ပူဇော်ပွဲ၊ ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် ထူးချွန်ထက်မြက် ကျောင်းသားကျောင်းသူများ ချီတက်သရုပ်ပြပွဲနှင့် ထူးချွန်ဆု ချီးမြှင့်ပွဲများကိုလည်းကောင်း ကျင်းပသွားမည် ဖြစ်သည်။

(သတင်းစဉ်)

ယာဉ်မောင်းနှင့်စက်ပြုပြင် သင်တန်းများဖွင့်မည်

ရန်ကုန် ဒီဇင်ဘာ ၂၇

နယူးအာရှ သင်တန်းကျောင်း၌ အရွယ်ရောက်သူတိုင်း ယာဉ်မောင်းတတ်ရမည်ဟူသောဆောင်ပုဒ်နှင့်အညီ အခြေခံယာဉ်မောင်းနှင့် စက်ပြုပြင်ထိန်းသိမ်းခြင်းအတွက် တစ်လပုံမှန်သင်တန်း(Nomal Course)နှင့် ၁၀ ရက်အမြန်သင်တန်း(Short Course)၊ စက်ပြင်အထူးသီးသန့်နှစ်လသင်တန်း၊ အဲယားကွန်းနှင့် ရေခဲသေတ္တာပြုပြင်ခြင်း တစ်လသင်တန်း၊ လျှပ်စစ်ဂဟေဆက်ခြင်း တစ်လသင်တန်းများကို ဝါရင့်ကျွမ်းကျင်ဆရာ၊ ဆရာမများဖြင့် တစ်ဦးချင်းစာတွေ့၊ လက်တွေ့ စနစ်တကျ သင်ကြားပို့ချလျက်ရှိသည်။

သင်တန်းအပတ်စဉ် (၅၁)ကို ၂၀၀၄ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ စိတ်ပါဝင်စားသူများသည် အမှတ်(၉၅၃) ရွှေနှင်းဆီလမ်း ရှစ်မိုင်ခွဲ(မဟာစည်မှတ်တိုင်) မရမ်းကုန်းမြို့နယ် ရန်ကုန် ဖုန်း-၆၆၁၈၀၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ဆရာဝန်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဒီဇင်ဘာ ၂၇

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ရန်ကုန်)၏ ၂၀၀၃ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက် ၁၀နာရီတွင် အမှတ်၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ ကျင်းပရာ ၂၀၀၄-၂၀၀၅ ခုနှစ်အတွက် ဥက္ကဋ္ဌ ပါမောက္ခ ဦးမျိုးမြင့်၊ ဒုတိယဥက္ကဋ္ဌ (၁) ပါမောက္ခ ဦးသိန်းအောင်၊ ဒုတိယဥက္ကဋ္ဌ(၂) ပါမောက္ခ ဦးကျော်မြင့်နိုင်၊ အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဦးအက်စ်ကျော်လှနှင့် ဘဏ္ဍာရေးမှူး ပါမောက္ခ ဒေါ်ခင်ထွေးတို့ ဦးဆောင်သော အလုပ်အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်တင်မြှောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အီရတ် စစ်ပွဲစတင်ချိန်မှ ဒီဇင်ဘာ ၂၆ ရက်အထိ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၄၇၁ဦးရှိပြီ

ဝါရှင်တန် ဒီဇင်ဘာ ၂၇

အီရတ်နိုင်ငံတစ်ဝန်း၌ အမေရိကန် ဦးဆောင်သော တပ်ဖွဲ့ဝင်များကို အီရတ်ခုခံတိုက်ခိုက်ရေးသမားများက နေ့စဉ်နည်းမျိုးစုံဖြင့် တိုက်ခိုက်လျက်ရှိရာ အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးမှုနှင့် ဒဏ်ရာရရှိမှုများ အဆက်မပြတ်ဖြစ်ပွားလျက်ရှိသည်။

အီရတ်၌စစ်ပွဲစတင်ခဲ့ချိန်မှ ဒီဇင်ဘာ ၂၆ ရက် သောကြာနေ့ရောက်ချိန်ထိ အီရတ်၌ အမေရိကန်တပ်ဖွဲ့ဝင် ၄၇၁ဦး သေဆုံးခဲ့ရာ ၃၂၃ ဦးမှာ တိုက်ပွဲ၌ သေဆုံးပြီး ၁၄၈ဦးမှာ တိုက်ပွဲ၌မဟုတ်ဘဲ သေဆုံးခဲ့သည်ဟု အမေရိကန် ကာကွယ်ရေးဌာနက သတင်းထုတ်ပြန် ကြေညာသည်။

စစ်ဆင်ရေး စတင်ခဲ့သည်မှ တိုက်ပွဲ၌ ဒဏ်ရာရသော တပ်ဖွဲ့ဝင် ၂၃၃၂ဦးရှိပြီး ၃၇၀ မှာ တိုက်ပွဲ၌ မဟုတ်ဘဲ ဒဏ်ရာရခဲ့သည်။

ထို့ပြင် အီရတ်တွင် ဗြိတိသျှ တပ်ဖွဲ့ဝင် ၅၂ ဦး၊ အီတလီ ၁၇ ဦး၊ စပိန် နှစ်ဦး၊ ဒိန်းမတ်၊ ယူကရိန်းနှင့် ပိုလန်တို့တစ်ဦးစီ သေဆုံးခဲ့သည်။ **(အင်တာနက်)**

မြန်မာ့အလင်း
နိုင်ငံတကာသတင်းများ

ဒီဇင်ဘာ ၂၆ ရက်က ဘဂ္ဂဒက်လေဆိပ်အနီး လမ်းမကြီးတစ်ခုတွင် ဗုံးပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားရာ ပျက်စီးသွားသော ကားတစ်စီးကို အမေရိကန်တပ်ဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေးနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်မြို့လယ်ရှိ အမေရိကန်ဌာနချုပ်အနီး ဒုံးကျည်နှစ်စင်းကျရောက် ပေါက်ကွဲ

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၆

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်ရှိ အမေရိကန်တပ်ဖွဲ့များ၏ ဌာနချုပ် အဆောက်အအုံကို ယမန်နေ့ညနောင်းပိုင်းက ဒုံးကျည်များနှင့် တိုက်ခိုက်ခဲ့သည်။ အဆိုပါ ဌာနချုပ် အဆောက်အအုံဝင်း၏ အနီးပတ်ဝန်းကျင်၌ ဒုံးကျည်နှစ်စင်း ကျရောက်ပေါက်ကွဲခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိမှု မရှိသေးကြောင်း သိရသည်။

ဘဂ္ဂဒက်မြို့လယ်၌ ကြာသပတေးနေ့နောင်းပိုင်းက ပေါက်ကွဲသံအချို့ ကြားခဲ့ရပြီး ပေါက်ကွဲသံနှင့် မရေးမနှောင်းမှာပင် အချက်ပေးဥသြသံများ ထွက်ပေါ်လာခဲ့သည်။

အမေရိကန်ဌာနချုပ်အဆောက်အအုံ အနီးကို ဒုံးကျည်သုံးစင်းထိမှန်ခဲ့ကြောင်း မျက်မြင်သက်သေများက ပြောကြားခဲ့သည်။

ကြာသပတေးနေ့ အစောပိုင်းကလည်း အနောက်တိုင်းသတင်းထောက်များနှင့် နိုင်ငံရပ်ခြားကန်ထရိုက်များ တည်းခိုနေထိုင်ရာ ရှယ်ရီတန်ဟိုတယ်ကို ဒုံးကျည်ဖြင့် တိုက်ခိုက်ခံခဲ့ရကြောင်း သိရသည်။

(စီစီတီဗွီ)

လုံခြုံရေးစောင့်ကြပ်

ဒီဇင်ဘာ ၂၆ ရက်က အီရတ်နိုင်ငံ မိုဆူးလ်မြို့တွင် ဗုံးပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားပြီးနောက် လမ်းမကြီးတစ်ခုကို စစ်ယာဉ်များနှင့် လမ်းပိတ်ဆို့ပြီး လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ ကုလသမဂ္ဂ အခန်းကဏ္ဍပိုပြင်မှုရှိရေး ဆွေးနွေးပွဲ အမေရိကန်တို့ တက်ရောက်ရန် နှုတ်ဆိတ်နေဆဲ

ကုလသမဂ္ဂ ဒီဇင်ဘာ ၂၆

အီရတ်နိုင်ငံကိုယ်ပိုင် အုပ်ချုပ်မှုပြန်ရရန် ဦးဆောင်ပဲ့ကိုင်ရာတွင် ကုလသမဂ္ဂ၏ အခန်းကဏ္ဍကို လေ့လာဖော်ထုတ်ရန်အတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်သည် ရှေ့လထဲတွင် အီရတ်အရာရှိများနှင့် ဆွေးနွေးမည်ဖြစ်သည်။ ထိုဆွေးနွေးပွဲသို့ အမေရိကန်တက်ရောက်မည်၊ မတက်ရောက်မည်ကို အမေရိကန်ပြည်ထောင်စုက နှုတ်ဆိတ်နေဆဲရှိကြောင်း ကုလသမဂ္ဂ ပြောခွင့်ရှိသူက ကုလသမဂ္ဂ၌ ပြောကြားသည်။

အီရတ်အုပ်ချုပ်မှုကောင်စီက ကုလသမဂ္ဂ၏ ဖိတ်ကြားချက်ကို လက်ခံခဲ့ပြီး မာဆွတ်ဘာဇာနီ၊ အဗ္ဗဒူ အဇစ်အယ်လ်ဟာကင်မ်နှင့် အက်ဒ်နန်ပါချာချီတို့က ကိုယ်စားပြုမည်ဟု ကုလသမဂ္ဂက ပြောကြားသည်။

အမေရိကန် ဦးဆောင်သော အီရတ်ယာယီ အုပ်ချုပ်မှု အာဏာပိုင်အဖွဲ့က အစည်းအဝေးနှင့် ပတ်သက်၍ မိမိတို့ အဆက်အသွယ်မရရှိကြောင်း ပူးပေါင်းအဖွဲ့အရာရှိများက မရမက ပြောဆိုနေကြသော်လည်း မစ္စတာအာနန်သည် ဘုရ်ှကို ပုဂ္ဂိုလ်ရေးအားဖြင့် ဖိတ်ကြားခဲ့သည်ဟု ပြောရေးဆိုခွင့်ရှိသူ ဖရက်ဒ်အက်ခ်ဟာ့ဒ်က ပြောကြားသည်။

ကိုဖီအာနန်သည် ကုလသမဂ္ဂ၏ အခန်းကဏ္ဍကို ကြိုတင်၍ ရှင်းလင်းစွာသိထားရမည်ဖြစ်ကြောင်း ထပ်ခါတလဲပြောဆိုခဲ့သည်။ သို့မှသာ ၎င်းအနေဖြင့် ချိန်ဆနိုင်မည်ဟု ဆိုသည်။

အမေရိကန်ပြည်ထောင်စုက ကုလသမဂ္ဂသည် အီရတ်နိုင်ငံတွင် အဓိကအခန်းကဏ္ဍမှ လုပ်ဆောင်သင့်ကြောင်း မကြာမကြာပြောဆိုသော်လည်း အခန်းကဏ္ဍနှင့် ပတ်သက်၍ မည်သည့်အခါမျှ အနက်အဓိပ္ပာယ်ဖွင့်ဆိုခဲ့ခြင်း မရှိပေ။ ကုလသမဂ္ဂအရာရှိများက အမေရိကန်တို့သည် ကမ္ဘာ့အဖွဲ့အစည်းကို အာဏာပြန်ပေးရန် အင်တင်တင်ဖြစ်နေကြောင်း ယုံကြည်ရသည်ဟု ပြောဆိုကြသည်။

အမ်အင်အေ၊ရိုက်တာ

လူသားကို အာကာသထဲပို့သည့် တတိယမြောက်နိုင်ငံ ၂၀၀၃ ခုနှစ်တွင် တရုတ်နိုင်ငံဖြစ်လာ

ဘောဂျင်း ဒီဇင်ဘာ ၂၅

ယခု ၂၀၀၃ နှစ်အတွင်း အာကာသဆိုင်ရာ အစီအစဉ်များကို ကြည့်လျှင် အမေရိကန်နှင့် တရုတ်နိုင်ငံတို့၏ အစီအစဉ် ကံကြမ္မာကွာခြားခဲ့သည်ကို ရသည်။ ယခုနှစ် ဖေဖော်ဝါရီလအတွင်း လေထုအတွင်း ပြန်လည် ဝင်ရောက်လာသော ကိုလံဘီယာခေါ် အမေရိကန်အာကာသလွန်းပြန်ယာဉ် ပေါက်ကွဲပျက်ကျခဲ့ပြီး လိုက်ပါလာသော အာကာသယာဉ်မှူးခုနစ်ဦးလုံး သေဆုံးခဲ့ရသည်။

ယင်းသည် ဩဂုတ်လအတွင်း၌ ကိုလံဘီယာလွှတ်တင်ခဲ့စဉ်က လွန်းပြန်ယာဉ်၏ တောင်ပံကို ယာဉ်မှာတပ်ဆင်ထားသော ရေမြှုပ်အပိုင်းအစ ကွဲထွက်ပြီး ထိမှန်ခဲ့ခြင်းကြောင့်ဟု ကောက်ချက်ချခဲ့သည်။

အောက်တိုဘာလအတွင်း၌ တရုတ်နိုင်ငံသည် အာကာသအတွင်းသို့ လူသားအာကာသယာဉ်မှူးကို အရောက်ပို့နိုင်ခဲ့သည့် ကမ္ဘာ့တတိယမြောက်နိုင်ငံ ဖြစ်လာသည်။ အဆိုပါခရီးစဉ်သည် ၂၁ နာရီကြာမြင့်ခဲ့ပြီး တရုတ်နိုင်ငံသည် ၎င်း၏လူလိုက်ပါသော အာကာသယာဉ် အစီအစဉ်ကို ဆက်လက်အကောင်အထည်ဖော်ရန် စီစဉ်လျက်ရှိသည်။

(အင်အိပ်ချ်ကေ)

အီရန်အရှေ့တောင်ပိုင်းရှိ ရှေးဟောင်းဘမ်းမြို့၌ ငလျင်ပြင်းတုန်လှုပ် လူနှစ်သောင်းကျော်သေဆုံးပြီး ငါးသောင်းကျော်ဒဏ်ရာရ

ဘမ်းမြို့(အီရန်) ဒီဇင်ဘာ ၂၇

အီရန်နိုင်ငံအရှေ့တောင်ပိုင်းရှိ ရှေးဟောင်းဘမ်းမြို့တွင် ရစ်ချ်တာစကေး ၆ ဒသမ ၃ရှိသော အင်းအားပြင်း ငလျင်တစ်ခု သောကြာနေ့က လှုပ်သွားခဲ့ရာ လူ ၂၀၀၀၀ ကျော် သေဆုံးခဲ့ပြီး အခြားလူ ၅၀၀၀၀ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးရုံး သတင်းရပ်ကွက်တစ်ခုက ပြောကြားသည်။

လူ ၂၀၀၀၀ကျော်သေဆုံးခဲ့သော အဆိုပါ ငလျင်ကြီးလှုပ်ခဲ့ပြီးနောက် လူထောင်ပေါင်းများစွာမှာ ပြင်းထန်သော ချမ်းအေးမှုအောက်တွင် လမ်းများပေါ်၌ ညလုံးပေါက်အချိန်ကုန်ခဲ့ကြရသည်ဟု ဆိုသည်။

အီရန်ရုပ်မြင်သံကြားက သမိုင်းဝင်ဘမ်းမြို့၏ အဆောက်အအုံ ၇၀ ရာခိုင်နှုန်းခန့်ပျက်စီးကြောင်း ထုတ်လွှင့်ကြေညာခဲ့သည်။ ဘမ်းမြို့သည် တီဟီရန်မြို့၏ အရှေ့တောင်ဘက် မိုင် ၆၀၀ ခန့်၌ရရှိပြီး ခရီးသွားဧည့်သည်များ လာရောက်ရာမြို့ ဖြစ်သည်။

ထိုသို့ အီရန်နိုင်ငံဘမ်းမြို့၌ လူအများအပြားသေဆုံးရသော ငလျင်ကြီးတုန်လှုပ်ခဲ့သည့်အတွက် ကမ္ဘာ့တစ်ဝန်းနိုင်ငံများက အကူအညီများပေးရန် ကမ်းလှမ်းခဲ့ကြပြီး ဝမ်းနည်းမှုဖြစ်ရကြောင်း ပြောဆိုခဲ့ကြသည်။

အဆိုပါ ဘမ်းမြို့တွင် လူဦးရေ ၂၀၀၀၀၀ နေထိုင်ပြီး ညဖက်၌ အပြင်ရောက်ရှိနေသည့်လူအများစုမှာ အသက်ဘေးမှ လွတ်မြောက်ခဲ့ကြရသည်။ ငလျင်လှုပ်မှုတွင် ဘမ်းမြို့ရှိ ဆေးရုံနှစ်ရုံ ပျက်စီးသွားသဖြင့် အရေးပေါ်ဆေးရုံများ ထူထောင်ပေးထားရသည်။

ပြည်နယ်မြို့တော် ကာမန်ရှိ ဆေးရုံသို့ ဒဏ်ရာရသူ ၄၀၀၀ ခန့်ကို တင်ပို့ပေးထားရကြောင်းနှင့် တီဟီရန်သို့ လူ ၁၇၀ကို လေယာဉ်ဖြင့် ပို့ဆောင်ပေးထားရသည်ဟု ဆိုသည်။

အင်တာနက်

ဖမ်းဆီးထား

အပေါ်ပုံမှာ ဒီဇင်ဘာ ၂၆ ရက်က ဘဂ္ဂဒက်မြို့ မြောက်ဘက် မိုင် ၁၁၀ အကွာရှိ တီကရစ်မြို့၌ အမေရိကန် တပ်ဖွဲ့က အီရတ်နှစ်ဦးအား ဖမ်းဆီးထားစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဆန့်ကျင်ဆန္ဒပြ

အီရတ်နိုင်ငံသို့ ဂျပန်တပ်ဖွဲ့ဝင်များ စေလွှတ်ခြင်းနှင့်ပတ်သက်၍ ဂျပန်ပြည်သူများက ဤသို့ ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။ (ဓာတ်ပုံ–အင်တာနက်)

ဆက်ဒမ်ဖမ်းမိသည့်နောက်ပိုင်း အမေရိကန်နှင့် အပေါင်းပါများကို ပြောက်ကျားတို့က ဒီဇင်ဘာ ၂၅ ရက်၌ အပြင်းထန်ဆုံးတိုက်ခိုက်

ဖမ်းထားသူများပြန်လွှတ်ပေးရန် အီရတ်အမျိုးသမီးများတောင်းဆို

အီရတ်သို့ ဂျပန်တပ်များစေလွှတ်မှု ဂျပန်ပြည်သူများဆန့်ကျင်

အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် အီရတ်အမျိုးသားများအား သံသယရှိသည်ဆိုသော မတရားသောစွဲချက်ဖြင့်လိုက်လံ ဖမ်းဆီးလျက်ရှိသည်။ (ယာပုံမှာ ဒီဇင်ဘာ ၂၆ရက်က ဘဂ္ဂဒက်မြို့၌ အီရတ် အမျိုးသမီးများက ၎င်းတို့၏ ဆွေမျိုးသားချင်းများကိုပြန်လွှတ်ပေးရန် ဆန္ဒပြတောင်းဆိုနေစဉ်။) (ဓာတ်ပုံ–အင်တာနက်)

အမေရိကန်ဆန့်ကျင်သည့် အီရတ်ပြောက်ကျားများက ဒီဇင်ဘာ ၂၅ ရက်တွင် ဘဂ္ဂဒက်မြို့၌ ဟိုတယ်များ၊ သံရုံးများနှင့် အမေရိကန် ဦးဆောင်သော အာဏာပိုင်ရုံးများအား ဒုံးကျည်များ၊ စိန်ပြောင်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

(အောက်ပုံမှာ ဆက်ဒမ်ဟူစိန်အား ဖမ်းမိပြီးသည့်နောက်ပိုင်း မြို့တော်ဘဂ္ဂဒက်၌ အပြင်းထန်ဆုံး တိုက်ခိုက်မှုကြီးမှ မြင်ကွင်းတစ်နေရာကို တွေ့ရစဉ်။) (ဓာတ်ပုံ–အင်တာနက်)

အပေါ်ပုံမှာ ဒီဇင်ဘာ၂၆ ရက်က ဘဂ္ဂဒက်မြို့၌အမေရိကန်စစ်ယာဉ်တန်းကို အသေခံကားဗုံးခွဲတိုက်ခိုက်ခဲ့ပြီးနောက် ပျက်စီးသွားသော မော်တော်ယာဉ်၏ အစိတ်အပိုင်းကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)



ပဲခူးမြို့ နောင်တော်ကြီးမြသာလျောင်းရုပ်ပွားတော်မြတ်ကြီး၏ အလယ်ဌာပနာတော်ထည့်သွင်းပူဇော်ပွဲကျင်းပ
နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်ကြည်ညိုပြီး ဌာပနာတော်များသွင်းလှူပူဇော်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပဲခူးမြို့ နောင်တော်ကြီး မြသာလျောင်း ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။(သတင်းစဉ်)

ရန်ကုန် ဒီဇင်ဘာ ၂၇

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြရာ နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် ပဲခူးတိုင်းအစ သာယာကုန်း စံပြကျေးရွာအနီး ဝမ်းဘောဒတ်တံတားမှ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပဲခူးမြို့ မဇင်းရပ်ကွက် တိဿလမ်းရှိ နောင်တော်ကြီး မြသာလျောင်းရုပ်ပွားတော်မြတ်ကြီး ပြန်လည်တည်ထားသည့် လုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ထို့နောက် ပဲခူးမြို့ နောင်တော်ကြီး မြသာလျောင်း ရုပ်ပွားတော်မြတ်ကြီး၏ အလယ်ဌာပနာတော် ထည့်သွင်းပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို နံနက် ၁၁ နာရီတွင် အဆိုပါရုပ်ပွားတော်မြတ်ကြီးအနီးမင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ ဌာပနာတော်များ ထည့်သွင်းပူဇော်သည်။

တက်ရောက်ကြည်ညို

မင်္ဂလာအခမ်းအနားသို့ ပဲခူးမြို့ ဓမ္မာလင်္ကာရကျောင်းတိုက်ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိသုဒ္ဓ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကို၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

မင်္ဂလာအခမ်းအနားတွင် သာသနာရေးဦးစီးဌာနမှ ဦးစံသင်းလှိုင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာ မင်္ဂလာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ထို့နောက် ပဲခူးမြို့ ဓမ္မာလင်္ကာရကျောင်းတိုက် ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိသုဒ္ဓထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်ချည်၊ ပရိတ်သဲများကို ဆရာတော်ကြီးများထံ ဆက်ကပ်ကြသည်။ ထို့နောက် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ယင်းနောက် ဥပါသကာများက ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်ချည်၊ ပရိတ်သဲများကို ယူဆောင်၍ ရုပ်ပွားတော် ပရဝဏ်အတွင်း ချည်နှောင်ပက်ဖျန်းကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နောင်တော်ကြီး မြသာလျောင်းရုပ်ပွားတော်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပဲခူးမြို့ နောင်တော်ကြီး မြသာလျောင်း ရုပ်ပွားတော်မြတ်ကြီး၏ အလယ်ဌာပနာတော် ထည့်သွင်းပူဇော်ပွဲ မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုပြီး ဌာပနာတော်များ သွင်းလှူပူဇော်စဉ်။ (သတင်းစဉ်)

မြတ်ကြီးတွင် ထည့်သွင်းပူဇော်မည့် ဌာပနာတော်များနှင့် လှူဖွယ်ပစ္စည်းများကို ဓမ္မာလင်္ကာရကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓအား ဆက်ကပ်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးဗိုလ်မှူးချုပ်ကိုကိုနှင့် ဝန်ကြီးများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နောင်တော်ကြီး မြသာလျောင်းရုပ်ပွားတော်မြတ်ကြီး ဌာပနာတော်ထည့်သွင်းပူဇော်ခြင်း အစီအစဉ်ကို ဆက်လက်ကျင်းပသည်။

အခမ်းအနားတွင် သာသနာ့အလံကိုင်အဖွဲ့က ဦးဆောင်၍ ဒေဝါဝင်း၊ ရာဇာဝင်းခင်းကာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များသည် ဌာပနာတော်ပစ္စည်းများကို မင်္ဂလာနတ်လမ်းအတိုင်း အလယ်ဌာပနာတိုက်တော်သို့ ပင့်ဆောင်ကြသည်။

ထည့်သွင်းပူဇော်

မင်္ဂလာအချိန်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အလယ်ဌာပနာတော်တိုက်၌ ရွှေဖောင်ပင်နှင့် ဗုဒ္ဓရုပ်ပွားတော်များ၊ ဓာတ်တော်များ၊ ပိဋကသုံးပုံ ကျမ်းဦးပဏ္ဏာမ ရွှေပေလွှာများနှင့် ရတနာ ရွှေငွေပစ္စည်းများကို ထည့်သွင်းပူဇော်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အလယ်ဌာပနာတော်တိုက်ကိုပိတ်၍ အမွှေးနံ့သာရည်များဖြင့်ပက်ဖျန်းပူဇော်သည်။

ထိုအချိန်တွင် အခမ်းအနားမှူးဦးစံသင်းလှိုင်က ဇယမင်္ဂလာဗောဓိယာမူလေ ဂါထာတော်ကိုရွတ်ဆိုပူဇော်ပြီး မင်္ဂလာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရွှေမိုးငွေမိုး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဌာပနာတော် သွင်းမင်္ဂလာအခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ် ရွှေမိုးငွေမိုးရွာသွန်းသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ပဲခူးမြို့ နောင်တော်ကြီး မြသာလျောင်းရုပ်ပွားတော်မြတ်ကြီး အတွက် အလှူတော်ငွေပေးအပ်ပွဲကို မင်္ဂလာမဏ္ဍပ်၌ ဆက်လက်ကျင်းပရာ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ကြည် မိသားစုက ငွေကျပ်သိန်း၁၀၀၊ လှူမှုထူးချွန်ပထမဆင့် သီဟသုဓမ္မမဏိဇောတဓရ ဦးသိန်းဝင်း-သီဟသုဓမ္မသိင်္ဂီ သီရိသုဓမ္မသိင်္ဂီ ဒေါ်နီ သားသမီးမြေးတစ်စု ရွှေသံလွင်မိသားစုက ငွေကျပ် သိန်း ၅၀၊ ဒေါက်တာခင်ရွှေ (ဥက္ကဋ္ဌ၊ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီအုပ်စု)က ငွေကျပ် သိန်း ၅၀၊ ဦးတင့်ဆန်း- ဒေါက်တာဌေးဌေးမြင့် (အေစီအီးကုမ္ပဏီ) မိသားစုက ငွေကျပ် သိန်း ၅၀၊ တံကြားမိသားစုက ငွေကျပ် ၃၁ သိန်း၊ ဒေါ်အေးမြနွယ် (ပုဂံဟိုတယ်)က ငွေကျပ် ၂၇ သိန်း၊ ဦးဝင်းသင်(ရန်ကုန်)က ငွေကျပ် ၁၀ သိန်း၊ ဦးဇေယျာသူရမွန်-ဒေါ်ခိုင်ခိုင်မြင့် (ရန်ကုန်အင်ဂျင်နီယာရင်း အင်ဖရက်ရှင်းအဲယားကွန်း နှင်းရှင်းနာကုမ္ပဏီ) က ငွေကျပ် ၅၃၇၄၀၀၊ အကြံပေးပုဂ္ဂိုလ် ဦးအံ့မောင်နှင့် ဒေါ်တင်တင်ဝေ မိသားစုက ငွေကျပ် ငါးသိန်း၊ ဦးစိန်လှဝင်း(စိန်နှင့်စန်းကုမ္ပဏီ)ကငွေကျပ် ငါးသိန်း၊ ဦးတင်ဝင်း-ဒေါ်စန်းစန်းဝင်း (အေအင်န်ကုမ္ပဏီ)က ငွေကျပ် ငါးသိန်း၊ ဦးကြင်ဝမ်(ဂျိုးသိန်း)က ငွေကျပ် ငါးသိန်း၊ ဦးမြင့်စိန်-ဒေါ်လှကြည်(မြင်းကျားဆေးပေါ့လိပ်) က ငွေကျပ် ငါးသိန်း၊ ဦးကျော်မင်း မိသားစု (စမ်းချောင်း)က ငွေကျပ် ငါးသိန်း အပါအဝင် အလှူရှင်များက ငွေကျပ် ၃၉၀၇၇၄၀၀ ကို ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်တို့က လက်ခံကြသည်။

ယင်းနောက် ပဲခူးတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဥဿာသီရိ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိမလက အနုမောဒနာတရား ဟောကြားတော်မူပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက လှူဒါန်းမှုအစုစုတို့ အတွက်ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်ကပ်လှူဒါန်း

မွန်းလွဲပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပဲခူးမြို့ ဉဿာမြို့သစ် ရန်ကုန်-မန္တလေးလမ်းမကြီး အနီးရှိ ဓမ္မာလင်္ကာရ ဗုဒ္ဓရက္ခိတကျောင်းတော်သို့ ရောက်ရှိကြပြီး ဓမ္မာလင်္ကာရကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓအား ပူဇော်ကန်တော့၍ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် တမ္ဗလောဟာကြေးသွန်း ရုပ်ပွားတော်ကြီးတည်ထားသည့် လုပ်ငန်းခွင်သို့ရောက်ရှိကြပြီး ရုပ်ပွားတော် အချောသပ်လုပ်ငန်းများ စတင်ရန်ပြင်ဆင်နေမှုကို ကြည့်ရှုပူဇော်ကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၈-၁၂-၂၀၀၃ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော် ဦးယောသိတ တရားတော် **"ဖဂ္ဂုနရဟန်း"**

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၄:၃၀ ၅။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)ပထမနှစ် (အရှေ့တိုင်းပညာ) (ခ)ပထမနှစ်(မြန်မာမှုပညာ)
၅:၀၀ ၆။ အမေးကဏ္ဍာတွေးစရာ
၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၈။ နိုင်ငံတကာသတင်း
၆:၂၀ ၉။ မိုးလေဝသသတင်း
၆:၂၅ ၁၀။ မြန်မာ့ရှုခင်း
၆:၄၀ ၁၁။ လျှပ်တစ်ပြက်
၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဖန်ခြေနင်းနှင့် ယမင်းရွှေစင်"** (အပိုင်း-၃၁)
၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၅။ လျှပ်တစ်ပြက်
၁၆။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လှိုင်းပုနှင့် သောင်းချမ်"** (အပိုင်း-၁၅)

ဓမ္မာစရိယစာမေးပွဲအချိန်စာရင်းထုတ်ပြန်

ရန်ကုန် ဒီဇင်ဘာ ၂၇

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၀၄ခုနှစ်အတွက် ကျင်းပမည့် ဓမ္မာစရိယစာမေးပွဲကို ၁၃၆၅ ခုနှစ် နှောင်းတန်ခူးလဆန်း ၁၂ရက် (၁–၄–၂၀၀၄) ကြာသပတေးနေ့မှ ၁၃၆၅ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၆ရက် (၁၀–၄–၂၀၀၄) စနေနေ့ထိ (၄–၄–၂၀၀၃) တနင်္ဂနွေနေ့မှအပ ကိုးရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။

ယင်းဓမ္မာစရိယတန်းတွင် ဖြေဆိုရမည့် ဘာသာရပ်များမှာ ယခင်နှစ် ပြဋ္ဌာန်းချက်များအတိုင်း ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

စက်မှုစွမ်းအား ခေတ်ကျော်လွှား

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပဲခူးမြို့အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း မာတီမီဒီယာစာသင်ခန်းဖွင့်ပွဲတက်ရောက်ချီးမြှင့်

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပဲခူးတိုင်း ပဲခူးမြို့ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း မာတီမီဒီယာစာသင်ခန်းများဖွင့်ပွဲ အခမ်းအနားတွင် စာသင်ခန်းများအတွင်း လေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဒီဇင်ဘာ ၂၇

ပဲခူးတိုင်း ပဲခူးမြို့ အမှတ် (၆)အခြေခံပညာ အထက်တန်းကျောင်း မာတီမီဒီယာစာသင်ခန်းများဖွင့်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် အဆိုပါကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကို၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊လူမှုရေးအသင်းအဖွဲ့များ၊အလှူရှင်များ၊ အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ မိဘဆရာ အသင်းဝင်များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ကမ္ပည်းမော်ကွန်းဖွင့်ပွဲ

အစီအစဉ်အရ ပဲခူးမြို့ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း၏ မြန်မာ့ပညာရေးမျှော်မှန်းချက် ကမ္ပည်းမော်ကွန်းနှင့် ပညာရေးဆောင်ပုဒ်ဖွင့်ပွဲ အခမ်းအနားကို ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အဖွဲ့ဝင်များနှင့် ပရိသတ်တို့က နိုင်ငံတော်အလံကို အလေးပြုကြသည်။ယင်းနောက် ကျောင်းသားကျောင်းသူများက ဘင်ခရာအဖွဲ့နှင့် အတူ နိုင်ငံတော်သီချင်းကို တီးမှုတ်သီဆိုကြသည်။

ထို့နောက် ဘက်စုံထူးချွန်ကျောင်းသားကျောင်းသူများက ရွှေကြိုးဆွဲ၍ မြန်မာ့ပညာရေးမျှော်မှန်းချက်ကမ္ပည်းမော်ကွန်းနှင့် ပညာရေးဆောင်ပုဒ်တို့ကိုဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ကျောင်းသားကျောင်းသူများက မြန်မာ့ပညာရေးမျှော်မှန်းချက် ကမ္ပည်းမော်ကွန်းနှင့် ပညာရေးဆောင်ပုဒ်ဖွင့်ပွဲ အခမ်းအနားကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့ကျောင်းသီချင်းကို သီဆိုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ပဲခူးမြို့ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း မာတီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲကို ကျင်းပသည်။

စာသင်ခန်းများဖွင့်လှစ်

အစီအစဉ်အရ ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်စိန်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးငွေရှိန်တို့က ဖဲကြိုးဖြတ်၍ပဲခူးမြို့ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း မာတီမီဒီယာ စာသင်ခန်းများကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မာတီမီဒီယာစာသင်ခန်းများဖွင့်ပွဲအထိမ်းအမှတ်ဆိုင်းဘုတ်ကိုစက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

လေ့ကျင့်သင်ကြားမှုကြည့်ရှု

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အိမ်တွင်းမှုခန်း၊ ပန်းချီအနုပညာခန်း၊ Printed Media (Reading Corner)၊ Computer Aided Instruction၊ Computer Application & E-mail၊ Electronic Media (Language Lab)၊ Electronic Media (Videio System)ခန်းတို့ကို လှည့်လည်၍ ကျောင်းသားကျောင်းသူများ လေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည်ဂီတအနုပညာခန်း၌ ကျောင်းသားကျောင်းသူများ၏ စွမ်းရည်ပြတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် မာတီမီဒီယာစာသင်ခန်းများဖွင့်ပွဲအစီအစဉ်ကို ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စိန်က မာတီမီဒီယာစာသင်ခန်းများ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ခေတ်မီသင်ထောက်ကူပစ္စည်းများ အသုံးပြုသင်ကြားနေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးငွေရှိန်က မာတီမီဒီယာစာသင်ခန်းများဖြစ်ပေါ်လာစေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မှု အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

သင်ထောက်ကူပစ္စည်းများပေးအပ်

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပဲခူးမြို့ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း အတွက် မြန်မာနိုင်ငံပညာရေးကော်မတီက လှူဒါန်းသည့် ကွန်ပျူတာနှစ်စုံနှင့် သင်ထောက်ကူဗီဒီယိုအခွေများကို ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်စိန်အား ပေးအပ်သည်။

ထို့နောက် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်မှူးချုပ်ကိုကိုက ဦးဝင်းရွှေ၏ လှူဒါန်းငွေကျပ် တစ်သိန်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးငွေရှိန်၏ လှူဒါန်းငွေကျပ်၂၅၀၀၀၀နှင့် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသည့် ကွန်ပျူတာတစ်စုံတို့ကို အလှူရှင်များကိုယ်စားပေးအပ်ရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး အောင်မျိုးမင်းက လက်ခံသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးကြီးအောင်မျိုးမင်းက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ပဲခူးတိုင်း ပဲခူးမြို့ အမှတ်(၆) အခြေခံပညာအထက်တန်း ကျောင်းမာတီမီဒီယာ စာသင်ခန်းများ ဖွင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံပညာရေး ကော်မတီက လှူဒါန်းသည့် သင်ထောက်ကူ ပစ္စည်းများကို ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်စိန်အား ပေးအပ်စဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၈–၁၂–၂၀၀၃(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာ ဂါရိက ဆရာတော် ဘဒ္ဒန္တ ဦးဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၅။	ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၀၅	၆။	အတီးပြိုင်ပွဲ
၈:၁၅	၇။	ဇော်ဂျီရေထိန်းဆည်
၈:၃၀	၈။	International News
၈:၄၅	၉။	Say it in English
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၀	၂။	တေးဂီတအစီအစဉ်
၁၁:၂၅	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၄၀	၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **"နက်ရှိုင်းမေတ္တာ"** (အပိုင်း–၂)
၁၂:၁၀	၅။	Milo Success in Soccer
၁၂:၂၀	၆။	မြန်မာဗီဒီယိုဇာတ်လမ်း **"ကောင်းရာကောင်းကြောင်း"** (ရဲမင်းပိုင်၊ အောင်ပိုင်၊ ဟန်နီထွန်း၊ ရွှန်းလဲ့ဦး) (ဒါရိုက်တာ–ခင်မောင်ဦး၊ စိုးသိမ်းထွဋ်)
၁၃:၅၀	၇။	ရွှေလောင်းတံတား
၁၄:၀၅	၈။	တေးဂီတအစီအစဉ်
၁၄:၂၅	၉။	အဆင်းမလှ အချင်းလှသည့် မြေအောက်မှ သယံဇာတ
၁၄:၃၅	၁၀။	စွန်ချောင်းရေလှောင်တမံ
၁၄:၄၅	၁၁။	International News
၁၅:၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use
၁၆:၄၅	၄။	(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၁၆:၅၅	၅။	တေးဂီတအစီအစဉ်
၁၇:၁၀	၆။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ)
၁၇:၂၅	၇။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၄၀	၈။	ဆိုကြမယ်၊ ပျော်ကြမယ်
၁၈:၃၀	၉။	ညနေခင်းသတင်း
၁၉:၀၀	၁၀။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၁။	စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
၁၉:၁၅	၁၂။	တေးဂီတအစီအစဉ်
၁၉:၃၀	၁၃။	စက်မှုစွမ်းအားခေတ်ကျော်လွှား
၁၉:၄၅	၁၄။	အချုပ်အခြာအာဏာခွန့်ရှည်ကြာ ခိုင်မာစေမှုတို့ရေးရှု "လယ်ယာစိုးပွားစွမ်းအားမြှင့်ရန်ဆည်တမံ"(အပိုင်း–၂)
၂၀:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	Calcio Serie A Hight - light
	၁၉။	နောက်တစ်နေ့အစီအစဉ်
	၂၀။	အစီအစဉ်ပြီး၏။

ကြယ်ဖြူ

နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၁၂)ရပ်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ ချီတက်ရာတွင် လုပ်ငန်းလမ်းညွှန်မှုများ ဖြစ်ပေသည်။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံအဖြစ် တည်ဆောက်အကောင်အထည်ဖော်ရာတွင် အဓိကကျသော လုပ်ငန်းလမ်းညွှန်များဖြစ်သည်။ လွတ်လပ်ရေးရပြီးနောက် နှစ်ပေါင်း ၄၀အတွင်း ပြည်တွင်းသောင်းကျန်းမှုဒဏ်ကို ခါးစည်းခံခဲ့ရသဖြင့် စိုက်ပျိုးနိုင်သော မြေဧကပေါင်း ၃၅ ရာခိုင်နှုန်းမှာ ပလပ်သွားခဲ့ရသည်။ လူဦးရေသုံးသန်းခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ ရသည်။ ပြည်သူ၂၂၀၀၀ခန့်နှင့် စစ်ဘက်၊ မြို့ပြ၊ အရာထမ်း၊ အမှုထမ်း ၅၇၀၀ခန့် အသက်ဆုံးရှုံးခဲ့ရသည်။

နိုင်ငံတော်၏ စီးပွားရေးနှင့်လူမှုရေးနယ်ပယ်များသည် နိမ့်ကျလျက်ရှိသည်။နိုင်ငံတကာ၏ ဖွံ့ဖြိုးတိုးတက်မှုကို အမီမလိုက်နိုင်ဘဲ ခေတ်နောက်ကျကျန်ခဲ့သည်။

၁၉၈၈ ခုနှစ် စက်တင်ဘာ ၁၈ ရက်နေ့တွင် တပ်မတော်သည် နိုင်ငံတော်တာဝန်ကို ပခုံးပြောင်း တာဝန်ယူပြီးနောက် နိုင်ငံတော် တည်ငြိမ် အေးချမ်းမှုရရှိစေရန် လက်နက်ကိုင် ဆန့်ကျင် တိုက်ခိုက်နေကြသော လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးရယူခဲ့သည်။

ဤသို့အားဖြင့် တည်ငြိမ်အေးချမ်းလာသော နိုင်ငံရေးအခြေအနေနှင့်အတူ မြန်မာနိုင်ငံ၌ ရပ်ရွာအေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှုနယ်ပယ်သည်လည်း နိုင်ငံနှင့်အဝန်းလွှမ်းမိုးလာခဲ့သည်။ တိုင်းရင်းသားပြည်သူများ၏ ဘဝမှာလည်း လွတ်လပ်အေးချမ်းစွာ နေထိုင်သွားလာ ကူးသန်းရောင်းဝယ်နိုင်သည့် အခြေအနေသို့ ရောက်ရှိခဲ့ပြီဖြစ်သည်။

တိုင်းရင်းသားပြည်သူတို့၏ဘဝကို ထာဝရလုံခြုံစွာ စောင့်ရှောက်နိုင်ရန်နှင့် တိုင်းရင်းသားပြည်သူတို့၏ အနာဂတ်ဘဝကို အဆုံးအဖြတ်ပေးမည့် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ဖြစ်တည်လာရေး ဆောင်ရွက်ရန်လို အပ်လာခဲ့သည်။ ယင်းသို့ဆောင်ရွက်နိုင်ရန်အတွက် တိုင်းရင်းသား ပြည်သူ တစ်ရပ်လုံး၏ညီညွတ်ရေးကို အခြေခံရမည်သာဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဟူသော အသက်ဝိညာဉ်ရှင်သန်ခိုင်မာ နေပါက နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာသည် မည်သို့သော ကာလတွင်မျှ ဆုံးရှုံးခြင်းမရှိဘဲ တစ်မျိုးသားလုံး၊ တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်ကြီးအဖြစ် ကမ္ဘာတည်သရွေ့ ခိုင်မာတောင့်တင်းစွာဖြင့် ရပ်တည်နိုင်မည်ဖြစ်သည်။

နိုင်ငံတော်၏ နိုင်ငံရေးဦးတည်ချက်လေးရပ်တွင် အနှစ်သာရအားဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးသည် မရှိမဖြစ်သော အမျိုးသားလုံခြုံရေး လက္ခဏာကိုဆောင် လျက်ရှိသည်။ အမျိုးသားစည်းလုံးညီညွတ်ရေးမှသည် ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး ဆောင်ရွက်ရန်ဖြစ်သည်။ ယင်းဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို တည်ဆောက်ရန်မှာ တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အမျိုးသားရေးတာဝန်ကြီးဖြစ်သည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရာတွင် နိုင်ငံရေးဦးတည်ချက်(၄)ရပ်နှင့် အညီ စီးပွားရေး ဦးတည်ချက်(၄)ရပ်ကို ဟန်ချက်ညီညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

စင်စစ် မြန်မာနိုင်ငံ၏ စီးပွားရေးဘဝသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံလျက်ရှိသည်။ လယ်ယာစိုက်ပျိုးရေးသည် နိုင်ငံသားများအတွက် အဓိကလိုအပ်ချက်ဖြစ်သော စားနပ်ရိက္ခာကို ထုတ်လုပ်ပေးလျက်ရှိသည်။ ထို့ပြင်မက ဝတ်စရာနှင့် နေစရာကုန်ပစ္စည်း အများစုကိုလည်း ထုတ်လုပ်ပေးသည်။ ယင်းပြင်အခြားသော စီးပွားရေးကဏ္ဍများလိုအပ်မှု ကိုလည်း လယ်ယာစိုက်ပျိုးရေးကဏ္ဍမှ ထုတ်လုပ်ဖြည့်ဆည်းပေးသည်။

တပ်မတော်အစိုးရသည် မြန်မာနိုင်ငံ၏ လယ်ယာစီးပွားရေးဘဝကို ဖွံ့ဖြိုးလာစေရန် လက်မှုလယ်ယာ စိုက်ပျိုးရေးအပေါ် အခြေခံသော စက်မှုလုပ်ငန်းများကို ထူထောင်အားပေးလျက်ရှိသည်။ လယ်ယာစီးပွားရေးဘဝ၏ အဓိကမဏ္ဍိုင်များဖြစ်ကြသည့် လမ်းတံတားများ တည်ဆောက်ခြင်း၊ ဆည်မြောင်းတာတမံများ၊ ရေသွင်းရေလှောင်ကန်များကို တိုးချဲ့တည်ဆောက်လျက်ရှိသည်။ မြေလွတ်မြေရိုင်းကို တိုးချဲ့ဖော်ထုတ်စိုက်ပျိုးစေခြင်း၊ ရေနက်ရေကြီးကွင်းများကို ဆည်ဖို့ဖော်ထုတ်ပြုပြင်၍ စိုက်ပျိုးစေခြင်းတို့ဖြင့် လယ်ယာစီးပွားရေး ဘဝကို မြှင့်တင်လျက်ရှိသည်။ ယင်း၏အကျိုးဆက်များအဖြစ် စပါးအပါအဝင် သီးနှံစုံများ အထွက်တိုးလာခဲ့ခြင်း၊ ပြည်တွင်းစားသုံးမှု ဖူလုံသည့်အပြင် ပြည်ပသို့ ဆန်နှင့်ပဲမျိုးစုံကို တင်ပို့ရောင်းချနိုင်ခဲ့ခြင်း၊ တစ်ဧကအထွက်တိုးမှ တစ်နှစ်တစ်သီးစားမှ နှစ်သီးစား၊ သုံးသီးစားရသော ရာသီမရွေးစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်လာသည်။ ကျေးလက်ဒေသ၏ ဝင်ငွေများလည်း တိုးတက်သဖြင့် တောင်သူလယ်သမားများ၏ လူနေမှုဘဝသည် မြို့ပြလူနေမှုဘဝနှင့် ကွာဟခြားနားချက်လည်း ကျဉ်းမြောင်းလာခဲ့သည်။ ဤသည်မှာ ပထမစီးပွား ရေးဦးတည်ချက်၏ အောင်မြင်မှု အခြေခံကောင်း၊ အလားအလာကောင်းများဖြစ်သည်။

တပ်မတော်အစိုးရသည် နိုင်ငံတော်၏ စီးပွားရေးဘဝကို ဈေးကွက်စီးပွားရေးစနစ်ဖြင့် ဖော်ဆောင်လာခဲ့သည်။ ပြည်တွင်းပြည်ပ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ခဲ့သည်။ ဆိုရှယ်လစ်စီးပွားရေး ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများကို ဖျက်သိမ်းပြီး ဈေးကွက်စီးပွားရေးဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများကို ပြဋ္ဌာန်းခဲ့သည်။

ဈေးကွက် စီးပွားရေးစနစ်သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်က မျှော်မှန်းထားသော ကာလအတွင်း ပေါက်မြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်သည့် စီးပွားရေးစနစ်ဖြစ်သည်။

နိုင်ငံတော်၏စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမှန်တကယ်လိုအပ်ချက်မှာ 'ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး'ပင်ဖြစ်သည်။

နိုင်ငံတကာအရင်းအနှီးအတတ်ပညာများ လာရောက်မြှုပ်နှံရန် ဖိတ်ခေါ်ခြင်းသည် ရင်းနှီးမြှုပ်နှံသူများတွင်လည်း စီးပွားရေးအရ အကျိုးရှိသကဲ့သို့ မိမိနိုင်ငံအတွက်လည်း စီးပွားရေးအရ အကျိုးစီးပွား ဖြစ်ထွန်းစေသည်။

နိုင်ငံတော်အစိုးရသည် ပြည်ပရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၏ အကျိုးစီးပွားနှင့် မြန်မာတိုင်းရင်းသား ပြည်သူတို့၏ အမျိုးသားရေးအကျိုးစီးပွားကို တစ်ဖက်စောင်းနင်းမဖြစ်စေရန် နှစ်ဦးနှစ်ဖက်မျှတသော အခွင့်အလမ်း ရရှိရေးအတွက် စီစဉ်ပေးလျက်ရှိသည်။ ယင်းအစီ အစဉ်များမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ မြန်မာနိုင်ငံသားများ စီးပွားရေး လုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေနှင့် နည်းဥပဒေများ၊ လုပ်ထုံး၊ လုပ်နည်းများစသော ဥပဒေဆိုင်ရာများ၊ စည်းမျဉ်းစည်းကမ်းကို ပြည့်စုံစွာပြဋ္ဌာန်းသတ်မှတ်ပေးထားသည်။ ရင်းနှီးမြှုပ်နှံလုပ်ကိုင်သူများအတွက်လည်း အကျိုးအမြတ်ရရှိစေမည့် စီးပွားရေး အခွင့်အလမ်းများ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ပေးခဲ့သည်။ ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေးအတွက် အထောက်အကူများဖြစ်သည့် အဆောက်အအုံများ၊ အဖွဲ့အစည်းများ၊ ဝန်ဆောင်မှုများကို ထူထောင် တည်ဆောက်ဖွဲ့စည်းပေးခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားစေရေးအတွက် သင်တန်းများဖွင့်လှစ်ပေးခြင်း၊ လေ့ကျင့်ပေးခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏

နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေးဟူသော စီးပွားရေးဦးတည်ချက်နှင့်အညီ ဆောင်ရွက်လျက်ရှိသည့် ကချင်ပြည်နယ် ဖားကန့်မြို့နယ်ရှိ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းကို ဤသို့တွေ့ရသည်။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အားကစားပွဲတော်များကျင်းပ၍ ပြည်သူများတစ်ခဲနက်ပါဝင် ဆင်နွှဲခဲ့ကြသည်။



(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြို ဂုဏ်ပြုဆောင်းပါးနှင့် မှတ်တမ်းဓာတ်ပုံ

မြန်မာ-ပြင်သစ် ကျောက်ဖြစ်ရုပ်ကြွင်းအဖွဲ့မှ ၂၀၀၂ခုနှစ် နိုဝင်ဘာလ အတွင်း မိုးကောင်းကျေးရွာအနီးရှိ ဆည်ချောက်ကျစ်ချောင်နေရာမှ တွေ့ရှိခဲ့သော ပရိုင်းမိတ်၏ ခြေမျက်စိရိုးနှင့် ခြေကျင်းဝတ်ရိုး။



လက်ဝယ်တွင် ရှိရေးဟူသော စတုတ္ထဦးတည်ချက်မှာ စီးပွားရေး ဦးတည်ချက်(၄)ရပ်၏ အနှစ်ချုပ်သဘောထားပင် ဖြစ်သည်။ နိုင်ငံတော်၏စီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်မှု အလုံးစုံ၏ အကျိုးစီးပွားဆိုင်ရာများကို ကာကွယ်စောင့်ရှောက်သကဲ့သို့ နိုင်ငံတော်၏အချုပ်အခြာအာဏာကို အကာအကွယ်ပြုသော လုပ်ငန်းလမ်းညွှန်လည်းဖြစ်သည်။ နိုင်ငံ တစ်နိုင်ငံ၏ စီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ခေတ်မီရေးကို နိုင်ငံသားအားလုံး၏ စွမ်းဆောင်ရည်ဖြင့် ဖန်တီးတည်ဆောက်နိုင်သည် နှင့်အမျှ ယင်းနိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ အမျိုးသားရေးဆိုင်ရာအကျိုးစီးပွားသည်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာပြီး လူမှုစီးပွားအဆောက်အအုံသည်လည်း ပိုမိုမြင့်မားလာမည်သာဖြစ်သည်။

နိုင်ငံတော်၏စီးပွားရေးဦးတည်ချက် (၄)ရပ်သည် တစ်ခုနှင့်တစ်ခုအပြန်အလှန် အမှီသဟဲပြုလျက်ရှိသည်။ နိုင်ငံ တော်၏ အခြေခံအဆောက်အအုံဖြစ်သည့် စီးပွားရေးဘဝ (ရုပ်ပိုင်းဘဝ)ကို ဖွံ့ဖြိုးတိုးတက်လာစေပြီး နိုင်ငံတော်၏အနာဂတ်သည် လည်း ခေတ်မီဖွံ့ဖြိုးတိုးတက်သော လူမှုစီးပွားရေးဘဝကိုတည်ဆောက်နိုင်မည်ဖြစ်ပေသည်။

လူမှုရေးဦးတည်ချက် လေးရပ်သည် သမိုင်းအစဉ်အလာ ကြီးမားသော မြန်မာတိုင်းရင်းသားပြည်သူတို့၏ အမျိုးသားရေးဂုဏ်ရည်အဆင့်အတန်းကို မြင့်မားစွာ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဖော်ထုတ်ပျိုးထောင်ရေး အတွက် ဦးတည်ချမှတ်ထားခြင်းဖြစ်သည်။ အမျိုးဂုဏ်၊ ဇာတိဂုဏ် မပျောက်စေရေးအတွက် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်းလည်းမည်ပေသည်။

နိုင်ငံတော်၏ လူမှုရေးဦးတည်ချက် လေးရပ်အနက် ပထမဦးတည်ချက်ဖြစ်သော 'တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး'သည် လူ့ဘောင်အဖွဲ့အစည်းနှင့် နိုင်ငံတစ်နိုင်ငံ၏သမိုင်းကြောင်းကို အကောင်း အဆိုးအမြင့်အနိမ့်ကံကြမ္မာအား ပြဋ္ဌာန်းစီရင်နိုင်သည့် လူ၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး အတွက် ရည်ညွှန်း ထားခြင်းဖြစ်သည်။

တစ်ဆက်တည်းမှာပင် အကျင့်စာရိတ္တမြင့်မားရေး အတွက်စည်းကမ်း၊ ပညာ၊ စည်းလုံးဟူသော ကျင့်ဝတ်ကို ခံယူ ကျင့်သုံးရမည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံရှိ နိုင်ငံသားတိုင်းသည် တစ်ဦးချင်းမှ တစ်နိုင်ငံလုံးက လိုက်နာကျင့်သုံးစောင့်ထိန်းရမည့် ဆိုင်ရာကျင့်ဝတ်များ၊ သစ္စာတရားများ၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာများ၊ တာဝန်နှင့်ဝတ္တရားများ၊ စာရိတ္တပိုင်းဆိုင်ရာများ၊ ရပ်ရွာစည်းကမ်း၊ အလုပ်ခွင် စည်းကမ်းအပါအဝင် နိုင်ငံတော်က ထုတ်ပြန်ပြဋ္ဌာန်းထားသော စည်းမျဉ်းစည်းကမ်းများ၊ အမိန့်များ၊ ဥပဒေ၊နည်းဥပဒေများကိုလိုက်နာကျင့်သုံးခြင်းဖြင့် နိုင်ငံသားတစ်ဦး၏ အကျင့်စာရိတ္တမြင့်မားမှုကို ပုံဖော်နိုင်ပေသည်။

နိုင်ငံတော်၏ လူမှုရေးဦးတည်ချက် လေးရပ်မှ ဒုတိယဦးတည်ချက်ဖြစ်သော 'အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး'သည် အစဉ်အလာကြီးမားသော မြန်မာလူမျိုးတို့၏ အမျိုးသားရေးဆိုင်ရာ ယဉ်ကျေးမှုဓလေ့စရိုက်၊ ကိုးကွယ်မှုတို့ကို ဆက်ခံထိန်းသိမ်း ဖော်ထုတ်ရေးအတွက် မွန်မြတ်သော ဦးတည်ချက်ပင်ဖြစ်သည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်သို့ ချီတက်ရာတွင် လူ့စွမ်းအားအရင်းအမြစ် မြင့်မားတိုးတက်ရေးသည် ပဓာနကျသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။



ပြည်ထောင်စု မြန်မာနိုင်ငံတွင် လွန်ခဲ့သည့် နှစ်ပေါင်းသန်း ၄၀ခန့်ကပင် လူသား မျိုးနွယ်စုများ နေထိုင်ခဲ့ရာဒေသဖြစ်သည်ဟု ပုံတောင်ပုံညာဒေသမှ တွေ့ရှိရသော လူတူပရိုင်းမိတ်များက သက်သေခံလျက်ရှိသည်။ လူသားမျိုးနွယ်အစ မြန်မာကဟူသော အထောက်အထားများကို ဘူမိဗေဒပညာရှင်များက ဖော်ထုတ်နိုင်ခဲ့ပြီးဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်စေရန် ထိရောက်စွာ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ၁၉၉၈ ခုနှစ် စက်တင်ဘာလ ၁၀ ရက်နေ့စွဲဖြင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက "အမျိုးသား ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ" ကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

တစ်ဆက်တည်းမှာပင် သရုပ်ပျက်ယဉ်ကျေးမှုနှင့်အတူ ဆင့်ပွားပါလာတတ်သော မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် နိုင်ငံတော်က မူဝါဒချမှတ်ပြီး ဘိန်းခင်းများကို ဖျက်ဆီးခြင်း၊ ဘိန်းချက်စက်ရုံများကို ရှာဖွေဖျက်ဆီးခြင်းစသည်တို့ကို တပ်မတော်က စစ်ဆင်ရေးများဖြင့် ရှင်းလင်းနှိမ်နင်းဖယ်ရှားလျက်ရှိရာ တပ်မတော်သားတို့၏ ထောင်ချီသော အသက်နှင့်ခန္ဓာကိုယ်များစွာကို စွန့်လွှတ်ခဲ့ရသည်။ ဤသည်မှာ တစ်မျိုးသားလုံး၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကိုပျက်ပြားနိမ့်ပါးစေသော သရုပ်ပျက်ယဉ်ကျေးမှုနှင့်အတူ လူငယ်မျိုးဆက်သစ်များ၏ အနာဂတ်ဘဝကို အညွှန့်တုံးစေမည့် မူးယစ်ဆေးဝါး အန္တရာယ်အား နိုင်ငံတော်မှ ထိရောက်စွာ ကာကွယ် နေခြင်းဖြစ်သည်။

နိုင်ငံတော်၏ လူမှုရေးဦးတည်ချက် (၄)ရပ်မှ တတိယဦးတည်ချက်ဖြစ်သော "မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး"ကို ဆက်လက်ရှင်းလင်းဖွင့်ဆိုရလျှင် မျိုးချစ်စိတ်ဓာတ်ဆိုသည်မှာ မိမိနိုင်ငံနှင့် မိမိလူမျိုးကို ထိပါးစော်ကားသော မည်သည့် ကျူးကျော်မှုကိုမျှ လက်မခံဘဲ ခုခံတွန်းလှန်သော ကောင်းမြတ်သည့် စိတ်ဓာတ်ပင်ဖြစ်သည်။

စင်စစ် မြန်မာတိုင်းရင်းသားပြည်သူတို့၏ရင်ထဲတွင် မွေးရာပါဇာတိသွေး၊ အမွေခံစိတ်ဓာတ် အဖြစ် အမျိုးထိလျှင် မချိအောင်နာတတ်ကြသော ဇာတိမာန်တို့ရှိခဲ့ပြီး ဖြစ်သည်။ ထင်ရှားသော မော်ကွန်းကမ္ပည်းများအဖြစ် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားလွတ်မြောက်ရေးကြိုးပမ်းမှုများနှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ကျစ်လျစ်ခိုင်မာသော ညီညွတ်ရေးအင်အားကို ဖော်ညွှန်းထားသည့် ပင်လုံညီလာခံသည် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်တို့ ထက်မြက်ရှင်သန်ခဲ့သော နိမိတ်ပုံ သင်္ကေတများဖြစ်သည်။ ဗြိတိသျှနယ်ချဲ့တို့၏ ကျူးကျော်စစ် သုံးကြိမ်ဖြစ်ပွားပြီးနောက် သူ့ကျွန်ဘဝရောက်ခဲ့ရသည်မှ လွတ်လပ်ရေးရသည့်ကာလ တိုင်အောင် နယ်ချဲ့တို့အား အသက်ကိုပဓာနမထားဘဲ ထွန်းပြောင်လင်းလက်တက်ကြွစွာ တိုက်ခိုက် တွန်းလှန်ခဲ့သော စိတ်ဓာတ်မှာ မျိုးချစ်စိတ်ဓာတ်ပင်ဖြစ်သည်။

'တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး' ဟူသောနိုင်ငံတော်၏ လူမှုရေးဦး တည်ချက် (၄)ရပ်မှ နောက်ဆုံးစတုတ္ထဦးတည်ချက်သည်လည်း နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် အရေးပါလျက်ရှိပေသည်။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကို တည်ဆောက်သကဲ့သို့ ပညာရည်မြင့်မားရေးကိုလည်း ရှေးရှုဦးတည်အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပေသည်။ ပညာရည်မြင့်မားရေးဆိုသည်မှာ လူ့စွမ်းအား အရင်းအမြစ်ကို တန်ဖိုး မြှင့်တင်ခြင်း၊ အဆင့်မြင့်မားစေခြင်းတို့ကို ဖော်ဆောင်ခြင်းဖြစ်သည်။ လူ့စွမ်းအားအရင်းအမြစ် တန်ဖိုးမြင့်မားလာသည်နှင့်အမျှ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများဖြစ်သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အားလုံးသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သောအခြေအနေသို့ အမြန်ဆုံးပေါက်ရောက်အောင်မြင်မည်ဖြစ်ပေသည်။

မည်သို့ပင်ဆိုစေ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေးသည် လူမှုဘဝ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသော အခန်းကဏ္ဍတွင် ရှိပေသည်။

နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၁၂)ရပ်သည် အနာဂတ်ကာလတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော အမျိုးသားနိုင်ငံတော်သစ်ကြီး ဖြစ်ထွန်းလာရေးအတွက် နိုင်ငံတော်က ချမှတ် ခင်းကျင်းလမ်းညွှန် ထားသည့် နိုင်ငံရေးလမ်းစဉ်လည်းဖြစ်ပေသည်။ တစ်နည်းအားဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးကို တည်ဆောက်ရန်အတွက် နည်းဗျူဟာ အခင်းအကျင်းလုပ်ငန်းစဉ်လည်းဖြစ်ပေသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၁၂)ရပ်ကို တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၊ တစ်မျိုးသားလုံးက နိုင်ငံချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် ပေါက်မြောက် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည်နှင့်အမျှ အနာဂတ်ကာလတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးသည်လည်း မလွဲဧကန် ဖြစ်တည်လာမည်မှာ အမှန်တရားပင်ဖြစ်ပေတော့သည်။ ။

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ချမှတ် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်အတွင်းရှိ ဘိန်းခင်းများကို တိုင်းရင်းသားပြည်သူများနှင့် တပ်မတော်သားများက ဤသို့ဖျက်ဆီးခဲ့ကြသည်။

နိဗ္ဗာန်ရောက်ကြောင်းတရား ဟောကြားမည်

ရန်ကုန် ဒီဇင်ဘာ ၂၇

ဆရာတော် အရှင်နန္ဒက (မြင်းမူ)သည် ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၁ ရက် ညပိုင်းတွင် သာကေတမြို့နယ် (၉)ရပ်ကွက် ဓမ္မသဘင်မဏ္ဍပ်၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

သားငါးပွံ့ပြိုး ပြည်အကျိုး

ကျွန်တော်ရဲ့ ချစ်ကြည်ရေးခရီးစဉ်

ကျွန်တော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နဲ့အတူ ၁၀-၁၂-၂၀၀၃ ရက်မှာ ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းကို ခရီးထွက်ခဲ့ပါတယ်။ အဖွဲ့ခေါင်းဆောင်က ကျွန်တော်ပါ။ အဖွဲ့ဝင်က သမီး မိုမိုစိုး ဖြစ်ပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်ကို သွားရောက်လေ့လာချင်လွန်းလို့ ဒီလိုအေးချမ်းတဲ့ဆောင်းရာသီ ဒီဇင်ဘာလမှာ ခရီးထွက်လာကြတာ ဖြစ်ပါတယ်။ စိတ်ဆန္ဒပြင်းပြတာကြောင့် နောက်ထပ်စောင့်ဆိုင်း မနေလိုတော့ဘဲ ကောက်ကာငင်ကာဆိုသလို လေယာဉ်လက်မှတ်ရရချင်း ချစ်ကြည်ရေးခရီး စတင်ခဲ့ကြပါတယ်။ လားရှိုးကို ဟဲဟိုးကတစ်ဆင့် လေယာဉ်စီးခဲ့ပါတယ်။ လားရှိုးကနေ မူဆယ်ကို ဗင်ကားစီးလုံးငှားပြီး တက်ခဲ့ပါတယ်။ ပြီးတော့ မိတ်ဆွေ ပေါက်ဖော်များရှိရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ချစ်ကြည်ရေးခရီးဆက်ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ကိုယ်စား ချစ်ခင်ရင်းနှီးမှုကို သယ်ဆောင်သွားပါတယ်။ ရောက်တဲ့နေရာတိုင်းမှာ တိုင်းရင်းသားများနဲ့ မိတ်ဆွေ တရုတ်ပေါက်ဖော်များရဲ့ ဖော်ရွေခင်မင်မှုကို ရရှိခံစားရပါတယ်။ ကျွန်တော်တို့ တတ်နိုင်တဲ့ အတိုင်းအတာအလိုက် ချစ်ကြည်ရင်းနှီးမှုရအောင် ဆောင်ရွက်ပြီး ရှင်သန်အောင် ပျိုးထောင်ခဲ့ပါတယ်။

လေယာဉ်ခရီးတစ်လျှောက်မှာ ညို့မှိုင်းနေတဲ့ တောင်တန်းများ၊ နီရောင်သန်းနေတဲ့ တောင်ကုန်းများ၊ တောင်ကြားလွင်ပြင်များ၊ လယ်ကွက်များ၊ မြစ်ချောင်းအင်းအိုင်များကို ရှုမငြီးနိုင်အောင် မြင်တွေ့ရပါတယ်။ ဒီတောင်တန်းတောင်ကုန်းတွေမှာ သယံဇာတ သတ္တုရတနာများ ရှိနေပါလိမ့်မယ်။ ဒီလွင်ပြင်လယ်ကွက်များမှာ ပြည်သူပြည်သားများအတွက် စပါးသီးနှံမျိုးစုံတို့ ဖြစ်ထွန်းနေပါတယ်။ မြစ်ချောင်းနဲ့ ရေတံခွန်တို့ကနေ ဆည်ကြီးများနဲ့ လျှပ်စစ်စွမ်းအားထုတ်လုပ်ဖို့ ဓာတ်အားပေးစက်ရုံတွေ အားကြိုးမာန်တက် တည်ဆောက်နေကြပါတယ်။ မြန်မာနိုင်ငံအတွက် သဘာဝကပေးတဲ့ လက်ဆောင်မွန်များ ဖြစ်ပါတယ်။ မိမိတို့က လေးစားမြတ်နိုးစွာ လက်ခံအသုံးပြုသွားကြဖို့ပဲ လိုပါတယ်။

ကျွန်တော်တို့ လားရှိုးလေဆိပ်ရောက်တော့ ဒေသခံမိတ်ဆွေများက ဝမ်းပန်းတသာ ကြိုဆိုကြပါတယ်။ နေ့လယ်စာ ကျွေးမွေးဧည့်ခံကြပါတယ်။ မူဆယ်သွားဖို့ ဗင်ကား စီစဉ်ပေးကြပါတယ်။ အေးချမ်းတဲ့ဆောင်းရာသီမှာ နွေးထွေးမှုကို ခံစားရပါတယ်။

တောင်တန်းများကို ဆင်းလိုက်တက်လိုက်နဲ့ ခရီးထွက်ခဲ့ကြပါတယ်။ မြင့်မားတဲ့တောင်ပေါ်ကို ဗင်ကားမောင်းရင်း ရောက်သွားတာပါပဲ။ တောင်တွေကိုပတ်ပြီး ကားလမ်းတွေဖောက်တဲ့ လူရဲ့စွမ်းပကားကို အံ့သြချီးကျူးမိပါတယ်။ ကားလမ်းတွေကလဲ ပြေပြစ်ကောင်းမွန်ပါတယ်။ အရင်က ဒီလိုတောင်တန်းလမ်းမျိုးကို ကားစီးရမှာကြောက်ရွံ့တတ်တဲ့ ကျွန်တော်ဟာ ကြောက်ရွံ့ရမှာကို မေ့ပြီး ရှမ်းပြည်နယ် ရှုခင်းတွေကိုကြည့်ရင်း စိတ်ကြည်နူးနေမိပါတယ်။ ကျွန်တော် ယဉ်ကျေးမှုရေးရာ သံမှူးအဖြစ် ဗြိတိန်နိုင်ငံမှာ တာဝန်ထမ်းဆောင်စဉ်ကဆိုရင် ဝေးလ်စ်နှင့် စကော့တလန်ဒေသကို မကြာခဏရောက်ပါတယ်။ ဒီဒေသများရဲ့ တောင်ကုန်းလေးတွေနဲ့ လယ်ကွင်းတွေ လှလှပြီ ထင်မိပါတယ်။ သြစတြေးလျနိုင်ငံမှာ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်စဉ်ကလဲ ကင်ဘာရာရဲ့အလှ၊ ဘရစ်စ်ဘိန်းဒေသရဲ့ ရှုခင်းမျိုးဟာ မြန်မာနိုင်ငံမှာ မရှိဘူးလို့ ထင်ခဲ့မိပါတယ်။ အဲဒီတုန်းက ကျွန်တော် ရှမ်းပြည်နယ်ရဲ့ လှပသာယာတဲ့ဒေသကို မရောက်ဘူးသေးတာကြောင့် ဖြစ်ပါတယ်။ အခု ကျွန်တော်ရောက်ခဲ့ပါပြီ။ နိုင်ငံစုံမှာရှိတဲ့ အလှမျိုးစုံ မြန်မာနိုင်ငံမှာ ပန်းမျိုးရောင်စုံ သီထားတဲ့ ပန်းကုံးများပမာ ရှိနေပါတယ်လို့ ပြောရဲပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံရဲ့ မြေပထဝီထဲမှာလဲပဲ ဓာတ်သတ္တု ကျောက်မျက်ရတနာမျိုးစုံ တည်ရှိနေပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ အလှက တန်ဖိုးပိုရှိပါတယ်။

ရှမ်းပြည်နယ်ရဲ့ မြေသြဇာကောင်းတာကြောင့် ဆန်စပါးနဲ့ သစ်သီးဝလံမျိုးစုံ စိုက်ပျိုးဖြစ်ထွန်းနိုင်တယ်ဆိုတာ သိရပါတယ်။ ကော်ဖီ၊ လက်ဖက်၊ လိမ္မော်၊ လိုက်ချီး၊ နာနတ်သီး စတဲ့ သစ်သီးမျိုးစုံ စိုက်ပျိုးကြပါတယ်။ နေကြာပင်၊ ပန်းဂျုံပင်တို့လဲ စိုက်ပျိုးကြတာတွေ့ရပါတယ်။ ဒေသခံ တိုင်းရင်းသားများက သူတို့တတ်စွမ်းတဲ့ အတိုင်းအတာအတိုင်း စိုက်ပျိုးကြတာပါ။ ဌာနဆိုင်ရာများနဲ့ တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်များက အရင်းအနှီးထုတ်လို့ ခေတ်မီနည်းပညာများအသုံးပြုပြီးတော့ စိုက်ပျိုးရေးကို အားပေးမယ်ဆိုရင် ဒီဒေသဟာ အာရှတိုက်ရဲ့ သစ်သီးဝလံဥယျာဉ်ကြီး ဖြစ်လာနိုင်ပါတယ်။ သဲကန္တာရကို အစွမ်းရေးနိုင်ငံက ပန်းမျိုးစုံ၊ သစ်သီးဝလံမျိုးစုံ စိုက်ပျိုးနိုင်တဲ့ ဥယျာဉ်အဖြစ် ပြောင်းလဲပြုပြင်ပြီး ဥရောပဈေးကွက်ကို နေ့စဉ် တင်ပို့ရောင်းချနေပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံအတွက် သဘာဝက ဖန်တီးပေးပြီးသားပါ။ ကမ္ဘာမှာ အကြီးမားဆုံး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဈေးကွက်ကြီးကလဲ အဆင်သင့် ရှိနေပါတယ်။

ဦးမောင်မောင်စိုးတင့်

(အငြိမ်းစားသံအမတ်ကြီး)

ရှမ်းပြည်နယ်ရဲ့ တောတောင်ရေမြေဟာ မွေးမြူရေးအတွက်လဲ အထူးပဲ ကောင်းမွန်ပါတယ်။ သိုး၊ နွား၊ မြင်း စသည်တို့ကို အမေရိကန်ပြည်ထောင်စု၊ သြစတြေးလျနဲ့ နယူးဇီလန်နိုင်ငံတို့လို ကြီးကြီးကျယ်ကျယ် မွေးမြူနိုင်ပါတယ်။ ပြည်ပကိုတင်ပို့နိုင်တဲ့ လုပ်ငန်းကြီးများ ဖြစ်လာနိုင်ပါတယ်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံတဲ့ စက်မှုလက်မှုလုပ်ငန်းများလဲ တစ်ဆက်တည်း ပေါ်ထွန်းလာနိုင်ပါတယ်။ ပြီးတော့ ရှမ်းပြည်နယ်အလှဟာ ကမ္ဘာလှည့်ခရီးသည်များကို ကောင်းကောင်းဆွဲဆောင်နိုင်ပါတယ်။ ကမ္ဘာလှည့်ခရီးသည်တွေကို အရောက်ပို့ပေးဖို့နဲ့ သင့်တော်တဲ့ နေရာထိုင်ခင်းတွေ စီစဉ်ပေးဖို့သာ လိုပါတယ်။ နိုင်ငံခြားငွေ ဘီလီယံချီပြီး ဝင်နိုင်တဲ့လုပ်ငန်းပါ။

ကျွန်တော်တို့ဆီမှာ ခေတ်ပညာတတ်လူငယ်တွေ မြောက်မြားစွာရှိပါတယ်။ သူတို့ရဲ့ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်နဲ့ စွမ်းပကားတွေကို စုစည်းလိုက်ရင် လိုအပ်တဲ့ လုပ်အားရနိုင်ပါတယ်။ ပြည်ထောင်စုတစ်ဝန်းမှ တိုင်းရင်းသားတွေကို စည်းရုံးလို့ အရင်းအနှီးထုတ်ပေးပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုလက်မှုလုပ်ငန်းများ တွင်တွင်ကျယ်ကျယ်လုပ်ကိုင်လာအောင် ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ပြည်ထောင်စုကြီးရဲ့ စီးပွားရေးနဲ့ လူမှုရေး တစ်ရှိန်ထိုးမြင့်တက်လာပြီး နိုင်ငံတိုင်းနဲ့ ရင်ပေါင်တန်းနိုင်ပါလိမ့်မယ်။ ဒီလို ပြည်နယ်နဲ့ တိုင်းတွေမှာ ဆောင်ရွက်မယ်ဆိုရင် အောင်မြင်နိုင်တဲ့ အခြေအနေကောင်းတွေ ရှိနေပါတယ်။

ကျွန်တော် ခရီးတစ်လျှောက် အဲဒီလို နိုင်ငံအတွက်စိတ်ကူးပြီး လိုက်လာခဲ့လိုက်တာ မူဆယ်ရောက်ပြီး တူမောင်ဖြစ်တဲ့ မောင်မောင်လင်းတို့ မိသားစုက ‘ဦးကြီးတို့ရောက်လာပြီ’လို့ ဝမ်းပန်းတသာ ကြိုဆိုကြတဲ့အထိပါပဲ။ မောင်မောင်လင်းက မူဆယ်မှာ ရှမ်းမလေး မူမူထိုက်နှင့် အိမ်ထောင်ကျပြီး နယ်စပ်ကုန်သွယ်ရေးမှာ အကျိုးဆောင်လုပ်ငန်းနဲ့ စီးပွားရှာနေတာပါ။ သားကလေးဟိန်းဟိန်းလေး တစ်နှစ်သားရနေပါပြီ။ သူက ရှမ်းပြည်နယ်မှာ ပျော်နေပါတယ်။ မူဆယ်မှာပဲ နေထိုင်လုပ်ကိုင် အခြေချတော့မယ်ပြောပါတယ်။ ကျွန်တော်တို့လဲ သူတို့ကိုကြည့်ပြီး ဝမ်းသာပျော်ရွှင်မိပါတယ်။ ကျွန်တော်တို့ ရှမ်းဆွေမျိုးရလာပါပြီ။ ဆွေမျိုးအရင်းအနေနဲ့လဲ ချစ်ခင်ခွင့်ရပါပြီ။ ချစ်ကြည်ရေးခရီးစဉ်ရဲ့ ရည်ရွယ်ချက်ထဲမှာ သူတို့နဲ့တွေ့ဆုံဖို့လဲ ပါပါတယ်။

တူနဲ့ တူမက ကျွန်တော်တို့ကို အထူးဂရုစိုက်ပြုစုကြပါတယ်။ ကျွန်တော်တို့ အားနာယူရပါတယ်။ နာမည်ကြီး ကြူကုတ်၊ ပန်ဆိုင်းမြို့ကို မောင်မောင်လင်းရဲ့ မိတ်ဆွေတစ်ဦးက ကားမောင်းပို့ပါတယ်။ တောင်ကုန်း၊ လျှိုမြောင်၊ လိမ္မော်ခြံတွေနဲ့ သာယာလှပနေပါတယ်။ တစ်ချိန်ကတော့ ဗကပတွေနဲ့ တိုက်ပွဲကြီးတွေ ဖြစ်ခဲ့ပြီး သွေးစွန်းခဲ့ပါတယ်။ နောက်ဆုံး တပ်မတော်နဲ့ ဒေသခံလူထုက သူတို့ကို ကြူကုတ်၊ ပန်ဆိုင်းဌာနချုပ်က အပြီးအပိုင်မောင်းထုတ်နိုင်ခဲ့ပါတယ်။ ဘိန်းစိုက်ခင်းများလဲ သူတို့နဲ့အတူ ပျောက်ကွယ်သွားပါတယ်။ အခုတော့ ကြူကုတ်၊ ပန်ဆိုင်းမြို့လေးနဲ့ ဒေသဟာ ငြိမ်းချမ်းသာယာနေပါပြီ။ ကလေးတွေက နေရောင်ခြည်အောက်မှာ ပျော်ရွှင်စွာ ဆော့နေကြပါတယ်။ မိန်းမပျိုလေးများလဲ အေးဆေးစွာ ဈေးရောင်းနေကြပါတယ်။ ပါးအို့နီနီ ရှမ်းမလေးက လိမ္မော်သီးရောင်းရင်း ‘ဦးလေး အလည်ပြန်လာပါဦး’လို့ပြောပါတယ်။ ဒေသငြိမ်းချမ်းလုံခြုံပြီး စီးပွားရေးဖြစ်ထွန်းလာတာဟာ နိုင်ငံအတွက် အောင်မြင်မှုပဲ မဟုတ်ပါလား။

မောင်မောင်လင်းတို့က တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှာရှိတဲ့ ရွှေလီမြို့ကို လိုက်ပို့ပါတယ်။ သူတို့မိတ်ဆွေ တရုတ်လူမျိုး အားဝမ်က စေတနာနဲ့ သူကိုယ်တိုင် သူ့ကားမောင်းပို့ပါတယ်။ ရှမ်းတိုင်းရင်းသား စိုင်းထွန်းထွန်းက စကားပြန်ပေးဖို့ လိုက်ပါကူညီပါတယ်။ တကယ့် ချစ်ကြည်ရေးခရီးစဉ်ပါပဲ။ ရွှေလီမြို့က တရုတ်ကုန်ပစ္စည်းတွေ၊ မူဆယ်ကတစ်ဆင့် မြန်မာနိုင်ငံထဲကို စီးဝင်နေပါတယ်။ ရွှေလီမြို့ဟာ မြန်မာ့ထွက်ကုန်များနဲ့ ကြီးပွားနေပါတယ်။ စင်ကာပူမြို့လိုပဲ ဆိုင်ကြီးများနဲ့ စည်ကားနေပါတယ်။ လမ်းကြီးများ ကျယ်ပြန့်ပြီး မြို့က သန့်ရှင်းနေပါတယ်။ မြန်မာနိုင်ငံက ကျောက်ဖြစ်အင်ကြင်းပင်တွေကို တရုတ်တွေ မွမ်းမံလိုက်တော့ အိမ်များအလှဆင်တဲ့ အဖိုးတန်ပစ္စည်းဖြစ်လာပါတယ်။ မြန်မာနိုင်ငံက တင်သွင်းလာတဲ့ သစ်ပင်ငယ်လေးတွေကို ဓာတ်မြေသြဇာနဲ့ နည်းပညာတွေအသုံးပြုပြီး စိုက်လိုက်တော့ အချိန်တိုအတွင်း သစ်ပင်ကြီးများ ဖြစ်လာပါတယ်။ နီလာ၊ ပတ္တမြား၊ ကျောက်စိမ်းများလဲ သူတို့ရဲ့ အနုပညာလက်ရာမြောက်မှုကြောင့် လှပပြီး တန်ဖိုးတက်နေပါတယ်။ ဒီလိုဆိုရင် ကျွန်တော်တို့ဘက်က ကုန်ချောလုပ်ပြီးမှ တင်ပို့သင့်တာပေါ့နော်။ တရုတ်-မြန်မာနယ်စပ်ကုန်သွယ်ရေးမှာ နှစ်ဦးနှစ်ဖက် ပေါက်ဖော်စိတ်ဓာတ်နဲ့ အကျိုးတူ အမြတ်ရရှိအောင် လုပ်ဆောင်နိုင်တာတွေ အမြောက်အမြားရှိပါတယ်။ အကျိုးတူပူးပေါင်းပြီး ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ခြင်းအားဖြင့် အကျိုးအမြတ်များ ရနိုင်ပါတယ်။ နှစ်နိုင်ငံ ပိုမိုရင်းနှီးချစ်ခင်လာနိုင်ကြပါမယ်။ သွင်းကုန်ပို့ကုန်များ လွယ်ကူဖို့ One Stop Service ဌာနများလဲ မကြာမီဖွင့်လာနိုင်မယ်လို့ မျှော်လင့်ရပါတယ်။

ကျွန်တော်တို့ အနော်ရထာမင်း တိုင်းခန်းလှည့်စဉ် ရွှေလီမြို့မှာ တည်ခဲ့တဲ့ စေတီကိုလဲ သွားရောက်ဖူးမြော်ခဲ့ရပါတယ်။ တရုတ်-မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရေး ပိုမိုရှင်သန်ခိုင်မြဲလာဖို့အတွက် ဆုတောင်းခဲ့ပါတယ်။

ကျွန်တော်တို့ဟာ ၁၃-၁၂-၂၀၀၃ ရက်မှာ မူဆယ်မြို့ကနေ ချစ်စွာသော တူ၊ တူမ၊ မြေးလေးနဲ့ မိတ်ဆွေတွေကို နှုတ်ဆက်ပြီး လားရှိုးကို ပြန်ထွက်လာခဲ့ပါတယ်။ ကွတ်ခိုင်နှင့် သိန်းနီလမ်းတစ်လျှောက် ရှမ်းပြည်နယ်ရဲ့ ရှုခင်းအလှတွေကို ကျွန်တော် မေ့နိုင်မယ်မဟုတ်တော့ပါ။ လားရှိုးမှာ တူမဖြစ်သူရဲ့ အမေ ကျွေးမွေးလိုက်တဲ့ ညစာကိုလဲ မေ့နိုင်မယ်မဟုတ်ပါ။ ဒေသခံမိတ်ဆွေတွေနဲ့ ပေါက်ဖော်တို့ရဲ့ ဖော်ရွေမှုနှင့် ကူညီစောင့်ရှောက်မှုတွေကို အမြဲအောက်မေ့လွမ်းဆွတ်နေမှာပါ။ အားလုံးကို ကျေးဇူးတင်နေပါတယ်။ အခု ရှမ်းပြည်နယ်ကနေ ဧည့်သည်တွေ ၁၄-၁၂-၂၀၀၃ ရက်မှာ ပြန်သွားပါပြီ။ နောက်တစ်ခါပြန်လာရအောင် ပြန်သွားခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အခွင့်သာတဲ့အခါ ချင်းပြည်နယ်၊ ကယားပြည်နယ် စတဲ့ ပြည်နယ်တွေကို ခရီးဆက်ဖို့ စိတ်ကူးထားမိပါတယ်။

တိုင်းရင်းသား ဆွေမျိုးသားချင်း အပေါင်းတို့ စည်းလုံးညီညွတ်စွာနဲ့ ခေတ်မီတိုးတက်တဲ့ ပြည်ထောင်စုကြီးကို အတူတကွ ပူးပေါင်းတည်ဆောက်ချင်လွန်းလို့။ ။

အမှတ် ၄၉ ဇောမိရိပ်သာလမ်းသွယ် သံလွင်လမ်းနေ ဗိုလ်မှူးကြီးစိန်ရ(ငြိမ်း)နှင့် ဇနီး ဒေါ်အေးအေးစိုးတို့က ငွေကျပ်တစ်သိန်းကို နာရေးကူညီမှုအသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဦးအေးသန့်နှင့် ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ တို့အား ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

သမိုင်းဂျာနယ် အထူးထုတ်ဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၂၇

ရန်ကုန်တက္ကသိုလ် သမိုင်းဌာနမှ နှစ်စဉ်ထုတ်ဝေနေကျဖြစ်သော သမိုင်းဂျာနယ်တွင် စာစစ်အတွေ့အကြုံနှင့် သင်ကြားရေး အတွေ့အကြုံရှိသော ပါမောက္ခများ၊ ကထိကများက ကျောင်းသား ကျောင်းသူများ အထောက်အကူဖြစ်စေရန် ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ရန်ကုန်တက္ကသိုလ်



သမိုင်းဌာနက ထုတ်ဝေလိုက်သည့် သမိုင်းဂျာနယ် အထူးထုတ် **(အပေါ်ပုံ)** ကို ဖြန့်ချိလိုက်ကြောင်း သိရသည်။

(က-ပ)

ဒီဇင်ဘာ ၂၁ ရက်က မြောက်ဥက္ကလာပမြို့နယ် အလက(၁၀)၊အထက(၂) ကျောင်းခွဲ၏ ၂၀၀၂-၂၀၀၃ ခုနှစ် မိဘဆရာအသင်း နှစ်လည်အစည်းအဝေးနှင့် ပညာရည်ဆုပေးပွဲအခမ်းအနားတွင် တက္ကသိုလ်ဝင်စာမေးပွဲ လေးဘာသာဂုဏ်ထူးရှင် မောင်ဇော်လွင်ဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြနှင်းနွယ်က ထူးချွန်ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က-ပ)

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဦးတည်ချက်

(က) နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

(ခ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးအတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(ဂ) ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရေး။

ဒီဇင်ဘာ ၂၇ ရက်က နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ရှမ်းပြည်နယ် (တောင် ပိုင်း) အထူးဒေသ(၆) P.N.O ပအိုဝ်း အမျိုးသားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ခမ်းထီ၊ ဒုတိယဥက္ကဋ္ဌ ဦးခင်ကျော်ညိုနှင့် အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိ ဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံ နှုတ်ဆက်စဉ်။ (သတင်းရှေ့ဖုံး) (သတင်းစဉ်)

လူငယ်ကျောင်းပေါင်းစုံဘောလုံးပြိုင်

ရန်ကုန် ဒီဇင်ဘာ ၂၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန လူငယ်ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ကြည့်မြင်တိုင်မြို့နယ်စလင်းအားကစားကွင်း၌ကျင်းပရာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးစစ်မြိုင်က ဘောလုံးကို ကွင်းလယ်သို့ကန်၍ ဖွင့်လှစ်ပေးသည်။ လူငယ်ဘောလုံးပြိုင်ပွဲတွင် အသင်း ၁၂ သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။

အလားတူလူငယ်သင်တန်းကျောင်းပေါင်းစုံ အမျိုးသမီးများ ဘော်လီဘောပြိုင်ပွဲကိုလည်း တစ်ပြိုင်တည်း ကျင်းပကြောင်းသတင်းရရှိသည်။**(သတင်းစဉ်)**

မြန်မာ့အာမခံလုပ်ငန်းစုပေါင်းလမ်းလျှောက်ပြိုင်ပွဲဆုပေး

ရန်ကုန် ဒီဇင်ဘာ ၂၇

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း၏ ၂၀၀၃ ခုနှစ် ဒီဇင်ဘာနောက်ဆုံးပတ်စုပေါင်းလမ်းလျှောက်ပွဲနှင့်အားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့နံနက် ၆ နာရီတွင် မြန်မာ့အာမခံလုပ်ငန်း ရုံးချုပ်၌ကျင်းပရာ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး သိန်းလွင်က အဖွင့်အမှာစကား ပြောကြားသည်။

အားကစားပြိုင်ပွဲများမစမီ နံနက် ၅ နာရီတွင် မြန်မာ့အာမခံလုပ် ငန်း အထွေထွေမန်နေဂျာ ဦးမောင်မောင်သိမ်းဦးစီး၍ အရာထမ်း၊ ဝန်ထမ်းအင်အား ၄၀၀ ဖြင့်စုပေါင်းလမ်းလျှောက်ကြရာ နံနက် ၆ နာရီတွင်ရုံးချုပ်သို့ ပြန်လည်ရောက်ရှိသည်။ ဆက်လက်၍ အားကစားပြိုင်ပွဲများကို ကျင်းပရာ ထုပ်ဆီးတိုးပွဲ၊ လွန်ဆွဲပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲများ၊ အာလူးကောက်နှင့် ရေအိုးရွက်ပြိုင်ပွဲများကို ပြုလုပ်ပြီး ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဆုများကိုချီးမြှင့်သည်။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ ရန်ကုန်မြို့တွင်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ဖက်ဒရေးရှင်း All China Women's Federation(ACWF)မှ ဒုတိယဥက္ကဋ္ဌ Mme.Chen Xiurong နှင့် အဖွဲ့ဝင်များအား မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းက ကုန်သည်ကြီးများ ဟိုတယ်၌ နေ့လယ်စာဖြင့်တည်ခင်းဧည့်ခံပွဲသို့ တက်ရောက်စဉ်။(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဦးဝင်းအောင် စာနာထောက်ထားကြောင်းသဝဏ်လွှာပို့

ရန်ကုန် ဒီဇင်ဘာ ၂၇

အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံတွင် ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်က ကျရောက်ခဲ့သော ကြီးမားသည့်ငလျင်ဘေးဒဏ်ကြောင့် အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရခြင်းအတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ကာမဲခါရာဇီထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၅၆)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၂၇

ပြန်ကြားရေး ဝန်ကြီးဌာနက ကြီးကြပ်ထုတ်ဝေသည့်နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်းအမှတ်(၅၆)ကိုယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ဓါတ်ပုံ)**

မင်းယုဝေ၊ ရွှန်းမြအောင်၊ ညွှန့်ဝေကသာ၊ မြင်းမူမောင်နိုင်မိုး၊ သိပ္ပံစိုးမြင့်နိုင်၊ ဝင်းဝေနောင်၊ မောင်စောထွန်း(ကျောက်ကုန်း)၊ ခက်ဇော်၊ တင့်ထွန်း(ချောက်)၊မောင်ပြည့်စွမ်း(ပင်လယ်ဘူး)၊ ဆောင်းမွန်းချစ်၊ ခွန်ဇော် (ဟိုပုံး)တို့၏ အဖွင့်ကဗျာများ၊ တက္ကသိုလ်တင်ခ၊ ဒေါက်တာမတင်ဝင်း၊ မောင်အံ့(မဟာဝိဇ္ဇာ–ဘုံဘေ)၊ စောမုံညင်း၊ ယုဝတီခင်ဦး၊ အောင်စည်ဟိန်း၊ မြင့်သိန်းအောင်ကို(တက္ကသိုလ်)၊ ပခုက္ကူဦးအုံးဖေ၊ နေမျိုးသန့်၊ မင်းလဲ့ရီ၊ မြင့်မြင့်(ဘားအံ့)၊ မောင်ကျေးဇူး၊ ဦးကျော်ကျော်သန်း(ရွှေဘို)၊ မြင့်သူရ၊ မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)၊ လယ်ကိုင်းမိုးထိ၊မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၊ မြင့်သိင်္ဂီမော်၊ခင်စောတင့်၊ ချောင်းဦးမောင်စန္ဒာ၊ မောင်မြင့်မိုရ် (ဧရာဝတီ)၊ ရွှေညာမောင်မောင်၊ မောင်စိုးထိုက်(သုံးဆယ်)၊ တက္ကသိုလ်စိုးယဉ် တို့၏ ဆောင်းပါးများ၊ လယ်တွင်းသားစောချစ်၊ ဆင်ဖြူကျွန်းအောင်သိန်း၊ ချစ်စံဝင်း၊ မိုးမြင့်လွင်၊ ပတ္တမြားနီနီ၊ သုခထွေး(တောင်တွင်းကြီး)၊ မအူပင် လွင့်ကျော်၊ မင်းဟိန်းထိပ်၊ သန်လျင်မောင်မောင်ဦး၊ မောင်မြင့်မား(ဘိုကလေး)တို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်များအပြင် ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ ကဗျာပန်းရံရိပ်၊ တောခလေ့စာပန်းချီ၊ ကာတွန်း၊ ဟာသကဏ္ဍစုံလင်စွာ တင်ဆက်ထားသည်။

အဆိုပါ မဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်၊ ပညာရွှေတောင်၊ လမင်းအိမ်၊ အမေ့အိမ်၊ မြင့်မိုရ်(၂)၊ စာပေလောက(၅)၊ အောင်ပြည့်စုံ၊ မန္တလေးမြို့ ထွန်းဦးစာပေ၊ နဂါး၊ ရဲရင့်စာပေ၊ ပြည်မြို့ အောင်နိုင်၊ သုခ၊ မကွေးမြို့ အောင်ဖြိုး၊ ကလောမြို့ ပြည်သူ့အလင်းစာနယ်ဇင်း၊ တောင်ကြီးမြို့ မီလျံနာစာပေ၊ မော်လမြိုင်မြို့ ကျော်ကျော်စာပေ၊ ပျဉ်းမနားမြို့ သရဖူစာပေ၊ ပဲခူးမြို့ သဇင်စာပေ၊ လားရှိုးမြို့ ဝင်းနိုင်စာပေ၊ ဟဲဟိုးမြို့ အရှေ့ကုန်းမြင့်စာပေ၊ ရွှေဘိုမြို့ နံ့သာသစ်စာပေ၊ မအူပင်မြို့ ကျင်ဝင်းငြိမ်း စာပေနှင့် ငွေပဒေသာထီဆိုင်၊ ကွမ်လုံ၊ တန့်ယန်း၊ မူဆယ်မြို့နယ်များတွင် စာပေနှင့် စာနယ်ဇင်းအဖွဲ့ရုံးများ၌ ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

စခန်းသာဟိုတယ် မြန်မာထမင်းဆိုင်နှင့် လက်ဖက်ရည်ဆိုင်ဖွင့်

ရန်ကုန် ဒီဇင်ဘာ ၂၇

စခန်းသာဟိုတယ် (ရန်ကုန်ဘူတာကြီး)အဆင့်မြင့်ဝန်ဆောင်မှုအဖြစ် မြကန်သာ မြန်မာထမင်းဆိုင်နှင့် အဆင့်မြင့်လက်ဖက်ရည်ဆိုင်တိုးချဲ့ဖွင့်လှစ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အဆိုပါဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ စခန်းသာဟိုတယ် မန်နေဂျာ ဦးသိန်းတန်က အဆင့်မြင့်ဝန်ဆောင်မှုအဖြစ် တိုးချဲ့ဆောင်ရွက်ချက်များကို ရှင်းလင်းပြီး တက်ရောက်လာကြသည့် စာနယ်ဇင်းသမားများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။ အဆိုပါစခန်းသာဟိုတယ်၏ အဆင့်မြင့်ဝန်ဆောင်မှုဖြစ်သော မြကန်သာမြန်မာထမင်းဆိုင်နှင့် အဆင့်မြင့် လက်ဖက်ရည်ဆိုင်တို့ကို အများပြည်သူစားသုံးနိုင်ရန် ပိတ်ရက် မရှိ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းဥက္ကဋ္ဌအား တရုတ်အမျိုးသမီးရေးရာအဖွဲ့မှဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့တွေ့ဆုံ

ရန်ကုန် ဒီဇင်ဘာ ၂၇

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းဥက္ကဋ္ဌ ဒေါ်ခင်မြင့်မြင့်အား ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ All China Women's Federation မှ ဒုတိယဥက္ကဋ္ဌ Mme. Chen Xiurong နှင့်အဖွဲ့သည် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဒေါ်မေမေရီ၊ အထွေထွေအတွင်းရေးမှူးပါမောက္ခဒေါက်တာဒေါ်ခင်အေးဝင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်း အမှတ်(၂၈၈/၂၉၀)ရှိ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း စတင်တည်ထောင်သူနှင့် အကြံပေးပုဂ္ဂိုလ် ပါမောက္ခဒေါ်ရီရီမြင့်၊ ဒေါ်စိန်စိန်(အကြံပေး)၊ အသင်းဒုတိယဥက္ကဋ္ဌဒေါ်နုနုရီ၊ အတွင်းရေးမှူးဒေါ်လှဝတီ၊ တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်လေး၊ ဘဏ္ဍာရေးမှူး ဒေါ်တင်ရွှေ၊ တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်၊ နိုင်ငံတကာဆက်သွယ်ရေးအဖွဲ့ဝင် ဒေါ်မြတ်သန္တာနှင့် အဖွဲ့ဝင်များတက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းဥက္ကဋ္ဌ ဒေါ်ခင်မြင့်မြင့်က နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး အသင်းမှ တာဝန်ရှိသူများနှင့်မိတ်ဆက်ပေးသည်။

ဆက်လက်၍ ဧည့်သည်တော် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့၏ မေးမြန်းချက်များကိုအသင်းစတင် တည်ထောင်သူနှင့် အကြံပေးပုဂ္ဂိုလ် ပါမောက္ခဒေါ်ရီရီမြင့်က အသင်း၏ဖွဲ့စည်းပုံ၊ ရည်ရွယ်ချက်၊ လုပ်ငန်းများနှင့် ဒသမအကြိမ် အပြည်ပြည်ဆိုင်ရာ စီးပွားရေးစွမ်းဆောင်ရှင် အမျိုးသမီးများအသင်းချုပ် ကမ္ဘာ့ညီလာခံနှင့်ပတ်သက်၍ ရှင်းလင်းဖြေကြားသည်။ ထို့နောက် ဧည့်သည်တော် ဒုတိယဥက္ကဋ္ဌသည် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် ဧည့်သည်တော်ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့အားအသင်း ဥက္ကဋ္ဌ ဒေါ်ခင်မြင့်မြင့်က အမှတ်တရ လက်ဆောင်များပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဧည့်သည်တော် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့အား မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းက ကုန်သည်ကြီး များဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

၂၀၀၃ ခုနှစ် မောင်မြန်မာ၊ မယ်မြန်မာ ပြိုင်ပွဲ အောင်ခိုင်ဝင်းနှင့် မေပွင့်လှိုင် ပထမဆု ဆွတ်ခူး

သတင်းဆောင်းပါး-ကိုထွေး၊ ဓာတ်ပုံ-သန်းနိုင် (မြန်မာ့အလင်း)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက မောင်မြန်မာ(အကြီးတန်း)ပြိုင်ပွဲတွင် ပထမ ရရှိသူ အောင်ခိုင်ဝင်းအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ရန်ကုန် ဒီဇင်ဘာ ၂၇

မြန်မာနိုင်ငံ ကာယဗလနှင့်ကာယ အလှအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် မောင်မြန်မာ၊ မယ်မြန်မာပြိုင်ပွဲကို ဒီဇင်ဘာ ၂၇ ရက် မွန်းတည့် ၁၂နာရီတွင် မြို့တော်ခန်းမ၌ ကျင်းပသည်။ မောင်မြန်မာပြိုင်ပွဲ၌ အငယ်တန်းနှင့် အကြီးတန်း နှစ်တန်းပြိုင်ကြရပြီး မယ်မြန်မာပြိုင်ပွဲ၌ တစ်တန်းတည်းသာ ပြိုင်ရသည်။ ၂၀၀၃ ခုနှစ် မောင်မြန်မာ ပြိုင်ပွဲတွင် အငယ်တန်းပြိုင်ပွဲ၌ ၁၅ဦး၊ အကြီးတန်းပြိုင်ပွဲ၌ ကိုးဦး ပါဝင်ယှဉ်ပြိုင်ကြပြီး မယ်မြန်မာပြိုင်ပွဲတွင် ခုနစ်ဦး ပါဝင်ယှဉ်ကြသည်။

မောင်မြန်မာ အငယ်တန်းပြိုင်ပွဲတွင် တင့်နိုင်က ပထမ၊ အောင်မျိုးမင်းက ဒုတိယ၊ အောင်အောင်က တတိယ ရရှိသည်။ မောင်မြန်မာ အကြီးတန်း ပြိုင်ပွဲတွင် အောင်ခိုင်ဝင်းက ပထမ၊ ဇော်ဝမ်းက ဒုတိယ၊ ထွန်းထွန်းဦးက တတိယရရှိသည်။ မယ်မြန်မာပြိုင်ပွဲတွင် မေပွင့်လှိုင်က ပထမ၊ အောင်မေဦးက ဒုတိယ၊ မိမိအောင်က တတိယ ရရှိသည်။

ဆုချီးမြှင့်

၂၀၀၃ ခုနှစ် မောင်မြန်မာ၊ မယ်မြန်မာ ပြိုင်ပွဲတွင် ဆုရရှိကြသူများအား ငွေသားဆုများချီးမြှင့်ရာ မောင်မြန်မာအကြီးတန်းပြိုင်ပွဲ၌ ပထမဆုကို ကျပ်နှစ်သိန်း၊ ဒုတိယဆုကို ကျပ်တစ်သိန်းခွဲ၊ တတိယဆုကို ကျပ်တစ်သိန်း ချီးမြှင့်သည်။ မောင်မြန်မာ အငယ်တန်းပြိုင်ပွဲ၌ ပထမဆုကို ကျပ်တစ်သိန်းခွဲ၊ ဒုတိယဆုကို ကျပ်တစ်သိန်း၊ တတိယဆုကို ကျပ် ခုနစ်သောင်းချီးမြှင့်သည်။ မယ်မြန်မာပြိုင်ပွဲ၌ ပထမဆုကို ကျပ်နှစ်သိန်း၊ ဒုတိယဆုကို ကျပ်တစ်သိန်းခွဲ၊ တတိယဆုကို ကျပ်တစ်သိန်း ချီးမြှင့်သည်။ မောင်မြန်မာ (အငယ်တန်း)နှင့် မောင်မြန်မာ အကြီးတန်းပြိုင်ပွဲတွင် ဆဋ္ဌမအထိ ငွေသားဆုချီးမြှင့်ပြီး မယ်မြန်မာပြိုင်ပွဲတွင် သတ္တမအထိ ငွေသားဆုချီးမြှင့် သည်။

တွေ့ဆုံမေးမြန်း

မောင်မြန်မာ၊ မယ်မြန်မာပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားအပြီးတွင် မောင်မြန်မာအကြီးတန်းပြိုင်ပွဲ၌ ပထမဆုရရှိသွားသော အောင်ခိုင်ဝင်းနှင့် မယ်မြန်မာပြိုင်ပွဲ၌ ပထမဆုရရှိသွားသော မေပွင့်လှိုင်တို့အား မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

ပထမဦးစွာ ပြိုင်ပွဲဝင်ခါးနံပါတ်(၇)ဖြင့် ပထမဆုရရှိသွားသော ၂၀၀၃ ခုနှစ် မောင်မြန်မာ(အကြီးတန်း)အောင်ခိုင်ဝင်းအား ဆုရရှိသည့်အတွက် ခံစားချက်သဘောထားကိုမေးမြန်းရာ "ယခုပြိုင်ပွဲတွင် ပထမဆုရမည်ဟု ကြိုတင်ယုံကြည်မျှော်လင့်ထားသည့်အတိုင်း ပထမဆုရရှိခဲ့သည့်အတွက် ဝမ်းသာပျော်ရွှင်မိကြောင်း၊ မောင်မြန်မာပြိုင်ပွဲကို ၂၀၀၂ခုနှစ်၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပထမဆုရရှိခဲ့ကြောင်း၊ ယခုအကြိမ်နှင့်ပါဆိုလျှင် နှစ်ကြိမ်ပါဝင်ယှဉ်ပြိုင်ခဲ့ရာ နှစ်ကြိမ်စလုံး ပထမဆုရရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယအလှ အဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် မောင်မြန်မာပြိုင်ပွဲသည် ပြည်တွင်း၌ အဆင့်အမြင့်ဆုံးပြိုင်ပွဲဖြစ်၍ ပထမဆုကို မြတ်မြတ်နိုးနိုးရှိကြောင်း၊ စိတ်ကြိုက်ပြကွက်များ ပြသနိုင်ခဲ့ကြောင်း"မြန်မာ့အလင်းသို့ ပြောကြားသည်။



၂၀၀၃ခုနှစ် မောင်မြန်မာ(အကြီးတန်း)ပြိုင်ပွဲတွင် ပထမရရှိသွားသော အောင်ခိုင်ဝင်း(မြို့တော်စည်ပင်)။ (မြန်မာ့အလင်း)

အောင်ခိုင်ဝင်းကို အဖ ဦးတင်ဝင်း၊ အမိဒေါ်သိန်းကြည်တို့က မကွေးတိုင်း ငဖဲမြို့နယ် ပဒန်းကျေးရွာ၌ မွေးဖွားခဲ့သည်။ အရပ်အမြင့် ၅ပေ ၆လက်မ၊ အသက် (၂၂)နှစ်ဖြစ်သည်။ လက်ရှိမိခင်ဌာနမှာ မြို့တော်စည်ပင်ဖြစ်သည်။ (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ၇၀ ကီလိုတန်းကာယဗလမောင်ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ တတိယဆုရရှိခဲ့သည်။

မေပွင့်လှိုင်



၂၀၀၃ခုနှစ် မယ်မြန်မာပြိုင်ပွဲတွင် ပထမရရှိသွားသော မေပွင့်လှိုင်အား ဆုနှင့်အတူတွေ့ရစဉ်။ (မြန်မာ့အလင်း)

ဆက်လက်၍ ပြိုင်ပွဲဝင် ခါးနံပါတ်(၁)ဖြင့် ပထမဆုရရှိသွားသော ၂၀၀၃ခုနှစ် မယ်မြန်မာမေပွင့်လှိုင်အား ဆုရရှိခြင်းအတွက် ခံစားမှုသဘောထားကိုမေးမြန်းရာ "ပထမဆုရမည်ဆိုသည့် ယုံကြည်ချက်ဖြင့် ယှဉ်ပြိုင်ခဲ့ကြောင်း၊ သို့သော် ပြိုင်ပွဲဝင် မယ်များအားလုံးအရမ်းလှကြသည့်အတွက် စိတ်ထဲတွင် အပြည့်အဝမထင်ထားခဲ့ကြောင်း၊ ဆုရသည့်အခါတွင် အတိုင်းအဆမရှိ ဝမ်းသာပျော်ရွှင်မိကြောင်း၊ မယ်လောကသို့ ၁၉၉၅ခုနှစ်၌ စတင်ဝင်ရောက်ခဲ့ကြောင်း၊ ၁၉၉၅ ခုနှစ် ကျောင်းသားအားကစားပွဲတော်၌ ကျင်းပသည့် မယ်မြန်မာပြိုင်ပွဲ၌ တောင်ဥက္ကလာပ အထက(၃)ကို ကိုယ်စားပြု၍ ပထမဆုံးအကြိမ် ပါဝင်ယှဉ်ပြိုင်ရာ တတိယဆု ရရှိခဲ့ကြောင်း၊ ယခုပြိုင်ပွဲ၌ပထမဆုရရှိနိုင်ရေးအတွက် အိုလံပစ်မယ်ပြိုင်ပွဲ ပြီးကတည်းက ရည်ရွယ်လေ့ကျင့်ခဲ့ကြောင်း၊ ရင်၊ ခါး၊ တင် အချိုးကျန စေရန်အတွက် တစ်ရက်တစ်မျိုးစီ လေ့ကျင့်ခဲ့ရကြောင်း၊ အသီးအရွက် များများစားရပြီး ကိုလက်စထရောများသည့် အစားအစာများကို ရှောင် ရကြောင်း၊ အဆီလျှော့စားကြောင်း၊ အရောင်များထဲ၌ အဖြူရောင်ကို အကြိုက်ဆုံးဖြစ်သော်လည်း ယခုပြိုင်ပွဲ၌ ပန်းရောင်ဝတ်ဆင် ယှဉ်ပြိုင်ခဲ့ကြောင်း၊ မောင်ဗမာစိန်မောင်၏ တပည့်ရင်းဖြစ်ကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

မေပွင့်လှိုင်ကို အဖ ဦးစိန်လွင်၊ အမိ ဒေါ်ခင်စန်းတို့က ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၌ မွေးဖွားခဲ့သည်။ အရပ်အမြင့် ၅ ပေ ၅ လက်မ၊ ကိုယ်အလေးချိန် ပေါင်၁၂၀ ဖြစ်သည်။ အင်္ဂလိပ်စာ အဓိကဘာသာတွဲဖြင့် ဝိဇ္ဇာဘွဲ့ရရှိထားပြီး ယခုအခါ တက္ကသိုလ်ပညာ ဆက်လက်သင်ကြားနေဆဲဖြစ်သည်။ အသက် (၂၃) နှစ်ဖြစ်သည်။ ခန္ဓာကိုယ်အချိုးအစားမှာ ရင် ၃၄ လက်မ၊ ခါး ၂၃ လက်မနှင့် တင် ၃၆ လက်မ ဖြစ်သည်။

ပထမဆု

ရန်ကုန်တိုင်း ကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ပထမဆု ခြောက်ဆုရရှိထားသည်။ ၂၀၀၀ ပြည့်နှစ် ပြည်နယ်နှင့်တိုင်း ကာယအလှမယ် ပြိုင်ပွဲတွင် ပထမဆု၊ ၂၀၀၃ ခုနှစ် အိုလံပစ်မယ် (အကြီးတန်း)ပြိုင်ပွဲ၌ပထမဆုရရှိခဲ့ကြောင်း သိရှိရသည်။ ။

(မြန်မာ့အလင်း)

❑ *အတွင်းရေးမှူး(၁) မှ*

ပြိုင်ပွဲတွင် မောင်မြန်မာ(အငယ်တန်း)ပြိုင်ပွဲ၌ ပြိုင်ပွဲဝင် ၁၅ဦး၊ မောင်မြန်မာ(အကြီးတန်း)ပြိုင်ပွဲ၌ ပြိုင်ပွဲဝင် ကိုးဦး၊ မယ်မြန်မာ (အလွတ်တန်း)ပြိုင်ပွဲ၌ ပြိုင်ပွဲဝင် ခုနစ်ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက မောင်မြန်မာ (အကြီးတန်း)ပြိုင်ပွဲတွင် ပထမ အောင်ခိုင်ဝင်း၊ ဒုတိယ ဇော်ဝမ်း၊ တတိယ ထွန်းထွန်းဦးနှင့် ဆဋ္ဌမဆုအထိရရှိကြသူများအားလည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မောင်မြန်မာ (အငယ်တန်း)ပြိုင်ပွဲတွင် ပထမ တင့်နိုင်၊ဒုတိယအောင်မျိုးမင်း၊တတိယ အောင်အောင်နှင့်ဆဋ္ဌမဆုအထိရရှိကြသူများအားလည်းကောင်း၊ မယ်မြန်မာ (အလွတ်တန်း)ပြိုင်ပွဲတွင် ပထမ မေပွင့်လှိုင်၊ ဒုတိယ အောင်မေဦး၊ တတိယ မိမိအောင်နှင့် သတ္တမဆုအထိရရှိကြသူများအား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်၏ ဇနီးဒေါ်စံယုံနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၏ ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ်တို့က လည်းကောင်း ဂုဏ်ပြုဆုဖလားနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြကြောင်းသိရသည်။

(သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း ကျောင်းပေါင်းစုံ မီနီတင်းနစ်ပြိုင်ပွဲဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၇

အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ်(ITF)၏မျိုးဆက်သစ်လူငယ် အားကစားသမားများ မွေးမြူဖော်ထုတ်ရေးအစီအစဉ်အရ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၃ခုနှစ် သတ္တမအကြိမ် ပြည်နယ်နှင့်တိုင်းကျောင်းပေါင်းစုံ မီနီတင်းနစ်ပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနားကိုယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပရာ အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးသောင်းထိုက်နှင့်တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန(ရန်ကုန်မြို့တော်) ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်အတွင်းရေးမှူး ဒေါက်တာတင်အောင်လင်းနှင့်အမှုဆောင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ ဆုရပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဗိုလ်လုပွဲ ပွဲစဉ်များအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရ ကချင်ပြည်နယ်၊ ဒုတိယဆုရ မန္တလေးတိုင်း၊ တတိယဆုရ ပဲခူးတိုင်းနှင့် မကွေးတိုင်းတို့အား မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် အမှုဆောင် ဗိုလ်မှူးတင်စောနိုင်ကလည်းကောင်း၊ အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်း၊ ဒုတိယဆုရ ချင်းပြည်နယ်၊ တတိယဆုရ ကချင်ပြည်နယ်နှင့် မကွေးတိုင်းအသင်းတို့အား မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် အတွင်းရေးမှူး ဒေါက်တာတင်အောင်လင်းကလည်းကောင်း၊ ပြိုင်ပွဲတွင် အကောင်းဆုံး အမျိုးသမီး အားကစားသမားဆုရ ကချင်ပြည်နယ်မှ နွေးရတနာဦးနှင့် အကောင်းဆုံးအမျိုးသား အားကစားသမားဆုရ မန္တလေးတိုင်းမှ ဝမ်းကိုကိုတို့အား အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဥာဏ်ထွန်းကလည်းကောင်း၊ ပြိုင်ပွဲတွင် အတိုးတက်ဆုံး အမျိုးသမီးအားကစားသမားဆုရ ကချင်ပြည်နယ်မှ သန္တာထွန်းနှင့် အတိုးတက်ဆုံး အမျိုးသားအားကစားသမားဆုရ ချင်းပြည်နယ်မှ ဒေးဗစ်တို့အား အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူကလည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရရှိသော ကချင်ပြည်နယ်နှင့် အမျိုးသားပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရရှိသော မန္တလေးတိုင်းအသင်းတို့အား အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်ကလည်းကောင်း ဆုများ အသီးသီးချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် အတွင်းရေးမှူး ဒေါက်တာတင်အောင်လင်းက ပြိုင်ပွဲတွင် အားကစား တီရှပ်များ ပံ့ပိုးပေးသူ ဦးသိန်းလွင်နှင့် ခွန်အားပြည့် အစားအသောက်များအတွက် ပံ့ပိုးပေးသူ ဦးခင်မောင်တို့အား ဂုဏ်ပြုလက်မှတ်များ ပေးအပ်ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း ကျောင်းပေါင်းစုံ မီနီတင်းနစ်ပြိုင်ပွဲတွင် တံခွန်စိုက်ဆုရရှိသော ကချင်ပြည်နယ် အမျိုးသမီးအသင်းအား အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ဆုချီးမြှင့်စဉ်။ (အား/ကာ)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၏ တိုးတက်ဖြစ်ထွန်းမှုများ

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနသည် ပြည်သူလူထု၏ စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များအတွက် လိုအပ်ချက်များဖြည့်ဆည်းပေးရေး၊ ဆက်သွယ်ရေးလုပ်ငန်းများကို ပြည်သူလူထု လွယ်ကူပြေပြစ်စွာအသုံးပြုနိုင်ရေးအတွက် စာတိုက်၊ ကြေးနန်းနှင့် တယ်လီဖုန်းစခန်းများကို တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ခေတ်မီဆက်သွယ်ရေးနည်းပညာများကိုလည်း အဆင့်တိုးမြှင့်ဆောင်ရွက်နိုင်ရန် စီမံကိန်းများချမှတ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက မန္တလေးတိုင်း ညောင်ဦးမြို့တွင် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် ဆက်သွယ်ရေးစခန်းသစ်။

၁၉၈၈ မှ ၂၀၀၃ ခုနှစ်အထိ တိုးတက်ဖြစ်ပေါ်လာသော ဆက်သွယ်ရေးကဏ္ဍများ

စာတိုက်နှင့်ကြေးနန်း

စဉ်	အကြောင်းအရာ	၁၉၈၈ ခုနှစ်	၂၀၀၃ ခုနှစ်
၁	စာတိုက်စခန်း	၁၁၁၅	၁၃၀၇
၂	ကြေးနန်းစခန်း	၃၁၀	၄၆၀
	စုစုပေါင်း	၁၄၂၅	၁၇၆၇

တယ်လီဖုန်း

စဉ်	အကြောင်းအရာ	၁၉၈၈ ခုနှစ်	၂၀၀၃ ခုနှစ်
၁	အော်တိုတယ်လီဖုန်းစခန်း	၃၃	၁၂၇
၂	လက်သုံးတယ်လီဖုန်းစခန်း	၂၁၂	၅၉၉
၃	တယ်လီဖုန်းလိုင်း	၆၇၀၁၆	၃၄၂၃၁၇

မိုလ်ဘိုင်းဖုန်း

စဉ်	အကြောင်းအရာ	စတင်သည့်နေ့	အလုံးရေ (၂၀၀၃)
၁	ဆယ်လ်လူလာတယ်လီဖုန်းစနစ်	၈-၁၂-၁၉၉၃	၈၅၀၀ လုံး
၂	Digital European Cordless Telecommunication System	၃၀-၁-၁၉၉၇	၂၇၀၀ လုံး
၃	CDMA တယ်လီဖုန်းစနစ်	၁၇-၁၀-၁၉၉၇	Fixed-၁၈၂၅၀ လုံး Mobile-၁၁၈၀၀ လုံး
၄	GSM Mobile စနစ်	၁၂-၃-၂၀၀၂	၂၁၉၀၀ လုံး
		စုစုပေါင်း	၆၃၁၅၀ လုံး

ပြည်ပဆက်သွယ်ရေး

စဉ်	အကြောင်းအရာ	ချယ်နယ်/လိုင်း	ခုနှစ်
၁	ဂြိုဟ်တုစနစ်	၉၃၀	၁၉၉၄
၂	ရေအောက်ကေဘယ်လ်	၈၃၄	၁၉၉၉
၃	အင်တာနက်ဆက်သွယ်မှု	၅၇	၁၉၉၉



တာချီလိတ်မြို့တွင် မိုက္ကရိုဝေ့ဗ် တာဝါ တည်ဆောက်ရေးလုပ်ငန်းများ ဤသို့ဆောင်ရွက်ခဲ့သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့တွင် မိုက္ကရိုဝေ့ဗ်(၃၂)တာဝါ တပ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

ဆက်သွယ်ရေးလုပ်ငန်း အဆင်ပြေချောမွေ့စေရေးအတွက် မန္တလေးနှင့် လှိုင်ကော် ဒစ်ဂျစ်တယ်မိုက္ကရိုဝေ့ဗ်ဆက်ကြောင်းသစ်ကို မန္တလေးမြို့ ဆက်သွယ်ရေးစခန်းတွင် ဖွင့်လှစ်ပေးခဲ့သည်။

ဗုဒ္ဓဘာသာဂုဏ်ရည် စာအုပ်ထုတ်ဝေဖြန့်ချိ



ရန်ကုန် ဒီဇင်ဘာ ၂၇

ဓမ္မာစရိယ ဦးအေးနိုင် (ဘီအေ) (မဟာသဒ္ဓမ္မဇောတိကဓဇ)ရေးသားပြုစုသောဗုဒ္ဓဘာသာဂုဏ်ရည်စာအုပ်ကို မြတ်ပန်းရဂုံစာပေ အမှတ် ၄၇၃(က) နီလာ ၆ လမ်း (၈) ရပ်ကွက် မြောက်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့ကထုတ်ဝေဖြန့်ချိထားကြောင်း သိရသည်။ **(အပေါ်ပုံ)**

(က-ပ)



တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

အဆင့်မြင့်တန်းအမှတ်ပေးပြိုင်ပွဲ ပို့ဆောင်ရေးကစွမ်းအင်ကိုအနိုင်ရ

ရန်ကုန် ဒီဇင်ဘာ ၂၇

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃-၂၀၀၄ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃နာရီတွင် အောင်ဆန်း အားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ ပို့ဆောင်ရေးအသင်းက စွမ်းအင်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ပို့ဆောင်ရေးအသင်းအတွက် ပထမဂိုးကို မိနစ် ၃၀ တွင် ပယ်နယ်တီ ပြစ်ဒဏ်ဘောမှ တစ်ဆင့် ဝင်းမင်းထွဋ်က ကန်သွင်းယူသည်။ ဒုတိယဂိုးကို မိနစ် ၄၀ တွင် မြတ်မင်းဦးက သွင်းယူသည်။ ပထမပိုင်းအပြီးတွင် ပို့ဆောင်ရေးအသင်းက နှစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံးဂိုးမသွင်းနိုင်ဘဲ ပို့ဆောင်ရေးက နှစ်ဂိုးပြတ်အနိုင်ရရှိသွားခြင်းဖြစ်သည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို ပို့ဆောင်ရေးအသင်းမှ ကျော်ဒွန်းက ရရှိသည်။

ယနေ့ပွဲမရှိ

ဒီဇင်ဘာ ၂၈ ရက်တွင် ပွဲမရှိဘဲ ဒီဇင်ဘာ ၂၉ ရက် ညနေ ၃နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကာကွယ်ရေးအသင်းနှင့် တံခွန်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ကွန်ပျူတာသင်တန်းများဖွင့်လှစ်ပို့ချမည်

ရန်ကုန် ဒီဇင်ဘာ ၂၇

Singa Training Ltd.နှင့် Singapore Informatics Holding Limited.တို့ပူးပေါင်းဖွင့်လှစ်ထား သော မြေနီကုန်းပလာဇာ ဒုတိယထပ်ရှိ Informatics International Computer Training Centerတွင် ကွန်ပျူတာအခြေခံမှစ၍ အဆင့်မြင့်ဒီပလိုမာ သင်တန်းများကိုပို့ချပေးလျက်ရှိပြီး ဒီဇင်ဘာ Diplomaတန်းခွဲသစ်ကို ဒီဇင်ဘာ ၂၇ရက်မှစတင်၍ ဖွင့်လှစ်မည်ဖြစ်သည်။ သင်တန်းချိန်များကို စနေ၊ တနင်္ဂနွေနေ့များတွင်စီစဉ်ထားသည်။ အဆိုပါသင်တန်းကို တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ တက်ရောက်နိုင်ပြီး သင်တန်း ကာလမှာရှစ်လကြာမြင့်မည်ဖြစ်သည်။ အောင်မြင်ပြီးသူများသည် နိုင်ငံတကာအဆင့်မီ ဒီပလိုမာရရှိမည်ဖြစ်သည်။ Informaticsမှ Advanced Diplomaအောင်မြင်ပြီးသူများသည် Oversea Univer sityများသို့ Final Year ဆက်လက်တက်ရောက်နိုင်မည်ဖြစ်သည်။ ကွန်ပျူတာ တက္ကသိုလ်ပထမနှစ် တက်ရောက်မည့် ကျောင်းသား ကျောင်းသူများအတွက်ကိုလည်း Foundation Course များကို ဖွင့်လှစ်မည်ဖြစ်ရာ မြေနီကုန်း ပလာဇာဒုတိယထပ်ရှိ ဖုန်း-၅၂၅၉၇၁၊ ၇၀၆၇၄၀တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

အပ်ချုပ်စက်နှင့် အဝတ်အထည်များလှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၂၇

ဂျပန်နိုင်ငံ Council of Youth Organization of Oita Prefecture မှဥက္ကဋ္ဌ Mr. Ando Toshima နှင့်အဖွဲ့ဝင်လေးဦးတို့သည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ ဒုတိယအတွင်းဝန် Mr. Tetsuya လိုက်ပါလျက် ယမန်နေ့မွန်းလွဲ ၁ နာရီတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းရင်းသားကျေးရွာသို့ လာရောက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများနှင့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းများအတွက် အပ်ချုပ်စက်အလုံး ၅၀ နှင့်အသင့်ချုပ်ပြီး အမျိုးသားဝတ်၊ အမျိုးသမီးဝတ် အဝတ်အထည် ၁၈၃၀တို့ကို လှူဒါန်းရာ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးတင်ဝင်းနှင့် အထူးအရာရှိ ဗိုလ်မှူးကြီးသန်းရှိန်တို့က လက်ခံပြီးကျေးဇူးတင် စကားပြောကြားသည်။

(သတင်းစဉ်)

အများပြည်သူသိစေရန်

ရွှေခြသေ့အုပ်စုကုမ္ပဏီ(စက်မှုလက်မှု-ဆောက်လုပ်ရေး၊ ကူးသန်းရောင်းဝယ်ရေး၊ ရွှေသတ္တုတူးဖော်ခြင်းနှင့်မိုးကုတ်ကျောက်မျက်) လုပ်ငန်းများနှင့်ဆက်စပ်ပူးပေါင်းလုပ်ကိုင်ခဲ့သော လုပ်ငန်းရှင်များ၊ ပစ္စည်းရှင်များသိစေရန် ကြော်ငြာအပ်ပါသည်။

ရွှေခြသေ့အုပ်စုကုမ္ပဏီသည် မန္တလေးမြို့တွင် (ရုံးခွဲ)ဖွင့်လှစ်၍ ကျောက်ဆည်အိမ်ရာစီမံကိန်း၊ သပိတ်ကျဉ်းရွှေသတ္တုတူးဖော်ခြင်းလုပ်ငန်းကို လုပ်ကိုင်ခဲ့ပါသည်။

၁။ အဆိုပါ လုပ်ငန်းရှင်များနှင့်ဆက်နွှယ်ပြီး ငွေကြေးနှင့်ပစ္စည်းဖိုးများကို ကုမ္ပဏီမှပေးရန် တာဝန်ရှိပါသည်။ အဆိုပါပေးရန်ရှိသော ကြွေးမြီများသည် ဦးတင်စိန်(ဥက္ကဋ္ဌ)နှင့်တိုက်ရိုက် ပတ်သက်ခြင်းမရှိပါ၊ ရွှေခြသေ့အုပ်စုကုမ္ပဏီမှသာ တိုက်ရိုက်တာဝန်ယူပေးချေရှင်းလင်းမည် ဖြစ်ပါသည်။ အဆိုပါ ကြွေးမြီများကို ပေးဆပ်ရန်မှာ ကုမ္ပဏီ၏ တာဝန်ဖြစ်ပါသဖြင့် ရွှေခြသေ့အုပ်စု ကုမ္ပဏီအပေါ်၌ ရရန်ရှိသောလုပ်ငန်းရှင်နှင့် ပစ္စည်းရှင်များသည် ခိုင်လုံသော အထောက်အထားများကိုပြသလျက် (၂၀၀၄ခုနှစ် ဇန်နဝါရီ ၂၀ရက်မှ ၃၀ရက်)အတွင်း ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာထံ တင်ပြတောင်းခံကြပါရန် အသိပေးကြေညာအပ်ပါသည်။

၂။ရွှေခြသေ့အုပ်စုကုမ္ပဏီကိုပေးရန်ရှိသော လုပ်ငန်းရှင်များသည် (၂၀၀၄ခုနှစ် ဇန်နဝါရီ ၂၀ရက်မှ ၃၀ရက်)အတွင်း မန်နေဂျင်းဒါရိုက်တာထံဆက်သွယ်ပြီး လာရောက်ပေးအပ်ကြပါရန် ဤကြော်ငြာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

ဦးကျော်တင်ဝင်း
အမျိုးသားမှတ်ပုံတင်အမှတ်(MMO-၂၇၈၁၀၉)
မန်နေဂျင်းဒါရိုက်တာ
ရွှေခြသေ့အုပ်စုကုမ္ပဏီ
ရန်ကုန်မြို့။
ဖုန်း-၀၁-၂၈၄၉၆၃

ဘိန်းဖြူသိမ်းဆည်းရမိ

ရန်ကုန် ဒီဇင်ဘာ ၂၇

နယ်မြေခံထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ မူးယစ်(အထူး)တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ၁၇ရက်တွင် မူဆယ်မြို့နယ်ကောင်းရာကျေးရွာအနီးမှ ဖြတ်သန်း၍ မူးယစ်ဆေးဝါးများ သယ်ဆောင်ရန်ရှိကြောင်း သတင်းအရ ကျေးရွာပတ်ဝန်းကျင်၌ ကင်းပုန်းဝပ်စောင့်ဆိုင်းနေစဉ်မသင်္ကာဖွယ်ရာလူတစ်ဦးအား တွေ့ရှိရသဖြင့် ပိတ်ဆို့ဖမ်းဆီးခဲ့ရာ တရားခံမှ ထွက်ပြေးလွတ်မြောက်သွားခဲ့ပြီး ယင်းသယ်ဆောင်လာသောဘိန်းဖြူဆပ်ပြာခွက် ၁၉၈ခွက် စုစုပေါင်း အလေးချိန် ၂၁ဒသမ၈၉၅ကီလိုကိုပိုင်ရှင်မဲ့သိမ်းဆည်းရမိသည်။

အဆိုပါ မူးယစ်တရားခံပြေးနှင့် ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သော ဘိန်းဖြူ များအား သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူ နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လလယ် ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလအတွက် နောက်ဆုံးပတ်

(တနင်္ဂနွေနေ့) ၂၈-၁၂-၂၀၀၃ ရက်နေ့

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလအတွက်

၁၁-၁-၂၀၀၄ ရက်နေ့နှင့် ၂၅-၁-၂၀၀၄ ရက်နေ့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ် အမှတ်(၁၃၄/က)၊ ပတ္တမြားလမ်း၊ သွပ်ဝိုင်းကြီးရပ်ကွက်နေ ဦးတွာလျံတုန်း (၁၂/ဗတထ(နိုင်)၀၀၇၈၅၃)က သဃ်န်းကျွန်းမြို့နယ် မြေတိုင်းရပ်ကွက် အမှတ်(ကြီးပွားရေး)၊ မြေကွက်အမှတ် ၁၃၄/က(ဒေါ်လုံးခင်)အမည်ရှိ ပါမစ်မြေအား ဂရန်သစ် လျှောက်ထားခြင်းနှင့်မြောက်ဥက္ကလာပမြို့နယ် အမှတ်(ဇ/၆၈၁)၊ သုနန္ဒာ(၁)လမ်း နေ ဦးအုန်းတင်(၁၂/ဥကမ(နိုင်)၁၀၈၉၈၁)+၁က မြောက်ဥက္ကလာပမြို့နယ် မြေတိုင်းရပ်ကွက် အမှတ်(ဇ)မြေကွက်အမှတ်(၆၈၁)(ဦးမန်နီဂွန်၊ ဦးကိုက်တာဆာမိ)အမည်ရှိပါမစ်မြေအား ဂရန်သစ်လျှောက်ထားရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန။

၂၀၀၃ ခုနှစ် ကမ္ဘာ့ အကောင်းဆုံး ဘောလုံးသမားတို့၏ ပုံရိပ်လွှာများ (၂)

သတင်းဆောင်းပါး
မောင်မောင်ထွေး

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA)က ကြီးမှူး၍ ၂၀၀၃ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုများကို ယခု ဒီဇင်ဘာလအတွင်းက ရွေးချယ်ခဲ့ရာ ပြင်သစ်လက်ရွေးစင်နှင့် အင်္ဂလန် ပရီမီယာလိဂ် အာဆင်နယ် အသင်းတိုက်စစ်မှူး သီယာရီအွန်နရီက ဒုတိယနေရာ ရရှိသွားခဲ့သည်။

အမှန်စင်စစ် အွန်နရီနှင့် မြန်မာဘောလုံးပရိသတ်၊ မြန်မာဘောလုံးပရိသတ်နှင့်အွန်နရီတို့မှာ တစ်ဦးနှင့် တစ်ဦး မျက်နှာစိမ်းများ မဟုတ်ကြပေ။ တီဗွီဖန်သားပြင်မှတစ်ဆင့် အပတ်စဉ် ကူးလူးဆက်ဆံရင်းနှီးကြပြီး ဖြစ်သည်။

၂၀၀၃ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆု ရွေးချယ်မည့် အကြိုကာလများတွင် တကယ်တမ်းရေပန်းစားနေသူက အာဆင်နယ်အသင်းတွင် ခြေစွမ်းတွေပြကာ ကိုယ်တိုင်လည်း ဂိုးသွင်းနိုင်ပြီး ကစားဖော်များ ဂိုးရအောင် အကွက်ဆင်ဖန်တီးကစားပေးနေသည့် အွန်နရီပင်။

အပြီးသတ်ရွေးချယ်အပြီးတွင်မူ တစ်နိုင်ငံတည်းသား လက်ရွေးစင်အသင်းကစားဖော် နောင်တော်ကြီး ဇီဒန်းက ဖြတ်တက်သွားခဲ့၍ အွန်နရီတစ်ယောက် ဒုတိယနေရာဖြင့်သာ ကျေနပ်လိုက်ရသည်။ သို့သော်လည်း ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုကို သုံးကြိမ်တိုင်တိုင် ဆွတ်ခူးခဲ့သူ ကမ္ဘာကျော် ရော်နယ်ဒိုကိုမူ အွန်နရီက ဖြတ်တက်နိုင်ခဲ့သည်။

တကယ်တော့ အွန်နရီ၏ ဘောလုံးသမားဘဝအစသည်လည်း နောင်တော်ကြီး ဇီဒန်းကဲ့သို့ပင် ဘဝကိုရုန်းကန်လှုပ်ရှားပြီး တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းလာခဲ့ရသူဖြစ်သည်။

အွန်နရီ၏ ဘဝအစကား ပါရီမြို့တော် အစွန်အဖျားရပ်ကွက်တစ်ခုမှ အစပြုခဲ့ပေသည်။ အွန်နရီတည်းဟူသော နာမည်တစ်လုံးဖြင့် ကမ္ဘာ့တစ်လွှားတွင် လူတစ်လုံးသူတစ်လုံးကျော်ကြားလာစေရန် စတင်ပြုစု ပျိုးထောင်လေ့ကျင့်ပေးသည့် ပဋိရူပဒေသဝါသောစ နေရာကား ကလဲရင့်ဖောင်တိန် တည်းဟူသော ဘောလုံးသင်တန်း ကျောင်းတော်ကြီးပင်။

လက်ရွေးစင်အသင်းကြီးအတွက် တစ်နိုင်ငံလုံးမှ အလားအလာရှိသော လူငယ်ခြေတက်လေးများကို စနစ်တကျ မွေးမြူပေးသည့် ကျောင်းတော်ကြီးသို့ အသက် ၁၃ နှစ်အရွယ်ရှိ အွန်နရီလေးရောက်သွားခဲ့သည်။ ထိုကျောင်းတော်ကြီးတွင် အခြေခံဘောလုံးအဋ္ဌာရသ ပညာရပ်များကို အသက် ၁၅ နှစ်အရွယ်အထိ လေ့လာသင်ကြားခဲ့ရသည်။

ထိုမှတစ်ဆင့် မိုနာကိုကလပ်အကယ်ဒမီကျောင်းတွင် ဆက်လက်လေ့လာဆည်းပူးခဲ့ပြီး ၁၉၉၄ ခုနှစ် အသက် ၁၇ နှစ်သားအရွယ်၌ ပြင်သစ်ပထမတန်း မိုနာကိုကလပ်အသင်းတွင် ဆုကြေးစား ဘောလုံးသမားဘဝကို အစပြုကူးပြောင်းခဲ့ရာ နှစ်နှစ်အတွင်း ပထမလက်ရွေးစင်အဆင့် ရောက်လာခဲ့သည်။ မိုနာကိုအသင်း၏ နည်းပြငယ်ဆရာကား အခြားသူမဟုတ်၊ ယခုအာဆင်နယ်အသင်း၏ ဘော့စ်ဖြစ်သူ အာဆင်ဝင်ဂါးဖြစ်သည်။

ကြိုးစားသူတို့အတွက် ထိုက်တန်သောနေရာ၊ ထိုက်တန်သော ဆုလာဘ်သည် ရှိစမြဲတည်း။ အွန်နရီလေး၏ ခြေစွမ်းခြေစကြောင့် ထိုနှစ်မှစ၍ ပြင်သစ်လက်ရွေးစင်အသင်းတွင် ရွေးချယ်ခံရသည်။ အွန်နရီလေး ပြင်သစ်လက်ရွေးစင်အသင်းရောက်ရှိချိန်သည် လက်ရွေးစင်အသင်းကြီးမှာ ကြီးစွာသော ဖိအားများနှင့် ရင်ဆိုင်နေရချိန်ဖြစ်သည်။ ၁၉၉၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲခြေစစ်ပွဲအဆင့်မှာပင် ပြင်သစ်အသင်းသည် ဘူဂေးရီးယားကို ရှုံးပြီး ကမ္ဘာ့ဖလားပြိုင်ပွဲသို့ပင် ဝင်ရောက်ခွင့်မရရှိခဲ့၍ ပြင်သစ်ပရိသတ်အပေါင်းက အမျက်တော်ရှနေတာက တစ်ချက်၊ ယခု ၁၉၉၈ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ကိုယ့်မြေ၊ ကိုယ့်ကွင်း၊ ကိုယ့်ပရိသတ်ရှေ့၌ မဆိုစကောင်း ဆိုးဆိုးရွားရွားရလဒ် ထွက်ခဲ့ပါကတည်းဟူသော သံသယများ စိုးရိမ်မှုများက တစ်ချက်အပါအဝင် တာဝန်ရှိသူနှင့် ကစားသမားအဆုံးရင်ဆိုင်နေရချိန်ဖြစ်သည်။

သို့သော် ပြိုင်ပွဲကြီးအပြီးတွင် ယင်းဖိအားတို့နှင့် သံသယတို့ကား လွင့်စဉ်ကွယ်ပျောက်သွားသည်။ ပြင်သစ်လက်ရွေးစင် အသင်းသည်လည်း သူတို့တစ်ကြိမ်တစ်ခါမျှ မတို့ဖူး၊ မထိဖူးသေးသော ကမ္ဘာ့ဖလားကြီးကို ကစားသမားအားလုံး ကိုယ်စီကိုယ်စီ ပြည်သူတို့ရှေ့မှောက် ကိုင်မြှောက်ပြသနိုင်ခဲ့သည်။

အွန်နရီလေးအလှည့်သို့ ကမ္ဘာ့ဖလားကြီး ဆိုက်ရောက်ချိန်တွင်မူ ကစားဖော်အားလုံး တစ်ခဲနက် အော်ဟစ်ပြီး ဂုဏ်ပြုခဲ့ကြလေသည်။ အွန်နရီလေးသည် သူ့မိခင်အသင်း အမိမြေပေါ်တွင် ဗိုလ်စွဲရန် လေးဂိုးတိတိ သွင်းယူပေးခဲ့သည်။ ပြိုင်ပွဲ အစပိုင်း၌ ပထမလက်ရွေးစင်နေရာတွင် မပါဝင်ခဲ့ရသော်လည်း တောက်မည့် မီးခဲ တရဲရဲဆိုသည့်နှယ် လူစားဝင်ကစားခဲ့ရာမှ ခြေစွမ်းပြ ဂိုးများသွင်းယူနိုင်ခဲ့၍ အရေးပါသော ပွဲစဉ်များတွင် ပထမနေရာအဆင့်သို့ ဝင်ရောက်ကစားခွင့်ရခဲ့သည်။

ရင်တွင်းမျိုသိပ် ကျိတ်ကျိတ်လေး ခံစားပြီး အစွမ်းကုန်ကြိုးစားခဲ့ရာ မကြာလှပါ သူ၏ ဂိုးသွင်းစွမ်းရည်မှာလည်း ၂၆ ဂိုးအထိ တက်လာခဲ့သည်။ ယခုအချိန်ထိ ပရီမီယာလိဂ်တွင် ထိပ်တန်းဂိုးသွင်းရှင် ဖြစ်နေသည်။

ကြိုးစားလိုသူ လူငယ်တို့အတွက် အခွင့်အလမ်းဆိုသည်မှာ အရန်သင့် ရှိသည်။

၁၉၈၄ ခုနှစ်နောက်ပိုင်း ဥရောပချန်ပီယံဖလားကြီးနှင့် ဝေးကွာနေခဲ့သော မိခင်ပြင်သစ်လက်ရွေးစင်အသင်းကြီးကိုလည်း ယူရို ၂၀၀၀ဘောလုံးပြိုင်ပွဲတွင် နောက်တစ်ကြိမ်ထပ်မံ ဗိုလ်စွဲရန် အွန်နရီက ကူညီပေးခဲ့သည်။ ပြိုင်ပွဲတစ်လျှောက် သုံးဂိုးသွင်းယူပြီး ခြေစွမ်းပြခဲ့၍ ဥရောပလက်ရွေးစင်အဖြစ် ရွေးချယ်ခံရသည်။ သို့သော် ဘဝဆိုသည်မှာ တစ်သမတ်တည်းမဟုတ်။ ၁၉၉၈ ခုနှစ်



ကမ္ဘာ့ဖလားပွဲအပြီးတွင် အွန်နရီကို အီတလီစီးရီးအေဂျူဗင်းတပ်ကလပ် အသင်းကြီးက ခြေမြန်လက်မြန်ထိုးသုတ်ပြီး ခေါ်ယူသွားသည်။ သို့သော် အီတလီမြေမှာ အွန်နရီတစ်ယောက် ထင်တိုင်းမပေါက်၊ ခြေစွမ်းပျောက်နေ၍ ကစားရတစ်ချက်၊ မကစားရတစ်ချက် ဖြစ်ခဲ့ရသည်။ (၁၆)ပွဲသာ ကစားရပြီး သုံးဂိုးသာ သွင်းယူနိုင်၍ ဘူးသီးနုနုကို အမွေးသပ်ခံရသို့နှယ် ကြုံခဲ့ရသည်။

ထိုစဉ်ကာလများတွင် အွန်နရီ၏ ပင်ကိုခြေစွမ်းကိုသိသူမှာ ငယ်ဆရာရင်း အာဆင်ဝင်ဂါးတစ်ယောက်သာရှိတော့သည်။ အွန်နရီကို သူ့ဆရာက လန်ဒန်သို့ ရောက်အောင် ဆက်သွယ်လိုက်သည်။အာဆင်နယ်ရောက် အွန်နရီကိုစိတ်ဓာတ်သာမက နေရာပါပြောင်းကစားခိုင်းစေခဲ့သည်။ မိုနာကိုနှင့်ဂျူဗင်းတပ်တွင် အွန်နရီကစားရသည့်နေရာက ညာတောင်ပံကစားသမား၊ ယခုအာဆင်နယ်မှာ ကစားခိုင်းသည်က ဗဟိုတိုက်စစ်မှူးနေရာ ဖြစ်သည်။

သို့သော် သူ့တပည့်ကျော်ကလေးမှာ ချက်ချင်းခြေစွမ်းပြနိုင်ခဲ့သည် မဟုတ်၊ လန်ဒန်တည်းဟူသော နေရာသစ်၊ အင်္ဂလိပ်တို့၏ ခွန်နှင့်အားနှင့် တွန်းတွန်းတိုက်တိုက် ကစားတတ်သည့် ကစားဟန်အသစ်၊ ကစားဖော်ကလည်း အသစ်၊ အသင်း၌ ကစားရမည့်နေရာကလည်းနေရာအသစ်၊ အသစ်တွေကြားမှာ လူသစ်ကလေး အွန်နရီသည်လည်း သဟဇာတ မဖြစ်ခဲ့ချေ။ ပထမ ကိုးလအတွင်း ပြိုင်ဘက်အသင်းဘက်သို့ သူသွင်းယူခဲ့သည့်ဂိုးမှာ နှစ်ဂိုးမျှသာ ရှိသည်။

အောင်နိုင်ဖူးမှ ရှုံးနိမ့်ရသော ခံစားမှုကို သိပေမည်။ ရှုံးနိမ့်ဖူးမှ အောင်နိုင်မှု၏ အရသာကို သိနိုင်မည်ဖြစ်ရာ ထိုဆန့်ကျင်ဘက် နှစ်မျိုးစလုံး၏ ခံစားမှုများကို ကြုံခဲ့ဖူးသော အွန်နရီမှာ အာဆင်နယ်ပရိသတ်၏ ဝေဖန်မှုများကို

ကမ္ဘာ့ဖလားချန်ပီယံနှင့် ယူရို ၂၀၀၀ချန်ပီယံ ပြင်သစ်လက်ရွေးစင်အသင်းမှာ ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင်မူ အုပ်စုအဆင့်ဖြင့်သာပြိုင်ပွဲကို ကျောခိုင်းလိုက်ရသည်။အွန်နရီအပါအဝင် ပြင်သစ်စတားများမှာ မျက်နှာပင် မဖော်ဝံ့အောင် ခံစားခဲ့ကြရသည်။

ပြိုင်ပွဲတွင် အွန်နရီတစ်ယောက်လည်း ခြေပျောက်ခဲ့သော်လည်း လူတော်လူမော်တို့၏ ခံယူချက်အတိုင်း တစ်ကြိမ်တစ်ခါရှုံးနိမ့်ရခြင်းသည် ဘဝတစ်သက်တာလုံး ရှုံးနိမ့်ရခြင်းမဟုတ်ဟူသော ထုံးကို နှလုံးမူ၍ အွန်နရီတစ်ယောက် အာဆင်နယ်သို့ ပြန်ရောက်လာသည်။ ကိုယ်တိုင်ထိပ်တန်း ဂိုးသွင်းသူအဖြစ်သာမက ဂိုးရအောင်ပါ ဖန်တီးကစားသူဖြစ်လာသည်။ ၂၀၀၂ ခုနှစ် ဘောလုံးရာသီတွင် အာဆင်နယ်ကလပ်အသင်းကို ပရီမီယာလိဂ်နှင့် အက်ဖ်အေချန်ပီယံဖြစ်ရန် ကူညီစွမ်းဆောင်ပေးခဲ့သည်။ ၂၀၀၃ ခုနှစ် ဘောလုံးရာသီတွင်မူ ပရီမီယာလိဂ်ချန်ပီယံကို လက်လွှတ်ခဲ့ရသော်လည်း အက်ဖ်အေရှုံးထွက်ဖလားကို ဆက်လက်ထိန်းထားနိုင်ရန် ကူညီနိုင်ခဲ့သည်။ ယခုလက်ရှိ ဘောလုံးရာသီတွင်လည်း ဥရောပချန်ပီယံလိဂ်၊ ပရီမီယာလိဂ် ပြိုင်ပွဲများတွင် စစ်မျက်နှာဖွင့်ထားသော အာဆင်နယ်အသင်းတွင် အွန်နရီဆက်တိုက်ခြေစွမ်းပြနေရာ အသက် ၂၆ နှစ်အရွယ်သာရှိသေးသော အွန်နရီအတွက်အကောင်းဆုံး အချိန်များက စောင့်ကြိုနေဆဲဖြစ်ပေသည်။ အမိနိုင်ငံ၏ဂုဏ်သိက္ခာနှင့် မိမိဘဝတက်လမ်းအတွက် စွမ်းစွမ်းတမံ ကျားကုတ်ကျားခဲကြိုးစားနေသည့် အွန်နရီ၏ မပြီးဆုံးသေးသော ဘဝကောက်ကြောင်းကို အမိမြန်မာနိုင်ငံမှ မျိုးဆက်သစ်လူငယ်လေးများ အားကျအတုယူတတ်စေရန်အလို့ငှာ တင်ဆက်ဖော်ပြလိုက်ရပါသည်။ ။

ကွင်းဖွင့်အမှာစကား

ညောင်တုန်းမြို့နယ် ပညာရေးမှူးဖလား အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲကို ညောင်တုန်းမြို့မ အားကစားကွင်းတွင် ဒီဇင်ဘာ ၅ ရက်က ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးစိုးဝင်းသန်း ကွင်းဖွင့်အမှာစကား ပြောကြားစဉ်။ (ဝ၉၈)

အားကစားကော်မတီ နာယကဖလား ကာယအလှမယ်ပြိုင်ပွဲ

တောင်ကြီး ဒီဇင်ဘာ ၁၈

ရှမ်းပြည်နယ် အမျိုးသမီး အားကစားကော်မတီ နာယကဖလား ကိုယ်ကာယအလှမယ်ပြိုင်ပွဲနှင့် ဆုပေးပွဲကိုတောင်ကြီးမြို့တော်ခန်းမ၌ ဒီဇင်ဘာ ၁၃ ရက်က ကျင်းပသည်။

ပြိုင်ပွဲတွင် ပင်လောင်းမြို့နယ်မှ မနန်းချိုက ပထမ၊ တောင်ကြီး မြို့နယ် မမြမြမိုးက ဒုတိယ၊ ဖယ်ခုံ မြို့နယ်မှ မခိုင်ဝတ်ရည်က တတိယရရှိပြီးဆုများကို ပြည်နယ်အမျိုးသမီး အားကစား ကော်မတီနာယက ဒေါ်ဝင်းဝင်းနု ကချီးမြှင့်ပေးပြီး ပြိုင်ပွဲဝင်ဂုဏ်ပြု ဆုခုနစ်ဆုနှင့် နှစ်သိမ့်ဆု ခုနစ်ဆုတို့ကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။ **(ခရိုင် ပြန်/ဆက်)**

ဒီဇင်ဘာ ၁ ရက်က ကျွန်းလှမြို့ အခြေခံပညာအထက်တန်းကျောင်း၌ နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ရေး ကွင်းဆင်းဆောင်ရွက်မှုကို မြို့နယ်ဦးစီးအရာရှိ ဦးသိန်းလွင်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်လှိုင်တို့က ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ် ပြန်/ဆက်)

မြို့သာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေး ရန်ကုန်တိုင်း စည်ပင်ညွှန်ကြားရေးမှူးစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂၇

ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်စိုးသည် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ကျော်ထွန်းလိုက်ပါလျက် ဒီဇင်ဘာ ၂၄ ရက်က သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးနှင့်ရေစီးရေလာ ကောင်းမွန်ရေးအတွက် ဆောင်ရွက်လျက်ရှိသော ကောင်စီလမ်း ရေမြောင်းတူးဖော်ခြင်း၊ အောင်မင်္ဂလာ ရေမြောင်းတူးဖော်ခြင်း၊ သီတာ ရေမြောင်းတူးဖော်ခြင်း၊ ရွှေတောင်ကြား လမ်း ဘေးဝဲ/ယာ ရေမြောင်းတူးဖော်ခြင်း၊ ပန်းခြံနှင့် ပျိုးဥယျာဉ်သာယာလှပရေးဆောင်ရွက်နေခြင်း၊ ကျေးလက်လမ်းဖြစ်သော ငပတ်တား၊ ငပရွာအဝင် လမ်း၊ အရှည် ၂၂၇၃ပေ၊ အကျယ် ၁၂ပေ ဂဝံလမ်းခင်းကျင်းပြီးစီးမှုအား ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်

ရန်ကုန် ဒီဇင်ဘာ ၂၇

မဟာစည်နယ်လှည့်ဓမ္မကထိက ဆရာတော် ဦးသုမင်္ဂလနှင့် ဦးဝိနယ အရှင်မြတ်နှစ်ပါးသည် ရန်ကုန်မြို့ပေါ်ရှိ မဟာစည်ရိပ်သာများတွင် ဒီဇင်ဘာ ၂၇ ရက်မှ ၂၀၀၄ခုနှစ် ဇန်နဝါရီ ၂၀ ရက်အထိ နိဗ္ဗာန်ရောက်ကြောင်းတရားဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

လှူဒါန်း

ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့် ဘုရားဓမ္မာရုံတွင် ဘုရားရှင်နှင့် ရဟန္တာဓာတ်တော်များ ကြည်ညိုပူဇော်ပွဲ၌ မြန်အောင်မြို့ ပရဟိတ မြို့ရွှေကျောင်းတိုက် မြန်အောင်သမ္ဗုဒ္ဓေဘုရားစေတီရဲ ၁၀၈ဆူအတွက် တစ်ဆူလျှင် ငွေကျပ်တစ်သိန်းစီဖြင့် သမ္ဗုဒ္ဓေဆရာတော်ရှေ့မှောက်၌ အလှူရှင်များက ဒီဇင်ဘာ ၁၇ရက်က လှူဒါန်းစဉ်။ (က-ပ)

ဆေးပညာနှင့်ဓမ္မအမွေ သာသနာရေးမှထုတ်ဝေ

ရန်ကုန် ဒီဇင်ဘာ ၂၇

သာသနာရေး ဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာ ဦးစီးဌာနတို့ ပူးပေါင်း စီစဉ်၍ ပေစာကျမ်းစာများမှ တိုက်ရိုက် ကူးယူရေးသားထုတ်ဝေထားသည့် "ပေစာကျမ်းလာ မြန်မာဆေးပညာစာအုပ်" တန်ဖိုးငွေကျပ် ၁၅၀၀နှင့်ရင်ရင်မော်(အာမခံ) ရေးသားပြုစု သည့် တရားဓမ္မနှင့် ပတ်သက်၍ ဉာဏ်အသိနှင့်ကိုယ်တွေ့ ပေါင်းစပ် ရေးသားထားသော"ဓမ္မအမွေ" တန်ဖိုး ငွေကျပ် ၇၀၀ ဖြင့် စာအုပ်များအား လေ့လာဖတ်ရှုလိုသူများသည် သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ဖုန်း-၆၆၅၃၅၂ နှင့် ၆၆၅၃၈၀ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဒီဇင်ဘာ ၁၄ ရက်က အမက(၄)ဗဟန်း မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့်ပညာရည်ချွန်ချီးမြှင့်ပွဲ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်စန်းက ငါးနှစ် ဆက်တိုက် ပထမဆုရ စတုတ္ထတန်း (က)မှ မရွှေရည်ထက်အား ဆုချီးမြှင့်စဉ်။ (က-ပ)

စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲ မင်္ဂလာတောင်ညွန့် အထက(၃)တွင်ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၇

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှု၊ မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ စည်းရုံးမှုဖြင့် မင်္ဂလာတောင်ညွန့် အထက(၃) ၌ ဒီဇင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီတွင် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲ ကျင်းပသည်။

သဝဏ်လွှာဖတ်ကြား

အခမ်းအနားတွင် မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)က အမှာစကားပြောကြားပြီး မြို့နယ်စာပေနှင့် စာနယ်ဇင်း ဒုတိယဥက္ကဋ္ဌ ဦးသက်ဆွေ (ရှေ့ဆောင်တင်ဆွေ)က မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)ထံမှ ပေးပို့ သော စာဆိုတော်နေ့သဝဏ်လွှာကို ဖတ်ကြားသည်။

ဂုဏ်ပြုလက်ဆောင်ပေးအပ်

စာရေးဆရာ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)က ဘဝနှင့်စာပေ အကြောင်းဟောပြောသည်။ ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းဝင်းက ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။ **(က-ပ)**

ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့် ကာလသားရောဂါတိုက်ဖျက်ရေး စီမံချက်အရ မြို့နယ်အဆင့် အသိပေးဆွေးနွေးပွဲကို အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်း၌ ဒီဇင်ဘာ ၁၅ရက်က ပြုလုပ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းလွင် အမှာစကားပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

ရွှေကျင်မြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးနှင့်သက်ကြီးပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၇

ရွှေကျင်မြို့နယ်အသင်း (ရန်ကုန်)၏ (၇၉)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲကို ၂၀၀၄ခုနှစ် ဇန်နဝါရီ၁ရက် (တနင်္ဂနွေနေ့)နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း တောင်ဘက်မုခ်ရှိ ရွှေကျင်ဓမ္မာရုံတွင် ကျင်းပမည် ဖြစ်သည်။ သက်ကြီးပူဇော်ပွဲနှင့် ပညာရည် ချွန်ဆုချီးမြှင့်ပွဲအတွက် အသင်းဝင်မိသားစုများမှ အသက် ၈၀နှစ်နှင့် အထက် မိဘများနှင့် အသင်းဝင် သားသမီးများ၏ ၂၀၀၂-၂၀၀၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရ သားသမီးများ အမည်စာရင်းကို ၂၀၀၄ ခုနှစ် ဧပြီ ၅ရက် နောက်ဆုံးထား၍ အသင်းဥက္ကဋ္ဌ ဒေါ်ဖွားရွှေ ဖုန်း-၂၉၈၆၆၂၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဆွေ ဖုန်း-၂၉၀၈၃၈၊ အတွင်းရေးမှူး ဦးဝင်းဖေ ဖုန်း-၀၅၆-၂၁၇၆၀နှင့်ရွှေကျင်ဓမ္မာရုံ ဖုန်း-၂၄၁၈၃၀ တို့သို့ ဆက်သွယ်စာရင်းပေးပို့နိုင်ကြောင်း သိရသည်။ **(က-ပ)**

လှိုင်သာယာမြို့နယ် ရွှေမြင်းပျံ သယ်ယူပို့ဆောင်ရေးသမဝါယမအသင်းလီမိတက်၏ ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဒီဇင်ဘာ ၁၇ရက်က ကျင်းပရာ ဥက္ကဋ္ဌ ဦးတင်အေးပါဝင်သော ဒါရိုက်တာများနှင့် အသင်းသားစာရင်းစစ်အဖွဲ့သစ်များ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ရှေ့မှောက်တွင် ကတိသစ္စာပြုယူကြစဉ်။ (က-ပ)

e- Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

နေ့လယ် ၁၃း၀၀ နာရီမှ ၁၅း၀၀ နာရီအထိ

၂၉-၁၂-၂၀၀၃ (တနင်္လာနေ့)

- ❑ Survey of Literary Theories (2)
  - **တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ**
- ❑ Teaching Drama (2)
  - **တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ**

၃၀-၁၂-၂၀၀၃ (အင်္ဂါနေ့)

- ❑ Teaching Poetry (2)
  - **တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ**
- ❑ Survey of Literary Theories (3)
  - **တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ**

၃၁-၁၂-၂၀၀၃ (ဗုဒ္ဓဟူးနေ့)

- ❑ Teaching Drama (3)
  - **တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ**
- ❑ Teaching Poetry (3)
  - **တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ**

၁-၁-၂၀၀၄ (ကြာသပတေးနေ့)

- ❑ Teaching Prose (1)
  - **တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ**
- ❑ Teaching Prose (2)
  - **တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ**

၂-၁-၂၀၀၄ (သောကြာနေ့)

- ❑ Teaching Short Story (1)
  - **တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ**
- ❑ English Language Teaching Methodology (1)
  - **တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ**

၃-၁-၂၀၀၄ (စနေနေ့)

- ❑ – **အဓေးသင်တက္ကသိုလ် ကျောင်းသား ကျောင်းသူများအတွက် သင်ခန်းစာများ**
  - **၂၀၀၃-၂၀၀၄ ပညာသင်နှစ်၊ ပညာရေးစုံညီပွဲတော် ထူးချွန်ထက်မြက် ကျောင်းသား ကျောင်းသူများ၏ စွမ်းရည်ပြချီတက်သရုပ်ပြပွဲ**
  - **ထူးချွန်ဆုများ ချီးမြှင့်ပွဲ**

အင်္ဂလိပ်စာ၊အင်္ဂလိပ်စကားပြောသင်တန်းများဖွင့်မည်

ရန်ကုန် ဒီဇင်ဘာ ၂၇

UKMH English Language Institute ကျောင်းသူ ကျောင်းသားများ၊ လုပ်ငန်းခွင်ဝင်မည့်သူများ၊ Local NGO နှင့် International NGO များရှိ ဝန်ထမ်းများအားလုံးအတွက် အင်္ဂလိပ်စာနှင့် စကားပြောသင်တန်းများဖြစ်သည့် Grammar & Writing,Grammar & Spoken English,Four Skill (Greneral English Course) TOEFL & TWE, IELTS Class သင်တန်းများကို လစဉ်တန်းခွဲသစ်များ ဖွင့်လှစ်ပြီး ဆရာဦးခင်မောင်ဌေး (WHO၊ ငြိမ်း) ဦးစီးသင်ကြားပေးလျက်ရှိသည်။

သင်တန်း တက်ရောက်လိုသူများ အမှတ်(၂၃) ၃လမ်း (၃)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၇၁၀၂၅ သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်အမှတ်စဉ်(၅)
တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံအမှတ်စဉ်(၂)
ဝင်ခွင့်စာမေးပွဲဖြေဆိုမည့်စာစစ်ဌာနပြောင်းလဲခြင်း

ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်အမှတ်စဉ်(၅)၊ တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံအမှတ်စဉ်(၂) ဝင်ခွင့်စာမေးပွဲကျင်းပမည့်စာစစ်ဌာနအား အ. ထ. က (၂)မင်္ဂလာဒုံ၊ အောင်ဆန်းသူရိယလှသောင်း ကျောင်း(အစား) ရန်ကင်းပညာရေးကောလိပ်တွင်ဖြေဆိုရန်အောက်ပါအတိုင်း ပြင်ဆင်ကြောင်း ကြေညာအပ်ပါသည်-

(က) တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်အမှတ်စဉ်(၅)

(၁) အင်္ဂလိပ်စာ- ၁-၁-၂၀၀၄ရက်နေ့ ဝ၉၀၀ အချိန်မှ ၁၁၀၀ အချိန်ထိ၊ ရန်ကင်းပညာရေးကောလိပ်

(၂) ဓာတုဗေဒ - ၁-၁-၂၀၀၄ ရက်နေ့ ၁၄၀၀ အချိန်မှ ၁၆၀၀ အချိန်ထိ၊ ရန်ကင်းပညာရေးကောလိပ်

(ခ) တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံအမှတ်စဉ်(၂)

(၁) အင်္ဂလိပ်စာ- ၂-၁-၂၀၀၄ ရက်နေ့ ဝ၉၀၀ အချိန်မှ ၁၁၀၀ အချိန်ထိ၊ ရန်ကင်းပညာရေးကောလိပ်

(၂) သင်္ချာ - ၂-၁-၂၀၀၄ ရက်နေ့ ၁၄၀၀ အချိန်မှ ၁၆၀၀ အချိန်ထိ၊ ရန်ကင်းပညာရေးကောလိပ်

ဆီမီယိုဒေသဆိုင်ရာ သမိုင်းနှင့်ရိုးရာလေ့ဌာန
(SEAMEO Regional Centre for History and Tradition)
သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ဆီမီယိုဒေသဆိုင်ရာ သမိုင်းရိုးရာဓလေ့ဌာန (SEAMEO Regional Centre for History and Tradition) ၏ အစီအစဉ်ဖြင့် အောက်ပါသင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

(က) ဖွင့်လှစ်မည့်သင်တန်းများ - (I) CHAT Communication in English, Advanced Level II Course
(II) CHAT Business English Course

(ခ) ဖွင့်လှစ်ပို့ချမည့်သင်တန်းကာလ - ၁၀-၁-၂၀၀၄ရက်မှ ၂၅-၄-၂၀၀၄ရက်အထိ

(ဂ) သင်တန်းဖွင့်လှစ်မည့်နေရာ - ဆီမီယိုဒေသဆိုင်ရာ သမိုင်းနှင့် ရိုးရာဓလေ့ဌာန၊ ပြည်လမ်း၊ ရန်ကုန်မြို့

(ဃ) သင်တန်းပို့ချမည့်နေ့နှင့်အချိန် - (i) Advanced Level II သင်တန်းချိန် Sat,Sun (15:00 to18:00)
(ii) Business Course သင်တန်းချိန် Sat, Sun (12:00 to 15:00)
တန်းခွဲတစ်ခုတွင် သင်တန်းသား ၃၀ သာ လက်ခံပါမည်။
ဦးရာလူစနစ်ဖြင့် လက်ခံပါမည်။

(င) သင်တန်းဝင်ခွင့်အရည်အချင်း - Advanced Level II Course အတွက် Advanced Level I တက်ရောက်အောင်မြင်ပြီးသူများ၊ CHAT Business English Course အတွက် လုပ်ငန်းခွင်ဝင်ရောက်လျက်ရှိသည့်ဘွဲ့ရပြီးသူများ၊

(စ) လျှောက်လွှာစတင်လက်ခံမည့်ရက် - ၅-၁-၂၀၀၄(ဓာတ်ပုံနှစ်ပုံ ယူဆောင်လာရန်)

(ဆ) လျှောက်လွှာပိတ်မည့်ရက် - ၇-၁-၂၀၀၄

၂။ Advanced Level II Course ကို စာမေးပွဲဖြေဆိုအောင်မြင်ခဲ့ပြီး သတ်မှတ်သင်တန်းချိန်ပြည့်မီအောင် တက်ရောက်ထားသူများအား Diploma လက်မှတ် ပေးအပ်ပါမည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း ဆီမီယိုဒေသဆိုင်ရာ သမိုင်းနှင့်ရိုးရာဓလေ့ဌာန၊ ပြည်လမ်း၊ ရန်ကုန်မြို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ ဖုန်း-၅၁၅၁၈၀၊ ၅၃၉၇၀၈





ပြင်ဆင်ဖတ်ရှုပါရန်

၂၅-၁၂-၀၃ ရက် မြန်မာ့အလင်း သတင်းစာတွင် ပါရှိသော ဒေါ်ကြည် (၈၅)နှစ် နာရေးကြော်ငြာတွင် ဦးခင်မောင်ငြိမ်း(ညွှန်/မှူး၊စာရင်းစစ်ချုပ်ရုံး) အစား ဦးခင်မောင်လင်း (ညွှန်/မှူး၊ စာရင်းစစ်ချုပ်ရုံး)ဟု ပြင်ဆင်ဖတ် ရှုပါရန်။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဦးစိုးမြင့် ၁၂/ဥကတ(နိုင်)၁၁၃၇၀၇ (ဒေါ်ရွှေလိုင်(ခ)ဒေါ်ပုံ)တို့၏ သားကြီး မောင်စိုးသူရသည် ဖခင်ဖြစ်သူအား စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုမူဆောင်ရွက်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား လုံးဝတာဝန်မယူပါ။

ဦးစိုးမြင့်
အမှတ် ၉၅၆/က၊ ယသသဝတီ ၁၂ လမ်း၊(၁၃)ရပ်ကွက်၊ တ/ဥက္ကလာ

ရောင်းမည်

လက်ရှိပြေးဆွဲလျက်ရှိသော
(၁) HYUNDAI 485 ၃က/၂၀၀၀ကျော် EB-300 အင်ဂျင်
(၂) HYUNDAI 500 ၄က/၆၀၀၀ ကျော် GD-16အင်ဂျင်
(၃) HYUNDAI 520 ၃ခ/၅၀၀၀ ကျော် GD-20အင်ဂျင်
ညှိနှိုင်းဈေးဖြင့်ရောင်းမည်။
ဖုန်း-၀၄၂-၂၄၁၁၆

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

၁။ ကြီးကြပ်ရေးမှူး (ဘွဲ့ရ) (ကျား/မ) ၂ ဦး
၂။ အထွေထွေအလုပ်သမား(ရေး/ဖတ်) (ကျား) ၅ ဦး

လျှောက်ထားလိုသူများသည် ကိုယ်ရေးမှတ်တမ်းအကျဉ်း၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်း အထောက်အထားတို့ကို အောက်ပါလိပ်စာအတိုင်း ပေးပို့ရမည်။
(ကျေးလက်ဒေသမှဖြစ်ရမည်)
လိပ်စာ - အမှတ် ၅၁၉/၅၂၀၊ အဓိပတိလမ်းသွယ်(၁) စက်မှုဇုန်(၅)၊ လှိုင်သာယာမြို့၊ ဖုန်း - ၇၀၆၅၃၃

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ် စားပွဲနှင့်ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။

နံနက် ၉:၃၀ မှ ညနေ ၄:၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်
ဖုန်း-၂၄၅၆၂၀၊ ၂၄၅၆၄၂

အင်္ဂပူမြို့နယ်၌ မူကြိုကျောင်းဖွင့်လှစ်

အင်္ဂပူ ဒီဇင်ဘာ ၁၇

အင်္ဂပူမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သော မြတ်မွန်ရတနာမိခင်နှင့်ကလေးမူလတန်းကြို နေ့ကလေးထိန်းကျောင်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၁ရက် နံနက်က အဆိုပါကျောင်းရှေ့တွင်ကျင်းပရာ ဟင်္သာတခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နာယက ဒေါ်ရီမြင့်နှင့် မဲဇလီကုန်းဒေသ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နာယကဒေါ်မြင့်မြင့်ရီ တို့က ကျောင်းကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက်အလှူငွေ ပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ဧရာဝတီတိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ လှူဒါန်းသော အလှူငွေကျပ် ၂၀၀၀၀ နှင့် ဟင်္သာတခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက အလှူငွေ ကျပ် ၁၀၀၀၀တို့ကိုဟင်္သာတခရိုင်အသင်း နာယက ဒေါ်ရီမြင့်ကလည်းကောင်း၊ ခရိုင်အသင်းအတွင်းရေးမှူး ဒေါ်သန်းသန်းဝင်းက အလှူငွေကျပ် ၁၀၀၀၀၊ အင်္ဂပူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသစ်လွင်က အလှူငွေကျပ် ၁၀၀၀၀၊ မြို့နယ်အသင်းနာယက ဒေါ်သန်းသန်းဝင်းက အလှူငွေကျပ် ၁၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြရာ မဲဇလီကုန်းဒေသ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နာယက ဒေါ်မြင့်မြင့်ရီနှင့် အသင်းဥက္ကဋ္ဌ ဒေါ်သန်းရှင်တို့က လက်ခံရယူကြသည်။ **(၁၃၁)**

သနပ်ပင်မြို့နယ်နှင့်ဝေါမြို့နယ် ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပြီးစီးမှု ဒုတိယအင်ဂျင်နီယာမှူးစစ်ဆေး

သနပ်ပင် ဒီဇင်ဘာ ၁၅

သနပ်ပင်မြို့နယ် မင်းရွာ ကျေးရွာနှင့် ဝေါမြို့နယ် သဘော့ကန်ကျေးရွာသို့ဆက်သွယ်ထားသော မြေသားလမ်း ဖောက်လုပ်ပြီးစီးမှုကို ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြင့်သိန်းက ဒီဇင်ဘာ ၁၂ရက်တွင် ကွင်းဆင်းစစ်ဆေးရာ သနပ်ပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးသန်းလင်းက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် တံတားများဆောက်လုပ်ရန် စီမံထားရှိမှုများကို ရှင်းလင်းတင်ပြသည်။ **(အပေါ်ပုံ)**

ဒုတိယအင်ဂျင်နီယာမှူးကြီးက တံတားလုပ်ငန်းများ အချိန်မီပြီးစီးရေး လိုအပ်သည်များ မှာကြားသည်။ မင်းရွာ – သဘော့ကန်မြေသားလမ်းသည် အရှည်ပေ ၂၃၀၀၀၊ အကျယ်ပေ ၂၀၊ အမြင့် ၅ပေရှိပြီး နိုင်ငံတော်ထောက်ပံ့ငွေ သိန်း ၁၄၀ ကျော်ဖြင့် ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် သနပ်ပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့တို့က ဆောင်ရွက် ပေးခဲ့ခြင်းဖြစ်သည်။ **(၃၄၇)**

ကျောက်မဲမြို့နယ် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြော

ကျောက်မဲ ဒီဇင်ဘာ ၁၇

ကျောက်မဲမြို့နယ် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကို ကျောက်မဲမြို့ အထက(၁)သီရိရတနာခန်းမဆောင်တွင် ဒီဇင်ဘာ ၁၅ ရက်နံနက်က ကျင်းပရာ အခမ်းအနားတွင် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ (ဗဟို) ဥက္ကဋ္ဌထံမှ ပေးပို့လာသော သဝဏ်လွှာကို မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်(သတင်းထောက်စိုင်းမောင်မောင်)က ဖတ်ကြားသည်။

ဆက်လက်၍ စာရေးဆရာများဖြစ်သော ဦးမင်းဆွေ(မင်းသပြေ)၊ ဒေါက်တာခင်ဆွေဦး(လှမင်းမေ)၊ ဦးကျောက်ခဲ(မုံရွာကျောက်ခဲ)နှင့် ဦးအောင်ဝင်းလေး(မြတ်နိုး)တို့က စာပေရေးရာများ ဟောပြောကြသည်။ **(က–ပ)**

အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းဖွင့်

လှိုင်ကော် ဒီဇင်ဘာ ၂၀

ကယားပြည်နယ် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ဒီဇင်ဘာ ၁၅ ရက် နံနက်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ လွိုင်ကော်မြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၏ အခြေခံ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းအမှတ်စဉ် (၂၈/၂၀၀၃)နှင့် အဆင့်မြင့် အမျိုးသမီး စက်ချုပ်သင်တန်း အမှတ်စဉ် (၇/၂၀၀၃)သင်တန်းဖွင့်ပွဲကျင်းပရာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးနိုင်ဝင်းက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

မုဒုံမြို့နယ် တော်ကူးရွာ အခြေခံပညာမူလတန်းကျောင်း အမှတ်(၁)၏ မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၉ရက်က အဆိုပါကျောင်း၌ ကျင်းပရာ ဘက်စုံထူးချွန်ဆုရရှိသူ မနှင်းပွင့်ဖြူအား ကျောင်းအုပ်ဆရာကြီး ဦးမျိုးလွင်က ဆုချီးမြှင့်စဉ်။ (၃၃၀)

TOP ☎ 243363 705877

စက်ရုံငှားမည်

တောင်ဒဂုံ၊ စက်မှုဇုန်(၁)
မြေအကျယ် (ပေ ၆၀ x ပေ ၁၂၀)၊
အဆောက်အအုံ(ပေ ၄၀ x ပေ ၄၀)။
၃၀ ကီလိုဝပ်၊ ရေ၊ မီးစုံ၊
နေရာကောင်း **ဖုန်း-၂၂၂၆၅၉**

OD Tour

ချိပ်ပိတ်တင်ဒါ (Sealed Tender)များခေါ်ယူခြင်း

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ယာဉ်စစ်ဆေးရေးဌာနအတွက် Brake Tester with Indicater တစ်လုံးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ချိပ်ပိတ်တင်ဒါ(Sealed Tender)များပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

ချိပ်ပိတ်တင်ဒါရက်နှင့်အချိန် ၁၂-၁-၂၀၀၄ ရက် ၁၂:၀၀ နာရီ

ချိပ်ပိတ်တင်ဒါဖွင့်ဖောက်မည့်ရက်နှင့်အချိန် ၁၅-၁-၂၀၀၄ ရက် ၁၂:၀၀ နာရီ

၂။ ချိပ်ပိတ်တင်ဒါပုံစံကို အောက်ဖော်ပြပါဌာနတွင် ၁-၁-၂၀၀၄ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ် အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

အင်ဂျင်နီယာမှူးကြီး
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)
သံသုမာလမ်း၊ မြင်သာ၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၅၇၃၁၁၀

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်၊ လစာငွေကျပ်ဖြင့်သာ)

ငါးအအေးခန်းစက်ရုံတွင် ခန့်ထားရန် အောက်ပါဝန်ထမ်းများ အလိုရှိပါသည်။

၁။ လျှပ်စစ်ကျွမ်းကျင်	(ကျား)	၃ ဦး
၂။ အအေးခန်းအလုပ်သမား	(ကျား)	၁၀ ဦး
၃။ အအေးခန်းအလုပ်သမား	(မ)	၃၀ ဦး
၄။ လက်ထောက်စာရင်းကိုင်	(မ)	၂ ဦး

အမှတ်စဉ်(၁)နှင့်(၂)အတွက် စက်ရုံတွင် နေထိုင်နိုင်ရမည်။

စိတ်ပါဝင်စားသူများသည် မိမိတို့၏ကိုယ်ရေးရာဇဝင်၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံနှစ်ပုံ၊ ပညာအရည်အချင်းတို့ကိုဖော်ပြ၍ ကြော်ငြာပါသည့်နေ့မှစ၍ တစ်ပတ်အတွင်း အောက်ပါလိပ်စာသို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

စင်-ရန်ကုန် အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်
အမှတ် ၃၊ သိပ္ပံလမ်းနှင့်သံသုမာလမ်းထောင့်
(ဃ)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့
(မြို့ထဲမှ ၃၈ စီးပါက ဝေဘူလမှတ်တိုင်တွင်ဆင်းပါ)

ရောင်းရန်ကြော်ငြာစာ

တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆
မန္တလေးတိုင်းတရားရုံး
၂၀၀၀ ပြည့်နှစ် တရားမဇာရီမှု အမှတ် ၅၈

မြန်မာအရှေ့တိုင်းဘဏ်လီမိတက် နှင့် ၁။ ဦးဝင်းမြင့်
(၎င်း၏မန္တလေးဘဏ်ခွဲ ၂။ ဒေါ်စန်းစန်းဝင်း
လ/ထအထွေထွေမန်နေဂျာဦးချစ်သန်း) ၃။ ဒေါ်ခင်မာဝင်း
၄။ ဒေါ်အေးကြည်

တရားနိုင် **တရားရှုံး**

၁၉၉၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၃၀တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့ မြန်မာသက္ကရာဇ် (၁၃၆၅ ခုနှစ် တပို့တွဲလဆုတ် ၈ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

၁။ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်၊ အကွက် ၂၆၇ ဦးပိုင် (၃) ဧရိယာ ၀ ဒသမ ၀၉၆၀ ဦးပိုင် ၄ ဧရိယာ (၀ဒသမ၀၄၃၄)ဧကရှိ ဘိုးဘွားပိုင် မြေကွက်နှစ်ကွက် စုစုပေါင်း ၀ဒသမ၁၃၉၄ ဧကရှိ မြေကွက်နှစ်ကွက်နှင့် ယင်းမြေ ကွက်ပေါ်ရှိ အဆောက်အအုံများအားလုံး၊
ကြမ်းခင်းဈေး = ကျပ်သိန်း (၁၀၀)

ရောင်းချရန်စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း မမှန်စကားပါခြင်း၊ သို့တည်းမဟုတ်ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်း အချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင် ရောင်းချမည့်ရက်မတိုင်မီ ရုံးအချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဝင်းမြင့်ဦး
တွဲဖက်တိုင်းတရားသူကြီး (၃)

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မုံရွာမြို့ ရန်ကင်းရပ် ယင်းမာမြိုင်လမ်းနေ(ဦးမြဝင်း)-ဒေါ်စန်းလှိုင်တို့၏ သမီးဖြစ်သူ မနော်ဇာလှိုင် ၅/မရန(နိုင်)၁၄၈၁၅၇ သည် မိခင်ဖြစ်သူ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိဆန္ဒအတိုင်း ပြုမူသွားပါသဖြင့် ၂၀-၁၂-၂၀၀၃ ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စမှန်သမျှ (လုံးဝ) တာဝန်မယူပါကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

မိခင်-ဒေါ်စန်းလှိုင် ၉/မရတ(နိုင်) ၀၀၅၉၁၃

နှစ်ဦးသဘောတူကွာရှင်းပြီးစီးခြင်း

ကျွန်တော် ဦးသာထွန်းလှ ၁၂/ပဘတ(နိုင်)၀၀၃၉၇၄ နှင့် ဒေါ်ခင်သီတာ ၁၂/တမန(နိုင်) ၀၅၃၆၃၁တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်၍ ၁၇-၁၂-၂၀၀၃ ရက်တွင် မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကွာရှင်းပြတ်စဲပြီး ပစ္စည်းခန်းပါ ခွဲဝေပြီးဖြစ်ပါ၍ နောက်နောင်တွင် မည်သို့မျှ ပတ်သက်ခြင်းမရှိပါကြောင်း။ **ဦးသာထွန်းလှ။**

ဌာနဆိုင်ရာလုပ်ငန်းများနှင့် စက်မှုရုံ စက်မှုလုပ်ငန်းများအတွက်

No. 8, No. 10, 12 (4 mm∅, 3.25 mm ∅, 2.5 mm ∅)

E-mail Address: mfwmin @ myanmar.com.mm

မုံရွာတက္ကသိုလ် စတုတ္ထအကြိမ် ဘွဲ့နှင်းသဘင် ကြေညာချက်

၁။ မုံရွာတက္ကသိုလ် စတုတ္ထအကြိမ် ဘွဲ့နှင်းသဘင် တက်ရောက်ရန် လျှောက်ထားကြသူများအတွက် အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ဘွဲ့များကို အပ်နှင်းမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

စဉ်	ဘွဲ့	အစမ်းလေ့ကျင့်ရမည့် နေ့ရက်နှင့်အချိန်	ဘွဲ့နှင်းသဘင် တက်ရောက်ရမည့် နေ့ရက်နှင့်အချိန်
၁။	(က) မဟာသုတေသနဘွဲ့ ၂၀၀၂-၂၀၀၃ ရူပဗေဒအထူးပြု (ခ) မဟာဘွဲ့ ၂၀၀၂-၂၀၀၃ ဝိဇ္ဇာအထူးပြုအားလုံး၊ ရူပဗေဒအထူးပြု၊ သတ္တဗေဒအထူးပြု၊ ရက္ခဗေဒအထူးပြု (ဂ) ဂုဏ်ထူးဘွဲ့ ၂၀၀၁-၂၀၀၂ မြန်မာစာအထူးပြု၊ ပထဝီဝင်အထူးပြု ဓာတုဗေဒအထူးပြု၊ ရူပဗေဒအထူးပြု (ဃ) ရိုးရိုးဘွဲ့ ၂၀၀၂-၂၀၀၃ စနစ်ဟောင်း ဝိဇ္ဇာအထူးပြုအားလုံး	၈-၁-၂၀၀၄ နံနက် (၁၀:၀၀)နာရီ	၁၀-၁-၂၀၀၄ နံနက် (၉:၀၀)နာရီ
၂။	ရိုးရိုးဘွဲ့ ၂၀၀၂-၂၀၀၃စနစ်ဟောင်း၊ ဓာတုဗေဒအထူးပြု ရူပဗေဒအထူးပြု၊ သင်္ချာအထူးပြု	၈-၁-၂၀၀၄ နံနက် (၁၀:၀၀) နာရီ	၁၀-၁-၂၀၀၄ မွန်းလွဲ (၁:၀၀)နာရီ
၃။	(က) မဟာဘွဲ့ ၂၀၀၂-၂၀၀၃ သင်္ချာအထူးပြု (ခ) ဂုဏ်ထူးဘွဲ့ ၂၀၀၁-၂၀၀၂ သင်္ချာအထူးပြု (ဂ) ရိုးရိုးဘွဲ့ ၂၀၀၂-၂၀၀၃ စနစ်ဟောင်း သတ္တဗေဒအထူးပြု ရက္ခဗေဒအထူးပြု	၁၂-၁-၂၀၀၄ နံနက် (၁၀:၀၀)နာရီ	၁၄-၁-၂၀၀၄ နံနက် (၉:၀၀)နာရီ
၄။	ရိုးရိုးဘွဲ့ (၂၀၀၂-၂၀၀၃) ဖြေအောင် ဝိဇ္ဇာအထူးပြုအားလုံး ဓာတုဗေဒအထူးပြု၊ သင်္ချာအထူးပြု	၁၂-၁-၂၀၀၄ နံနက် (၁၀:၀၀)နာရီ	၁၄-၁-၂၀၀၄ မွန်းလွဲ (၁:၀၀)နာရီ
၅။	(က) ဂုဏ်ထူးဘွဲ့ (၂၀၀၁-၂၀၀၂) သမိုင်းအထူးပြု၊ သတ္တဗေဒအထူးပြု ရက္ခဗေဒအထူးပြု (ခ) ရိုးရိုးဘွဲ့ (၂၀၀၂-၂၀၀၃) ဖြေအောင် ရူပဗေဒအထူးပြု သတ္တဗေဒအထူးပြု၊ ရက္ခဗေဒအထူးပြု၊ ဘူမိဗေဒအထူးပြု	၁၆-၁-၂၀၀၄ နံနက် (၁၀:၀၀)နာရီ	၁၈-၁-၂၀၀၄ နံနက် (၉:၀၀)နာရီ
၆။	(က) ဂုဏ်ထူးဘွဲ့ (၂၀၀၁-၂၀၀၂) ဝိဇ္ဇာ/သိပ္ပံအထူးပြုအားလုံး (ကလေးဒီဂရီကောလိပ်) (ခ) ဂုဏ်ထူးဘွဲ့(၂၀၀၁-၂၀၀၂)သင်္ချာအထူးပြု (ရွှေဘိုဒီဂရီကောလိပ်) (ဂ) ရိုးရိုးဘွဲ့(၂၀၀၂-၂၀၀၃)ဝိဇ္ဇာ/သိပ္ပံအထူးပြုအားလုံး (ကလေးဒီဂရီကောလိပ်)	၁၆-၁-၂၀၀၄ နံနက် (၁၀:၀၀)နာရီ	၁၈-၁-၂၀၀၄ မွန်းလွဲ (၁:၀၀)နာရီ
၇။	(က) ဂုဏ်ထူးဘွဲ့ (၂၀၀၁-၂၀၀၂) ဝိဇ္ဇာအထူးပြုအားလုံး၊ ဓာတုဗေဒအထူးပြု၊ ရူပဗေဒအထူးပြု၊ သတ္တဗေဒအထူးပြု ရက္ခဗေဒအထူးပြု (ရွှေဘိုဒီဂရီကောလိပ်) (ခ) ရိုးရိုးဘွဲ့ (၂၀၀၂-၂၀၀၃)စနစ်ဟောင်း၊ သိပ္ပံအထူးပြုအားလုံး (ရွှေဘိုဒီဂရီကောလိပ်)	၂၀-၁-၂၀၀၄ နံနက် (၁၀:၀၀)နာရီ	၂၂-၁-၂၀၀၄ နံနက် (၉:၀၀)နာရီ
၈။	(က) ရိုးရိုးဘွဲ့ (၂၀၀၂-၂၀၀၃) စနစ်ဟောင်း ဝိဇ္ဇာအထူးပြုအားလုံး (ရွှေဘိုဒီဂရီကောလိပ်) (ခ) ရိုးရိုးဘွဲ့ (၂၀၀၂-၂၀၀၃) ဖြေအောင် ဝိဇ္ဇာ/သိပ္ပံ အထူးပြုအားလုံး (ရွှေဘိုဒီဂရီကောလိပ်)	၂၀-၁-၂၀၀၄ နံနက် (၁၀:၀၀)နာရီ	၂၂-၁-၂၀၀၄ မွန်းလွဲ (၁:၀၀)နာရီ

၂။ ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်မည့်သူများအတွက် စာရွက်စာတမ်း၊ လက်မှတ်တို့ကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ထုတ်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

စဉ်	ဘွဲ့နှင်းသဘင် ကျင်းပမည့်ရက်	ဘွဲ့ဝတ်စုံနှင့် လိုအပ်သောစာရွက်စာတမ်းများ ထုတ်ပေးမည့်ရက်
၁။	၁၀-၁-၂၀၀၄	၇-၁-၂၀၀၄
၂။	၁၄-၁-၂၀၀၄	၁၁-၁-၂၀၀၄
၃။	၁၈-၁-၂၀၀၄	၁၅-၁-၂၀၀၄
၄။	၂၂-၁-၂၀၀၄	၁၉-၁-၂၀၀၄

စုစုထွန်း
(လက်ထောက်မော်ကွန်းထိန်း)
မုံရွာတက္ကသိုလ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ (Sealed Tender) များ ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို အမေရိကန်ဒေါ်လာ US Dollar၊ မြန်မာငွေ Kyatsများဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ Sealed Tender များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

စဉ် ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1. 12(T)19/MR(ML) 2003-2004	Spare Parts for Diesel Electric Locomotives & Diesel Hydraulic Locomotives	1- Lot

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် - ၂၉-၁-၂၀၀၄(ကြာသပတေးနေ့) ၁၂:၀၀ နာရီ

ချိပ်ပိတ်တင်ဒါဖွင့်ဖောက်မည့်ရက်နှင့်အချိန် - ၂၉-၁-၂၀၀၄ (ကြာသပတေးနေ့) ၁၄:၀၀ နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၇-၁၂-၂၀၀၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့် ၅၁လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း- ၂၉၁၉၈၂၊ ၂၀၁၅၅၅-လိုင်းခွဲ- ၆၀၂၊ ၆၀၅၊ ၆၁၂

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်အောင်ကြည်(အောင်မြင့်မိုရ်ကြေးအိုး) ၏ခင်ပွန်း ဦးအောင်စိန်မြင့်သည် ၂၅-၁၂-၂၀၀၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းပါကြောင်း။

အောင်မြင့်မိုရ်ကြေးအိုး
လုပ်သားများ။

အမည်ပြောင်း

ဦးမျိုးသန့်၏သမီး အထက(၁) ကျောက်ဆည် အဋ္ဌမတန်း(ခ)မှ မရီမွန်သန့်အား မရီမွန်မွန် ဟု ပြောင်းလဲခေါ်ပါရန်။

မရီမွန်မွန်။

အမည်ပြောင်း

ဦးကျော်စိုးသန်း၏သမီး ဒဂုံတက္ကသိုလ်မှ မခိုင်သဇင်ထွန်းအား မသက်ထားသူဇာ ဟုလည်းကောင်း၊ အထက (၄) သဃ်္ဃန်းကျွန်း ဆဋ္ဌမတန်း(ဂ)မှ မမေသဇင်ဦးအား မဆွေလီနှင်း ဟု ပြောင်းလဲခေါ်ဆိုပါရန်။

နှစ်နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
ဘုရား၊ကျောင်း၊ရဟန်း
ဒါယကာကြီး
ဦးထွန်းဖေ (၇၃)နှစ်
ဘုရင့်နောင်ပွဲရုံ

ဖခင်ကြီး ဦးထွန်းဖေ ကွယ်လွန်သွားသည်မှာ ၂၈-၁၂-၂၀၀၃ ရက်တွင်နှစ်နှစ်ပြည့်သော်လည်း တစ်ရက်တစ်စက္ကန့်မှ မေ့မရပါ။ နေ့စဉ်၊ လစဉ်၊ နှစ်စဉ်ပြုပြုသမျှ အလှူဒါနကောင်းမှု ကုသိုလ် အားလုံးကို ရောက်ရာ၊ မြင့်မြတ်ရာ ဘုံဘဝမှသာဓု ခေါ်နိုင်စေသော်-

မြင့်မြတ်ရာဘုံဘဝမှာ
အေးချမ်းစွာနေနိုင်ပါစေလို့
ဆုတောင်းလျက်
ချစ်ဇနီး ဒေါ်ကျင်လှိုင်
သားသမီးမြေးတစ်စု
အမှတ် ၂၁၊ လမ်း ၂၀၊ လသာ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမ
ဒေါ်မြင့်မြင့်
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ် ၃၃၊ ဓာတိကလမ်း၊ ကျောက်မြောင်းနေ (ဦးအေးမောင်-ဒေါ်တင်မေ)တို့၏သမီး၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ရွှေတောင်တန်းလမ်း၊ အမှတ် ၉၉ နေ ဦးအောင်ခိုင်၏ဇနီး၊ (ဒေါ်ထားထား)၏ညီမ၊ ဦးအောင်လွင်(လက်ထောက်ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန)-ဒေါ်သင်းသင်း၊ (ဦးယုမြင့်) (အထပြ၊ ငြိမ်း၊ အထက-၂၊တာမွေ)၊ ဦးရန်နိုင်(ဦးဆောင်ညွှန်ကြားရေးမှူး၊ ငြိမ်း၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း)-ဒေါ်စန်းစန်း၊ ဒေါ်ကြူကြူ(စာရင်းစစ်မှူး၊ ငြိမ်း၊ ပန်းဘဲတန်းမြို့နယ် စာရင်းရုံး)တို့၏အစ်မကြီး၊ ဦးကျော်ထွန်းရှိန်(ရေကြောင်းပညာသိပ္ပံ၊ ရေကြောင်းဦးစီးဌာန)-ဒေါ်ဝင်းဝင်းခိုင်၊ ဦးဇော်လင်း(Total Myanmar)-ဒေါ်တိုးတိုးခိုင်၊ ဒေါ်မြတ်မြတ်ခိုင်(ခိုင်မမစတိုး၊ ဗိုလ်ချုပ်ဈေး)၊ (မောင်တင်ထွန်းခိုင်)၊ (မောင်ညီညီခိုင်)တို့၏မိခင်၊ မောင်ဝိုင်းချစ်ဦး၊ (မောင်ချမ်းထူး)၊ မဝိုင်းမြတ်နိုး၊ မဝိုင်းပိုပိုချစ်တို့၏ အဘွားသည် ၂၆-၁၂-၂၀၀၃ရက် (သောကြာနေ့) ၁၂:၁၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁၂-၂၀၀၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အမှတ် ၃၃၊ ဓာတိကလမ်း၊ ကျောက်မြောင်းနှင့် ရွှေတောင်တန်းလမ်းအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးတင့်လှိုင်
B.E (Mech:)
(OW°/°SSC Shipping, Singapore)
အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ (ဦးစောလှိုင် ဒု-ညွှန်ချုပ်၊ ဆည်မြောင်း၊ ငြိမ်း)-ဒေါ်ရီရီလွင်တို့၏ဒုတိယသား၊ ရန်ကုန်မြို့၊မရမ်းကုန်းမြို့နယ်၊ကျိုက်ဝိုင်းဘုရားလမ်း၊ ပျော်ဘွယ်လေးကြိုးစက်ဝင်း၊ အမှတ် ၃၃(စီ)နေ ဗိုလ်မှူးကြီးခင်မောင်တည်(ငြိမ်း)-ဒေါ်လှလှတို့၏သားသမက်၊ ဒေါ်ရီရီခင်၏ခင်ပွန်း၊ မောင်သက်ထူးလှိုင်၏ဖခင်၊ဦးဝင်းလှိုင်-ဒေါ်ခင်မာအေးတို့၏ညီ၊(ဦးကျော်ကျော်လှိုင်)၊ ဦးငွေးလှိုင်-ဒေါ်ကြည်ကြည်မျိုးပိုင်တို့၏အစ်ကို၊ ဦးသန်းထွဋ်-ဒေါ်တင်ဇာညိုတို့၏ညီ၊ ဦးသက်စိုး-ဒေါ်စိုးသန္တာ၊ ဦးကျော်နိုင်ဝင်း-ဒေါ်သက်သက်ခင်တို့၏ အစ်ကို၊ တူ တူမ ကိုးယောက်တို့၏ ဘကြီးသည် ၂၂-၁၂-၂၀၀၃ရက်တွင် ကွယ်လွန်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

၂၈-၁၂-၂၀၀၃ရက်(တနင်္ဂနွေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာမည်ဖြစ်ပါ၍ အထက်ပါနေအိမ်သို့ တရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးတင်အောင်
(အငြိမ်းစား၊ စာကြည့်တိုက်မှူး၊ ဗဟိုဝန်ထမ်းတက္ကသိုလ်)
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပန်းလှိုင်ရပ်ကွက်၊ အမှတ် ၁၂၈၊ ၄ လမ်းနေ ဒေါ်ယဉ်နု၏ခင်ပွန်း၊ ဦးခင်ဇော်အောင်(မန်နေဂျာ၊I.B.S Co.,Ltd.)-ဒေါ်နန်းအေးအေးမြင့်တို့၏ဖခင်၊ မောင်ရန်နောင်၏အဘိုးသည် ၂၆-၁၂-၂၀၀၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

I.B.S Co.,Ltd. မိသားစု။

ဦးထွန်းလှ
ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
ဒေသန္တရစက်မှုကြီးကြပ်ရေးနှင့် လုပ်ငန်းစစ်ဆေးမှုညွှန်ကြားရေးဦးစီးဌာန
စက်မှု(၁)ဝန်ကြီးဌာန
တရားပြဆရာကြီး(ဓမ္မဇောတိရိပ်သာ)
အသက်(၇၀)

ဒိုက်ဦးမြို့နေ (ဦးပါ-ဒေါ်အေးရွှေ)တို့၏သားထွေး၊ အမှတ် ၃၅၊ ဦးထွန်းမြတ်လမ်းနေ ဒေါက်တာဒေါ်ခင်ခင်ကလေး၏ခင်ပွန်း၊ (ဦးမောင်မောင်-ဒေါ်အေးခင်)၊(ဦးထွန်းတင်)-ဒေါက်တာဒေါ်လှကြည်၊ (ဦးထွန်းရှိန်)-ဒေါ်သိန်းတင်၊ ဒေါ်ခင်မြင့်တို့၏ ညီ/မောင်၊ ဦးကျော်ညိန်း-ဒေါ်တင်ကြည်၊ (ဦးတင်ထွန်း) - ဒေါက်တာ ဒေါ်ခင်ခင်နီ၊ ဒေါက်တာဒေါ်ခင်ခင်ဖြူ၊ ဒေါ်ခင်ခင်တင့်တို့၏ညီ/မောင်သည် အိန္ဒိယနိုင်ငံ ဓမ္မဂီရိတရားရိပ်သာ၌ ၂၆-၁၂-၂၀၀၃ရက် နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင်ပင် အိန္ဒိယနိုင်ငံ၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီး ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁-၁-၂၀၀၄ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ဇော်မြ
(သံတွဲ)
အသက်(၇၆)နှစ်

သံတွဲမြို့နေ (ဦးသာညွန့်-ဒေါ်နီ)တို့၏ သမီး၊ (ဦးကျော်ဖြူ)၏ဇနီး၊ (ဒေါ်မဇော်)၊ ဦးကျော်လှ၊ (ဦးကျော်ဘ)တို့၏ညီမ၊ ဒေါ်သန်းမေ(နဂါးနီ)၏ အစ်မ၊ ဒေါ်ခင်စောတင်၊ ဦးမောင်မောင်ကြီးတို့၏မိခင်၊ ကိုသိန်းညွန့်အောင်-မစမ်းလှဖြူ၊ မောင်မောင်ဇော်မင်း၊ ကိုကိုခိုင်-မခိုင်ခိုင်မြတ်၊ မယဉ်မင်းမင်း၊ မောင်သိန်းဦးဇော်၊ မနှင်းစုလှိုင်တို့၏ အဘွား၊မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည်၂၇-၁၂-၂၀၀၃ရက် (စနေနေ့) နံနက် ၇:၁၅နာရီတွင် မြောက်ဥက္ကလာပ ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၉-၁၂-၂၀၀၃ ရက် (တနင်္လာနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် မြောက်ဥက္ကလာပ ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(မြောက်ဥက္ကလာပ ဆေးရုံကြီးအအေးတိုက်မှ ကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးစည်သူ
အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်၊အမှတ်(၂)ရပ်ကွက်၊ တိုက်အမှတ် ၂၈၂၊ အခန်း ၈ နေ ဒေါ်ခင်ထွေးမော်၏ခင်ပွန်း၊(ဗိုလ်မှူးမြဥာဏ်-ဒေါ်နီနီခင်)တို့၏သား၊ ဦးခင်မောင်ကြည်- ဒေါ်လှတင်တို့၏ သားသမက်၊ ဒုဗိုလ်မှူးကြီးချိုထွန်း-ဒေါ်ခင်မာလာဥာဏ်၊ ဦးအေးချို-ဒေါ်ဥမ္မာဥာဏ်တို့၏မောင်၊ ဦးဇေယျ-ဒေါ်မြတ်မွန်ဥာဏ်၊ ဦးအောင်သူ-ဒေါ်ဝါဝါမြင့်၊ ဒေါ်လွင်မာဥာဏ်၊ မောင်အောင်မျိုးတို့၏အစ်ကို၊ တူ၊ တူမ ခုနစ်ယောက်တို့၏ ဦးလေးသည် ၂၆-၁၂-၂၀၀၃ ရက်တွင် အင်းစိန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁၂-၂၀၀၃ ရက် ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းလွဲ ၂:၄၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

နှစ်ဦးသဘောတူ
တရားဝင်ကွာရှင်းပြီးစီးခြင်း

ကျွန်မ ဒေါ်အေးမြတ်နွယ် (MDYNE-၀၀၆၀၃၈)နှင့် ဦးမြင့်ဟန် (EM DY-၃၂၃၂၅၄)တို့သည် ၁၆-၁၂-၂၀၀၃ ရက်တွင် နှစ်ဦးသဘောတူ တရားဝင်ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း။

ဒေါ်အေးမြတ်နွယ်
အမှတ် ၅၂၊ အေး၊
ဆရာစံလမ်း၊ ဗဟန်းမြို့နယ်
ဖုန်း-၅၅၅၂၁၆။

ဒေါ်ကျင်မေ (ဘားအံ)
အသက်(၉၅)နှစ်

ဦးဘူးရား-ဒေါ်ငယ်တို့၏ သမီး၊ (ဦးကျော်ရင်)၏ ဇနီး၊ ဦးရင်စွမ်း-ဒေါ်ကျင်သန်း တို့၏အစ်မ၊ (ဦးမောင်မြင့်)-ဒေါ်မြသန်း၊ ဦးအောင်မော်တင်-ဒေါ်ခင်ပြုံးရီ၊ ဒေါ်မြင့်မြင့်ဝေတို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ် ခြောက်ယောက်တို့၏အဘွားသည် ၂၆-၁၂-၂၀၀၃ ရက် (သောကြာနေ့)ည ၇:၃၀နာရီတွင် တိုက် ၆၊ အခန်း ၁၀၂၊ အောင်ချမ်းသာအိမ်ရာ၊ အရှေ့ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်တွင်ကွယ်လွန်သွားပါသဖြင့် ၂၈-၁၂-၂၀၀၃ရက် (တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဘရွှေ
စက်မှုလယ်ယာ(ငြိမ်း)
(ကြံခင်းမြို့)
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ အိမ်အမှတ် ၈၈၇ နေ (ဦးမောင်ညွန့်-ဒေါ်သိန်းချစ်)တို့၏သား၊ ဦးဘဇံ(RTC) - ဒေါ်တင်တင်လှ၊ ဦးတင်အေး-ဒေါ်ခင်ထားရွှေ(စက်မှုလယ်ယာ၊ရုံးချုပ်)၊ ဦးကြည်စိုး(မြန်မာရန်ကုန်ရှန်ဟိုင်းကုမ္ပဏီ)-ဒေါ်ဥမ္မာချိုတို့၏ဖခင်၊ မြေး နှစ်ယောက်တို့၏အဘိုးသည် ၂၆-၁၂-၂၀၀၃ ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၈-၁၂-၂၀၀၃ ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် သင်္ဃန်းကျွန်း စံပြဆေးရုံ အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်ဒါယိကာမကြီး
ဒေါ်သန်းနွယ်(ခ)
ဒေါ်အုန်းရှိန်
(မုဒုံမြို့၊ကော့ပရံကျေးရွာ)
အသက် (၆၉)နှစ်

ရန်ကုန်မြို့၊ အမှတ် ၃၃/၃ A၊ ၈၉ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးဆိုင်-ဒေါ်ကြူ)တို့၏ သမီး၊ (ဦးအဖတ်)၏ ဇနီး၊ ဒေါ်တင်တင်ရီ (အထက-၃၊မတည)၊ဒေါ်သန်းသန်းမြင့် (မြန်မာ့အာမခံလုပ်ငန်း)၊ ဦးအောင်မြင့်၊ ဒေါ်မြင့်မြင့်သိန်း၊ ဒေါ်အေးအေးမြင့် (Physio Therapist)၊ ဦးဆက်ပိုင်-ဒေါ်ခင်ချစ်မိုးတို့၏မိခင်၊ မခင်စန္ဒီဆွေ၊ မောင်ကောင်းကျော်ဆက်တို့၏ အဘွားသည် ၂၇-၁၂-၂၀၀၃ရက် နံနက် ၃:၁၀ နာရီတွင် ကွယ်လွန်သွားပါ၍၂၉-၁၂-၂၀၀၃ရက် (တနင်္လာနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများမွန်းလွဲ ၁:၄၅နာရီ တွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်မြဆွေ (ဗဟန်းဈေး)
အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ၃လမ်း၊ အမှတ် ၁၃/၂-B နေ(ဦးမောင်မြ-ဒေါ်ဖွားသင်) မြောင်းမြတို့၏သမီးထွေး၊ ဒေါ်ခင်မြအုန်း၊ ဒေါ်ခင်မြအေး၊ ဦးငွေသောင်း-ဒေါ်ခင်မြကြည်၊ ဒေါ်ခင်မြစိန် (အကောက်ခွန်)တို့၏ညီမထွေး၊ ဦးဌေးဝေ၏ဇနီးသည် ၂၇-၁၂-၂၀၀၃ ရက် (စနေနေ့) နံနက် ၆:၄၀ နာရီတွင် ဦးနှောက်နှင့်အာရုံကြောအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့်၂၉-၁၂-၂၀၀၃ရက်(တနင်္လာနေ့)ညနေ ၄နာရီတွင်ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်နှင့်ဗဟန်းဈေးမှကားများ မွန်းလွဲ ၂:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ရဲအုပ်ကိုကိုငွေး
စခန်းမှူး၊ရွှေကျင်မြို့နယ်၊ပဲခူးတိုင်း
အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ ကျိုက္ကဆံရဲရိပ်သာ၊ တိုက် ၁၄၊အခန်း(ခ)နေ ဦးထွန်းခင်(ဘဏ်-၂၊ ငြိမ်း)-ဒေါ်လှကြည်တို့၏သား၊ (ဦးပါကြီး)- ဒေါ်သန်းတင်တို့၏သားသမက်၊ ရဲအရာခံ သန်းသန်းငွေး(ရေး-၃၊ နရခ)၏ခင်ပွန်း၊ ဦးစိုးဦးဖြူ(MPF)-ဒေါ်မိမိခင်၊ (ဦးကိုကိုထွေး)၊ (ဦးကျော်စွာထွန်း)၊ မအိအိခင် တို့၏အစ်ကို၊ မောင်ဟိန်းကိုကို(စက်ပစ္စည်းရုံ၊မြန်မာ့သဘောကျင်းလုပ်ငန်း)၊ မောင်ကောင်းစည်သူတို့၏ ဖခင်သည် ၂၆-၁၂-၂၀၀၃ ရက် (သောကြာနေ့) နံနက် ၈ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၃၀-၁၂-၂၀၀၃ ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်နွဲ့
(တောင်ကုတ်)
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဘောဂရပ်ကွက်၊ ဗားကရာလမ်း၊ အမှတ် ၇၀ နေ (ဦးဖိုးကျား-ဒေါ်စိန်မျှင်)တို့၏သမီး၊ ရွှေပန်းထိမ်ဆရာကြီး (ဦးကျော်ပိန်)၏ ဇနီး၊ ဦးမြတ်ကျော်-ဒေါ်သောင်းမြင့်၊ ဦးမောင်မှတ်-ဒေါ်နွဲ့နွဲ့ရီ၊ (ဦးရွှေမြ)-ဒေါ်နွဲ့နွဲ့ကြည်၊ ဦးမြတ်ထွေး-ဒေါ်စန်းစန်းရည် တို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ် တစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၆-၁၂-၂၀၀၃ ရက်တွင် ကွယ်လွန်သွားပါ၍၃၀-၁၂-၂၀၀၃ ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေး တိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

တန်လျှံဟုတ်(ခ)ဦးတင်ဝင်း
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၅ လမ်း၊ အမှတ် ၅၃နေ [ဦးတန်မွန်ကေ(ခ) ဦးဘိုကေ-ဒေါ်ငေါ်ချိုက်]တို့၏ သား၊ ဦးရန်ကင်း-ဒေါ်ကျင်မေ၊ ဦးဘိုးမြင့်-ဒေါ်ရှုဟွာတို့၏ အစ်ကိုကြီး၊ ဒေါ်ရှုတွမ်၏ ခင်ပွန်း၊ (ကိုတင့်လွင်)၊ (ကိုချစ်လွင်)၊ မစန်းစန်းယဉ်၊ ကိုရဲထွန်းတို့၏ ဖခင်သည် ၂၇-၁၂-၂၀၀၃ ရက် နံနက်၉:၂၀ နာရီတွင်အာရှတော်ဝင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါသဖြင့်၂၉-၁၂-၂၀၀၃ ရက် (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။)နေအိမ်မှ ကားများ နံနက် ၉:၃၀ နာရီ တွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး
ဦးကျော်
သစ်လုပ်ငန်း (ငြိမ်း)
(ဟုမ်းလမ်းကျောင်းသားဟောင်း)
အသက်(၆၉)နှစ်

ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်၊ ဆင်ခြံ ကျေးရွာနေ (ဦးသာကြိုင်-ဒေါ်ထွန်း)တို့၏ သား၊ ကြည့်မြင်တိုင်နေ (ဦးအောင်သိန်း-ဒေါ်လှနု)တို့၏ သားသမက်၊ဦးစန်းဝေ၊ဦးမြင့်ဦးတို့၏အစ်ကို၊ ဒေါ်လှလှသန်း (စက်မှု ကြီးကြပ်)၏ ခင်ပွန်း၊မောင်အောင်အောင်ကျော်၊ မဆွေဆွေယဉ်၊ မောင်မောင်ဦး-မယဉ်ယဉ်ကျော်၊ မောင်ဇော်ရှိုင်း၊ မနွယ်နီဝင်း၊ မောင်သန်းကျော်-မစမ်းသီတာတို့၏ ဖခင်၊ မြေး ခြောက်ယောက်တို့၏ အဘိုးသည် ၂၇-၁၂-၂၀၀၃ ရက်တွင် သရဖီလမ်း၊ အမှတ်(၁၃၀၅)၊ (၃၄)ရပ်ကွက်၊ မ/ဒဂုံ နေအိမ်တွင် ကွယ်လွန်သွားပါ၍ ၂၉-၁၂-၂၀၀၃ ရက် ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်းဒါယကာကြီး
ဦးစစ်ခိုင်
အသက်(၆၈)နှစ်

မော်လမြိုင်မြို့၊ ဒိုင်းဝန်ကွင်း၊ ကျိုက်ဖနဲ ဘုရားလမ်း၊ အမှတ် ၄၉နေ ဒေါ်မြအေး၏ ခင်ပွန်း၊ ဒေါ်မြင့်မြင့်ခိုင်၊ ဦးလှဝေ-ဒေါ်ညွန့် ညွန့်ခိုင်၊ ဒေါ်မိမိခိုင်၊ ဦးဇော်နိုင်-ဒေါ်ခင်အေးသန့်၊ ဦးသန်းထိုက်-ဒေါ်တင်တင်ထွေး၊ ဗိုလ်ကြီးမျိုးသန့်-ဒေါ်မေသော်တာအေး၊ မောင်မင်းမင်းထွန်း၊ မဖြိုးသူသူခိုင်တို့၏ ဖခင်၊ မြေး ၁၀ ယောက်တို့၏ အဘိုးသည် အထက်ပါနေအိမ်၌ ၂၆-၁၂-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍၂၈-၁၂-၂၀၀၃ ရက် မွန်းလွဲ၂နာရီ တွင် မော်လမြိုင်မြို့ မုရောင်းဟုတ်တိတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ခင်အေးဆွေ(ခ)ဒေါ်ဂျမ်း
(မကွေး)
အသက်(၆၃)နှစ်

မကွေးမြို့၊ ပွဲကြိုရပ်နေ (ဦးညွန့်-ဒေါ်သန်း) တို့၏ သမီး၊ ပွင့်ဖြူမြို့နေ ဒေါ်စန်း၊ ဦးစိန်တင်၊ (ဒေါက်တာတင်မောင်မြင့်)တို့၏ညီမ၊ မင်းဘူး မြို့နေ ဦးစိုးမြင့်(နေပြည်တော်စတိုး)၊ ဒေါ်ဝမ်းတို့၏အစ်မ၊ (ဦးအောင်စည်)၏ ဇနီး၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်အိမ်ရာ၊ တိုက် ၈၊ အခန်း ၆ နေ ကိုကျော်သန်းထိုက် - မကလျာတို့၏ မိခင်သည် ၂၇-၁၂-၂၀၀၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့်ယင်းနေ့မွန်းတည့် ၁၂နာရီတွင်ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီး စီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း ဒါယိကာမကြီး
ဒေါ်လှမြင့် (ပဲခူး)
အသက်(၈၅)နှစ်

ပဲခူးမြို့နေ (ဦးသာရင်-ဒေါ်ရင်) တို့၏သမီး၊ ရန်ကုန်မြို့၊ အမှတ် ၆၊ မောင်းတန်းလမ်း၊ ရေကျော်၊ ပုဇွန်တောင်နေ (ဦးစံဖူး)၏ ဇနီး၊ ဦးထွန်းအောင်၊ ဒေါ်ကြည်ကြည်ခင်၊ ဦးရဲမြင့်၊ ဒေါ်မြင့်မြင့်ကြည်(မြင့် ပန်းအလှဆိုင်)၊(ဦးရဲတင့်)၊ ဦးမိုးမြင့်၊ ဒေါ်စီစီခင်၊ ဦးတင်ထွန်း(ခ) ကိုတိုး၊ဒေါ်လှငွေး(ပစ်တိုင်းထောင်အထည်ဆိုင်၊ မင်္ဂလာဈေး)၊ ဒေါ်ယဉ်ယဉ်မေ(ခ) မတူးမာ၊ဦးသိန်းဝင်း(ခ)ကိုသက်၊ဒေါ်ညွန့်ညွန့်စိန်၊ ဦးမြင့်ခိုင်၊ ဒေါ်ဝါဝါတို့၏မိခင်၊ မြေး ၁၃ယောက်၊ မြစ်သုံးယောက်တို့၏ အဘွားသည် ၂၇-၁၂-၂၀၀၃ရက်(စနေနေ့) နံနက် ၆:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၉-၁၂-၂၀၀၃ရက် (တနင်္လာနေ့)နံနက်၁၁နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက်၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာ
ဦးစောဦး
အား/ကာ(ငြိမ်း)
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ အောင်ဆန်းအားကစားပြိုင်ဝင်း ဝန်ထမ်းအိမ်ရာ A (၈)နေ (ဦးအောင်ဒွန်း-ဒေါ်နှင်းမယ်)တို့၏သား၊ ဒေါ်ခင်မြ၏ခင်ပွန်း၊ ဒေါ်မြင့်မြင့်ကြည် (အား/ကာ၊ငြိမ်း)-ဦးသိန်းနိုင် (ဆောက်လုပ်ရေး)၊ ဦးမြင့်သိန်း(အား/ကာ)-ဒေါ်ဘိုမ၊ ဦးရဲမြင့်(ငြိမ်းချမ်းရေးယာဉ်လိုင်း)-ဒေါ်နုနုရီ(အား/ကာ)၊ ဒေါ်ယုယုမော်(အား/ကာ)တို့၏ဖခင်၊ မြေး ၁၀ယောက်၊ မြစ် တစ်ယောက်တို့၏ အဘိုးသည် ၂၇-၁၂-၂၀၀၃ ရက် (စနေနေ့) နံနက် ၂ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၁၂-၂၀၀၃ ရက်(တနင်္လာနေ့)မွန်းတည့် ၁၂ နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်မြမေ
(ညောင်ဝိုင်းကြီး)
အသက်(၇၅)နှစ်

ညောင်တုန်းမြို့နယ်၊ညောင်ဝိုင်းကြီးရွာနေ (ဦးဘု-ဒေါ်စောမြိုင်)တို့၏ သမီး၊ အင်းစိန်မြို့နယ်၊အောင်ဆန်းကျောင်းကုန်းရပ်ကွက်၊ ၁ လမ်း၊ အမှတ် ၁၁၂၅ နေ (ဦးထွန်းရင်)၏ ဇနီး၊ ဒေါ်သိန်းလှ (PPE°၊အောင်ဆန်း)-(ဦးသောင်းဟန်)၊ ဦးထွန်းရွှေ (PPE°၊ စာပေဗိမာန်)၊ ဦးစန်းမြတ် (PPE၊ ရုံးချုပ်)-ဒေါ်မြင့်မြင့်ကြည်၊ စောဖောသူး-မမော်မော်အေးတို့၏ မိခင်၊ မြေးကိုးယောက်တို့၏ အဘွားသည် ၂၆-၁၂-၂၀၀၃ ရက် (သောကြာနေ့) ည ၁၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၂-၂၀၀၃ ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ယောနယ်အသင်း(ရန်ကုန်)
ဒေါ်မြစု (ကန်ရွာ)
(မြစ်သာအော့ဖ်ဆက်)
အသက်(၅၅)နှစ်

မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်၊ ကန်ရွာနေ ဦးဖေမောင်-ဒေါ်အေးဝတို့၏ သမီး၊ ဒေါ်မြကြိုင်၊ ဒေါ်မြပို၊ ဒေါ်မြပုတို့၏ ညီမ၊ ရန်ကုန်မြို့၊ ၁၇ လမ်း၊ အမှတ် ၁၄၀ နေ ဦးအောင်မြ (ယောနယ်အသင်း ဂုဏ်ထူးဆောင်အသင်းဝင်-၁) ၏ ဇနီး၊ ဗိုလ်ကြီးနေမျိုးအောင် (OTT)၊ မခင်မျိုးအောင်၊ မောင်ဝေဖြိုးအောင်၊ မပပစုအောင်၊ မောင်သန်းကျော်စုအောင်တို့၏ မိခင်သည် ၂၆-၁၂-၂၀၀၃ ရက် (သောကြာနေ့) ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၂-၂၀၀၃ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီ တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များ ပို့ဆောင်နိုင်ရန် အကြောင်းကြားပါသည်။ (အမှတ် ၈၄၊ ၁၇ လမ်း နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့။

ဘုရား၊ရဟန်း၊ကျောင်း ဒါယိကာမကြီး
ဒေါ်သန်းညွန့်
အသက်(၈၅)နှစ်

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂) ရပ်ကွက်၊ မိဂသီလမ်း၊ အမှတ်၂၈၀နေ (ဦးပု-ဒေါ်ကြိုင်)တို့၏ သမီး၊ (ဒေါ်ခင်စော)၊ ဦးကြင်-ဒေါ်ခင်အေး၊ ဒေါ်စန်းရီ၊ (ဦးစိုးဝင်း)၊ ဦးတင်အောင်-ဒေါ်ငွေးငွေးမြင့်၊ ဦးခင်ဇော် (Uniteam) - ဒေါ်ငွေးငွေးတင့် (S.E.C.D)၊ ဦးခင်မောင်လွင် (Uniteam)-ဒေါ်ငွေးငွေးဝင်း (S.E.C.D)၊ ဦးကိုကိုမောင်(New Asian)-ဒေါ်ကေသီအေးတို့၏မိခင်၊ မြေး ၂၀ ယောက်၊ မြစ်ရှစ်ယောက်တို့၏အဘွားသည် ၂၇-၁၂-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၂၉-၁၂- ၂၀၀၃ရက် ညနေ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းလွဲ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်သိန်းရှင် (ထားဝယ်)
အသက်(၈၀)

ထားဝယ်မြို့၊မြောက်ရွာရပ်၊အာဇာနည်လမ်း၊ အမှတ်၇၀၀နေ (ဦးချိန်ဘွန်)၏ ဇနီး၊ ဦးခင်ဇော်-ဒေါ်မာမာလွင်၊ ဒေါ်မာလာဝေ၊ ဒေါ်သန္တာဝေတို့၏မိခင်၊ မသဲစုဇော်၊ မောင်မှူးဇော်၊ မသက်ဖူးဇော်တို့၏ အဘွားသည် ၂၇-၁၂-၂၀၀၃ရက် နံနက် ၈:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၂-၂၀၀၃ရက် မွန်းလွဲ ၂နာရီတွင် ဝဲကျွန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးရှုချင် (လပွတ္တာမြို့)
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ အမှတ် ၅၉၊ ၁၃ လမ်း၊ လမ်းမတော်နေ (ဦးအိန္နန်း-ဒေါ်ရွှေအိမ်)တို့၏သား၊ ဦးစီစီး-(ဒေါ်ယုကေ)တို့၏ သားမက်၊ဒေါ်ညွန့်ရင်၏ခင်ပွန်း၊ဦးကျင်အောင်-ဒေါ်လတ်ခင်တို့၏ မောင်၊ ဦးဆက်တင်-ဒေါ်တင်တင်မြင့်၊ ဦးကင်ယွန်း-ဒေါ်လက်တင်၊ ကိုရှုမီးတို့၏ အစ်ကို၊ မောင်တုံတုံ-မယဉ်ယဉ်ဝင်း၊ မောင်ကစ်ဖိန်-မစန်းစန်းဝေ၊မောင်သန့်ဇော်ဟိန်း-မမေဟွန်း၊ မောင်ကစ်တိုက်တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၂၆-၁၂-၂၀၀၃ရက် (သောကြာနေ့) နံနက် ၁:၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၈-၁၂-၂၀၀၃ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (၁၃ လမ်းနေအိမ်မှ နံနက် ၉:၃၀ နာရီတွင် ကားများ ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ယောနယ်အသင်း(ရန်ကုန်)
ဒေါ်မြစု (ကန်ရွာ)
(မြစ်သာအော့ဖ်ဆက်)
အသက်(၅၅)နှစ်

မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်၊ ကန်ရွာနေ ဦးဖေမောင်-ဒေါ်အေးဝတို့၏သမီး၊ ဒေါ်မြကြိုင်၊ ဒေါ်မြပို၊ ဒေါ်မြပုတို့၏ညီမ၊ ရန်ကုန်မြို့၊ ၁၇ လမ်း၊ အမှတ် ၁၄၀ နေ ဦးအောင်မြ(မြစ်သာ အော့ဖ်ဆက်)၏ဇနီး၊ ဗိုလ်ကြီးနေမျိုးအောင်(OTT)၊ မခင်မျိုးအောင်၊ မောင်ဝေဖြိုးအောင်၊ မပပစုအောင်၊ မောင်သန်းကျော်စုအောင်တို့၏မိခင်သည် ၂၆-၁၂-၂၀၀၃ရက် (သောကြာနေ့) ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၂-၂၀၀၃ ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ် ၈၄၊ ၁၇ လမ်းနေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကျော်ဝင်း (ထားဝယ်)
အသက်(၅၀)

ထားဝယ်မြို့၊မြောက်ရွာရပ်၊ရွှေတောင်စားလမ်း၊ အမှတ် ၁၀၃၇ နေ (ဦးဘချော)-ဒေါ်ပိုတို့၏သား၊ ဦးဖေကြည်-ဒေါ်မြကြည်တို့၏သားသမက်၊ ဒေါ်ညွန့်ရီ၊ ဒေါ်တင်ညွန့်တို့၏မောင်၊ ဒေါ်မေမေဝင်း၏ခင်ပွန်း၊ မဇင်မို့မို့သင်း၏ ဖခင်သည် ၂၄-၁၂-၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၂၆-၁၂-၂၀၀၃ရက်(သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်နန်းဆာ(ခ)
ဒေါ်ကျန်းမာရင်း
(ကျောက်မဲမြို့)
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ၈၆/၃၀၊ ဓာတိကလမ်း၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်နေ ဦးခွန်နောင်-ဒေါ်ခင်ပြုံးခိုင်၊ ဦးဝင်းမြင့်-ဒေါ်နန်းငွေကြူ၊ ဦးလှဦး-ဒေါ်ဝမ်ရှိုတို့၏ မိခင်၊ မြေး ၁၂ ယောက်တို့၏အဘွား၊ ကျောက်မဲမြို့နေ(ဦးဝမ်လီပွဲ)၏ဇနီးသည် ၂၆-၁၂-၂၀၀၃ရက် (သောကြာနေ့) မွန်းလွဲ ၁၂:၄၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၃၀-၁၂-၂၀၀၃ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁-၁-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၈ နာရီမှ ၁၂နာရီအထိ နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒုရဲမှူးကြီးထွန်းရီ (ငြိမ်း)
(ထားဝယ်)
အသက်(၇၄)နှစ်

ထားဝယ်မြို့၊ အနောက်ရပ်၊ မြို့တွင်းလမ်းနေ (ဦးသာဒွန်းညို-ဒေါ်ညွန့်)တို့၏ သား၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ၄၀ လမ်း၊ အမှတ် ၁၃၁ နေ (ဒေါ်သန်းသန်းရီ)၏ခင်ပွန်း၊ ဒေါ်ရီရီ၏မောင်၊ (ကိုတင်ရှိန်-မမြမြစိန်)၊ ကိုတင်နိုင်၊ ကိုတင်ထွန်း(Total E & P Myanmar)-မခင်နီလာအောင်၊ ကိုအောင်စိုး၊ ကိုအောင်မြတ်ကို-မအေးအေးသန်း (စီးပွားရေးတက္ကသိုလ်)၊ ကိုဝဏ္ဏကျော်သူဝင်း-မမြတ်မြတ်ထွန်းတို့၏ဖခင်၊မြေးလေးယောက်တို့၏အဘိုးသည် ၂၆-၁၂-၂၀၀၃ရက် နံနက် ၀၀:၀၅ နာရီတွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၈-၁၂-၂၀၀၃ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁:၃၀ နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်စိန်
(ဝါးခယ်မ၊ ရွှေလောင်း)
အငြိမ်းစား၊ ဘဏ္ဍာရေးမှူး၊ စက်မှု(၁)
သမိုင်းချည်မျှင်နှင့်အထည်စက်ရုံ
အသက်(၇၀)

ဝါးခယ်မမြို့နယ်၊ ရွှေလောင်းရွာမနေ (ဦးဘစိန်း-ဒေါ်သန်းခင်)တို့၏ သား၊ ကျိုက်လတ်မြို့နေ (ဦးမောင်သွင်-ဒေါ်အေးမေ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ အမှတ် ၂၀၂/က၊ သမိန်ဗရမ်းလမ်း၊ (၇)ရပ်ကွက်၊ရွှေပြည်သာမြို့နေ ဒေါ်တင်သိန်း၏ခင်ပွန်း၊ ဦးမျိုးသန့်-ဒေါ်နှင်းနှင်းထွေး၊ ဒေါ်မော်မော်သန်း၊ (ဦးထွန်းထွန်းအောင်)၊ ဒေါ်တင်တင်ခိုင်-ဦးထွန်းထွန်းကျော်တို့၏ဖခင်၊ မသီရိမျိုးသန့်၊ မနှင်းသဇင်မျိုးသန့်၊ မမြတ်သီရိမျိုးသန့်၊ မောင်ချမ်းမြေ့ထွန်းတို့၏ အဘိုးသည် ၂၆-၁၂-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါသဖြင့်၂၈-၁၂-၂၀၀၃ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမြသန်း (လေးလေး)
စက်မှုကျွမ်းကျင်(၄)
ယာဉ်စု-၁၊စက်ရုံနှင့်မော်တော်ယာဉ်ဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
အသက်(၅၁)နှစ်

ခနော်ဖြူမြို့နယ်၊ စံကင်းကျေးရွာနေ (ဦးငြိမ်း-ဒေါ်လှရင်း)တို့၏သား၊ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကံဘဲ့စည်ပင်အုတ်လိုင်း ၁၊ အခန်း ၃ နေ (ဦးခင်မောင်)-ဒေါ်တင်လှိုင်တို့၏မောင်၊ဦးချစ်သိန်း-ဒေါ်စုစုနိုင်၊ ဦးမြင့်ငွေး-ဒေါ်ခင်မိုး၊ ဦးဝင်းမြင့်-ဒေါ်ခင်နိုင်၊ ဦးစိုးပိုင်-ဒေါ်စုစုလှိုင်၊ ဦးမျိုးသူ-ဒေါ်အေးအေးသန်း၊ မနီနီကျော်ဝင်းတို့၏ဦးလေး၊ တူ တူမ ၁၀ ယောက်တို့၏ ဘကြီးသည် ၂၅-၁၂-၂၀၀၃ရက် ညနေ ၃ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၁၂-၂၀၀၃ရက် (တနင်္လာနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

ပြည်ထောင်စုမြန်မာနိုင်ငံတော်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အီရန်သမ္မတထံစာနာထောက်ထားကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဒီဇင်ဘာ ၂၇

အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံတွင် ၂၀၀၃ ခုနှစ် ဒီဇင်ဘာ၂၆ရက်က ကျရောက်ခဲ့သော ကြီးမားသည့်ငလျင်ဘေးဒဏ်ကြောင့် အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရခြင်းအတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဆရစ် မိုဟာမက် ခါတာမီထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

၂၀၀၃-၂၀၀၄ ပညာသင်နှစ်ပညာရေးစုံညီပွဲတော်ဖွင့်ပွဲအခမ်းအနားကျင်းပ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်ချီးမြှင့်

ရန်ကုန် ဒီဇင်ဘာ ၂၇

ပညာရေးဝန်ကြီးဌာန၏၂၀၀၃-၂၀၀၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်စနာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ စိန်ရတုခန်းမဌကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌနိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

တက်ရောက်ချီးမြှင့်

မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌနိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပညာရေးဝန်ကြီးဌာန၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

အတွင်းရေးမှူး(၁)နှင့်အတွင်းရေးမှူး(၂) မောင်မြန်မာ၊မယ်မြန်မာပြိုင်ပွဲကြည့်ရှုအားပေး

ရန်ကုန် ဒီဇင်ဘာ ၂၇

မြန်မာနိုင်ငံကာယဗလနှင့်ကာယအလှအဖွဲ့ချုပ်ကကြီးမှူးကျင်းပသည့် ၂၀၀၃ ခုနှစ် မောင်မြန်မာ၊ မယ်မြန်မာပြိုင်ပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့တော်ခန်းမ ပထမထပ်ရှိ ခန်းမကြီး၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်တို့ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများချီးမြှင့်သည်။

အဆိုပါ ၂၀၀၃ခုနှစ် မောင်မြန်မာ၊ မယ်မြန်မာပြိုင်ပွဲသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်၏ ဇနီး ဒေါ်စံယုံ၊ ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ ဒုတိယဥက္ကဋ္ဌဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါနှင့် ကော်မတီဝင်များ၊ ၎င်းတို့၏ဇနီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် ဇနီး၊ မြန်မာနိုင်ငံကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်ဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်အောင်နှင့် အဖွဲ့ချုပ် အမှုဆောင်များ၊ ရန်ကုန်မြို့ရှိ သံရုံးအသီးသီးမှ ဖိတ်ကြားထားသူများ၊ တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင်များ၊ ကာယဗလနှင့် ကာယအလှ အားကစားဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ❑

၂၀၀၃ ခုနှစ် မယ်မြန်မာပြိုင်ပွဲတွင် ဒုတိယရရှိသော အောင်မေဦး၊ ပထမရရှိသော မေပွင့်လှိုင်၊ တတိယရရှိသော မီမီအောင်(ဝဲမှယာ)တို့အား ဆုယူအပြီးတွေ့ရစဉ်။ (အပေါ်ဝဲပုံ) (မြန်မာ့အလင်း)

အထက(၁)ဒဂုံ ကျောင်းသား ကျောင်းသူများ၏ "ရုပ်ကြီးစင်သူငယ်တော်"အက (အပေါ်ပုံ) နှင့် အမက(၂) ကမာရွတ်ကျောင်းသူလေးများ၏ စုံစုံလင်လင် ဆွမ်းအုပ်အသွင် အက(အပေါ်ယာပုံ)တို့ဖြင့် ကပြတင်ဆက်စဉ်။ (မြန်မာ့အလင်း)

(၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့အကြိုဂုဏ်ပြုဆောင်းပါးနှင့် မှတ်တမ်းတင်ဓာတ်ပုံ

"စင်စစ် မြန်မာတိုင်းရင်းသားပြည်သူတို့၏ ရင်ထဲတွင် မွေးရာပါ ဇာတိသွေး၊ အမွေခံစိတ်ဓာတ်အဖြစ် အမျိုးထိလျှင် မချိအောင်နာတတ်ကြသော ဇာတိမာန်တို့ ရှိခဲ့ပြီးဖြစ်သည်။"

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး **"သမိုင်း တစ်ခေတ် နိုင်ငံသစ်ဆီသို့"** ကို စာမျက်နှာ(၈နှင့်၉)တွင်ဆက်လက်ဖော်ပြထားပါသည်။**(မြန်မာ့အလင်း)**

28-12 (20).p65 1 3/26/05, 9:46 PM